ကြေးမုံ
The Mirror Daily
ဝဋ္ဋက္ခမဖြိုက်စေတွင် စတင်တည်ထောင်သည်။ Established in 1957

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday, 12 September 2020 ၁၀၁၃၃

# ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် Covid-19 ရောဂါထိန်းချုပ်ရေးကာလ မဲဆွယ်စည်းရုံးရာတွင် ကျန်းမာရေးပစ္စည်းများဖြန့်ဝေခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၉ / ၂၀၂၀)
၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၁ ရက်)

**၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် Covid-19 ရောဂါထိန်းချုပ်ရေးကာလ မဲဆွယ်စည်းရုံးရာတွင် ကျန်းမာရေးပစ္စည်းများဖြန့်ဝေခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ခြင်း**

၁။ လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကာလအတွင်း စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် Covid-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ Covid-19 ရောဂါကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများနှင့် ကျန်းမာရေး စံလုပ်ငန်းလမ်းညွှန်(Standard Operating Procedure – SOP) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၂။ ထိုသို့မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရာတွင် အဆောက်အဦများအတွင်းနှင့် ပြင်ပနေရာများတွင် သတ်မှတ်ထားသည့် လူဦးရေ အရေအတွက်ဖြင့် စုဝေးမဲဆွယ်ပွဲပြုလုပ်သည့် အခမ်းအနား၌ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)များ၊ မျက်နှာအကာ(Face Shield)များ၊ အယ်လ်ကိုဟောပါဝင်သည့် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)များနှင့် လက်အိတ်(Glove)များကို မဲဆန္ဒရှင်များအား ဖြန့်ဝေခြင်းဖြစ်လျှင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်းဖော်ပြရန် မလိုပါ။

၃။ အထက်ဖော်ပြပါ မဲဆွယ်စည်းရုံးရေးအခမ်းအနားများ၌ ဖြန့်ဝေခြင်းမှအပ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များက အခြားနည်းဖြင့် မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်း၍ အထက်ပါပစ္စည်းများအတွက် မိမိတို့ကိုယ်တိုင် ပေးချေရသော အမှန်ကျခံသုံးစွဲသည့် ကုန်ကျစရိတ်ဖြစ်လျှင် သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ထည့်သွင်းသုံးစွဲရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်



ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိလာကြသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၈ ဦးအား စင်ကာပူမြို့ မြန်မာသံရုံးမှ စီစဉ်သည့် (၁၇)ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**ပြန်လည်ရောက်ရှိ**

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၀ ဦး အပါအဝင် ဂရိနိုင်ငံ၏ SEA TRADERS S.A သင်္ဘောကုမ္ပဏီပိုင် MV ALONISSOS သင်္ဘောပေါ်တွင် အမှုထမ်းခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာသင်္ဘောသား ၂၂ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၃၂ ဦးအား မနီလာမြို့ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖**

## MPT Myanmar National League 2020 ဘောလုံးပွဲစဉ် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

MPT Myanmar National League 2020 ပွဲစဉ်(၁၅)၏ ပွဲစဉ်များအနက် အား/ကာသိပ္ပံအသင်းနှင့် ရော်ဝတီ United အသင်းတို့သည် စက်တင်ဘာ ၁၂ ရက် ညနေ ၃ နာရီခွဲမှစတင်၍ ရန်ကုန်မြို့ရှိ YUSC ကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား(MRTV)နှင့် MRTV Sports Channel တို့တွင် ယင်းနေ့ညနေ ၃ နာရီမှစတင်၍ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ ယနေ့ ဖတ်စရာ

**အသေးစား စက်မှုလက်မှုလုပ်ငန်း ၁၅၃၀၆ ခု မှတ်ပုံတင်ခွင့်ပြု**
စာမျက်နှာ » ၃

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**
စာမျက်နှာ » ၇

**မိုက်ကရိုဖုန်းပေါ်မှ မျက်ရည်စက်များ**
ဆောင်းပါး စာမျက်နှာ » ၉

**ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှားများရေးသားမှု တွစ်တာက ဖယ်ရှားသွားမည်**
စာမျက်နှာ » ၁၂



**ဘရက်ဆစ်အလွန် ပထမဆုံးသော ကုန်သွယ်ရေးသဘောတူညီချက် ဗြိတိန်နှင့် ဂျပန် ရရှိ**
စာမျက်နှာ » ၁၃

# ကြေးမုံ

## ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်

ကလေးသူငယ်များသည် အပြစ်ကင်းစင်သော လူမမည်အရွယ်များဖြစ်သည်။ မွေးဖွားစဉ်ကတည်းက စိုးရိမ်ထိတ်လန့်ကြောက်ရွံ့တတ်ကြသည်။ မိခင်ရင်ခွင်အတွင်း နွေးထွေးစွာနေထိုင်တတ်ကြပြီး မိဘအုပ်ထိန်းသူတို့၏ စောင့်ရှောက်မှုဖြင့် ကြီးပြင်းလာကြသည်။ ကလေးသူငယ်များသည် မိဘအုပ်ထိန်းသူများ၏ ရပ်တည်နေထိုင်ရာ လူမှုပတ်ဝန်းကျင် လုံခြုံစိတ်ချမှု၊ ပတ်ဝန်းကျင်၏လူမှုစီးပွားဘဝနှင့် အသိဉာဏ်ပညာမြင့်မားမှုတို့အပေါ် မူတည်၍ ကလေးသူငယ်များ၏ဘဝများကို အဆုံးအဖြတ်ပေးနိုင်ပေသည်။

ကလေးသူငယ်တို့၏ ရှင်သန်မှုဘဝများ အနိမ့်အမြင့်အမျိုးမျိုးရှိသည် ဆိုရာ၌ မငြိမ်းချမ်းသောဒေသများရှိ ကလေးသူငယ်များ၏ ရှင်သန်မှုဘဝများမှာ အခြားအခြေအနေအမျိုးမျိုးနှင့်မတူ စိုးရိမ်ဖွယ်ရာ၊ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ရသည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း၌ ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရရှိစေမှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများ ရှိတတ်သည်ဖြစ်ရာ ယင်းတို့ကိုကာကွယ်တားဆီးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံချက်ဖြင့် အကောင်အထည်ဖော်နေသည်။

မြန်မာနိုင်ငံတွင် အချို့ဒေသများ၌ လက်နက်ကိုင်ပဋိပက္ခများရှိနေဆဲဖြစ်၍ ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများ မဖြစ်စေရန် တားဆီးကာကွယ်ပေးရန် လိုအပ်သည်။ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်းပြီး ကာကွယ်စောင့်ရှောက်နိုင်အောင် ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံအစည်းအဝေးများကျင်းပ၍ အကောင်အထည်ဖော်လျက်ရှိရာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)တွင် လူမှုရေးကဏ္ဍအခြေခံမူ သဘောတူညီချက် (၇)ချက်ကို ချမှတ်ထားသည်။

ထိုသဘောတူညီချက် (၇) ချက်တွင် ကလေးသူငယ်အခွင့်အရေးရရှိရန်နှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေးသူငယ်များအတွက် ကြီးလေးသောချိုးဖောက်မှု (၆) ချက်ပပျောက်ရေးကိုဦးတည်၍ စီမံချက်များချမှတ်ဆောင်ရွက်ရန်အချက်များ ပါဝင်သည်။ ထိုအချက်များကို လိုက်နာဆောင်ရွက်နိုင်အောင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ တားဆီးကာကွယ်ရေးကော်မတီက အလေးထားဆောင်ရွက်နေသည်။

၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ၏ ကလေးသူငယ်ဥပဒေကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအဖြစ် အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သည်။ ထိုဥပဒေကိုအတည်ပြုနိုင်ရေး လွှတ်တော်တွင် ဆောင်ရွက်ခဲ့ပြီး ဥပဒေသစ်အခန်း (၁၇) တွင် ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှု (၆) ရပ်အား ကျူးလွန်ပါက အရေးယူဆောင်ရွက်ရမည့် ပြစ်မှု၊ ပြစ်ဒဏ်များကို ထည့်သွင်းဖော်ပြထားသည်။ ကလေးဆိုသည်မှာ အသက် ၁၈ နှစ်အောက်ရှိသူများဖြစ်ပြီး မွေးဖွားပြီးသည်မှ အရွယ်ရောက်သည်အထိ ကလေးအဖြစ်သတ်မှတ်နိုင်ရာ ကလေးများအားလုံးကို ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတစ်ဦးချင်း၏ အခွင့်အရေးများကို အာမခံနိုင်သော စစ်မှန်သည့်ဒီမိုကရေစီအစိုးရဖြစ်ထွန်းလာရန် ကြိုးပမ်းလျက်ရှိသည်။ ကလေးသူငယ်ဘဝမှစ၍ သက်ကြီးရွယ်အိုဘဝအထိတိုင်အောင် လူမှုကာကွယ်စောင့်ရှောက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လာရာ အစိုးရငါးနှစ်တာသက်တမ်းကာလအတွင်း လူတစ်ဦးချင်းစီ၏ အခွင့်အရေးများရရှိနိုင်အောင် ဖော်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပဋိပက္ခများရှိနေသေးရာ ကာကွယ်စောင့်ရှောက်ရန်လိုအပ်နေသည့် ကလေးသူငယ်အရေးအတွက် မြင့်မားနေသည်။ ယခုအခါ ပဋိပက္ခဒေသများတွင် သာမက မြို့ရွာများတွင်ပါ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ကလေးသူငယ်များတွင် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်အရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ခွင့်ဟူသော အခွင့်အရေး လေးမျိုးကို ရရှိနိုင်အောင်ဆောင်ရွက်ပေးရမည် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် အစောင့်အရှောက်ခံပိုင်ခွင့်များကို အာမခံနိုင်သော မူဝါဒသစ်များ၊ ဥပဒေသစ်များလည်းချမှတ်ထားပြီး လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်မှ အောင်မြင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ရပ်ရွာမငြိမ်းချမ်းမှု၊ လူမှုစီးပွားမဖွံ့ဖြိုးမှု၊ လက်နက်ကိုင်ပဋိပက္ခများရှိနေမှုတို့ကြောင့် ကလေးသူငယ်များ၏ဘဝများ အာမခံချက်လျော့နည်းနေရမှုများကို ကျော်လွှားနိုင်ရန်အတွက် ရပ်ရွာအေးချမ်းသာယာရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ကြိုးပမ်းဆောင်ရွက်ကြပြီး ကလေးငယ်များ၏အနာဂတ်၊ ကလေးငယ်များ၏ဘဝများ လှပအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ တိုက်တွန်းအကြံပြုချက်များ

၁။ ရန်ကုန်မြို့တွင် Quarantine ဝင်နေသူလူဦးရေ ၆၀၀၀ ခန့်ရှိပါသည်။ ရခိုင်ပြည်နယ်မှ ပြန်လာသည့် လူဦးရေ ၁၀၀၀ ကို နှစ်ရက်အတွင်း နေရာထိုင်ခင်း ဖန်တီးပေးထားပါသည်။ ယခု Contact များလာသည့်အတွက် လူဦးရေ ၁၀၀၀ ခန့်အတွက် Quarantine Center ခုနစ်ခု အသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်ပေးထားပါသည်။ Quarantine Center ဝင်ရောက်သူများအား ရန်ကုန်မြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများအနေဖြင့် ကူညီရန် လာရောက်ဆက်သွယ်ပေးစေလိုပါသည်။

၂။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် Contact Tracing ကို ရှာသည့်အခါတွင် ရောဂါပိုးရှိသူနှင့် ထိတွေ့ခဲ့သူ ရပ်ကွက်၌ ရှိနေပြီဆိုပါက စိုးရိမ်ထိတ်လန့်မှုမရှိစေဘဲ Quarantine Center များသို့ မြန်မြန်ဆန်ဆန် ပို့ဆောင်ပေးရန် လိုအပ်ပါသည်။

၃။ Quarantine Center များသို့ ရောက်ရှိသွားပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာနေထိုင်ကြစေရန်နှင့် Quarantine ဝင်ရောက်နေကြသူများအား စားသောက်ဖွယ်ရာများ ပို့ဆောင်ရာတွင် အရက်သေစာနှင့် ဆေးလိပ်တို့ကို ထည့်သွင်းပို့ဆောင်ခြင်းမပြုလုပ်ကြရန် မေတ္တာရပ်ခံလိုပါသည်။

၄။ ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဝန်ထုပ်ဝန်ပိုးများလည်း များပြားပါသည်။ သို့ဖြစ်၍ Stay Home သတ်မှတ်ကာလ နှစ်ပတ်၊ သုံးပတ်ခန့် အချိန်အတွင်း မိမိတို့နေအိမ်တွင် နေထိုင်ခြင်းဖြင့် စည်းကမ်းများကို တိတိကျကျ လိုက်နာကြရန်၊ မဖြစ်မနေ ပြင်ပသို့သွားရောက်ရပါက Mask များ မဖြစ်မနေတပ်ကြရန်၊ ရန်ကုန်မြို့သည် လူဦးရေများပြားသည့်အတွက် ယခုလို ကူးစက်ပြန့်ပွားမှုမြင့်တက်လာချိန်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား အထူးဂရုပြုလိုက်နာကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁-၉-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ ရောင်းရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၈၀၁ | ၇,၉၄၉,၀၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၂၅၅ | ၉၅၆,၂၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁ | ၈,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၁၃ | ၂၈၆,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၃၀ | ၈၂,၅၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၂ | ၆,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၁

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၃၅/၅၈၀ ကျပ် | ၅၈၀/၅၉၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၂၅/၅၆၅ ကျပ် | ၅၆၅/၅၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၀၅/၆၃၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၅/၅၁၅ ကျပ် | ၅၄၅/၅၆၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၃၀/၄၄၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀/၄၆၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၀/၄၃၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၃.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၀.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၀၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၅၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၀.၉၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၃၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၂.၁၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၅.၉၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၅၅.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၃၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် မဲခေါင်-အမေရိကန်မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ပထမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပါဝင်တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ညနေ ၅ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (Mekong-U.S. Partnership) ပထမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Pham Binh Minh နှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Stephen Biegun တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားရေး ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့လည်း ပါဝင်တက်ရောက်သည်။



အစည်းအဝေးတွင် ဝန်ကြီးများက မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ပထမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပခြင်းအားဖြင့် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့မှုအပေါ် ကြိုဆိုခဲ့ကြပြီး မဲခေါင်ဒေသခွဲ၏ လက်ရှိနှင့် အနာဂတ်ကာလတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောမှုမြင့်တင်ရေး အတွက် မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အနေဖြင့် မည်ကဲ့သို့ အထောက်အကူပြုနိုင်မည်ကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးတွင် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယခု လုပ်ငန်းစဉ်အသစ်အောက်မှ ဆောင်ရွက်မည့် စီမံကိန်းနှင့် လုပ်ငန်းစဉ်များအတွက် အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၆ သန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ပါဝင်ဆွေးနွေးရာ၌ COVID-19 ကာကွယ်တိုက်ဖျက်ရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်သူ့ကျန်းမာရေး အကာအကွယ်ပေးမှုလုပ်ငန်းနှင့် ကပ်ရောဂါကြောင့် လူမှုစီးပွားထိခိုက်မှုများအား လျှော့ချရေးကို ဟန်ချက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရန် အတွက် COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုသက်သာစေရေးစီမံချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအတွက် အမေရိကန် ဒေါ်လာ ၁၈ ဒသမ ၅ သန်းတန်ဖိုးရှိ အကူအညီများ ပေးအပ်ခဲ့ခြင်းကို ကျေးဇူးတင်ရှိကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် မဲခေါင်ဒေသအတွင်း ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် ဒေသတွင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ မြှင့်တင်နိုင်ရေးအတွက် အမေရိကန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်လုပ်ငန်းစဉ်ဖြစ်ပြီး တန်းတူညီတူရှိမှု၊ ညီမျှမှု၊ ပွင့်လင်းမြင်သာမှု၊ အကျိုးတူပူးပေါင်းမှုစသည့် "မှု"များ အပေါ် အခြေခံထားသည့်အတွက် ကြိုဆိုပါကြောင်း၊ ယခင်က မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (Lower Mekong Initiative-LMI) ၏ ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးရေးအစီအစဉ် (Connecting Mekong Through Education and Training-COMET) နှင့် လူငယ်သိပ္ပံပညာရှင်များအစီအစဉ် (Young Scientist Programme)များသည် မဲခေါင်နိုင်ငံများမှ လူငယ်မျိုးဆက်သစ်များအတွက် အကျိုးအမြတ်နှင့် အခွင့်အလမ်းများ ဖန်တီးနိုင်ခဲ့မှုတို့ကြောင့် အဆိုပါအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်မှုအသစ်တွင် ဆက်လက်ဆောင်ရွက်သွားစေလိုကြောင်းနှင့် အသက်မွေးဝမ်းကျောင်းသင်ကြားရေး နယ်ပယ်တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်သွားရန်သင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

ထို့ပြင် မဲခေါင်နိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် အမေရိကန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၅၄ သန်း အကူအညီပေးမည့် ကတိပြုချက်နှင့် ယခင် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဆောင်ရွက်ခဲ့သည့် သဘာဝဘေးအန္တရာယ်ထိခိုက်မှု သက်သာလျော့ပါးရေး လေ့ကျင့်မှု (Disaster Relief Exercise and Engagement-DREE) များအား ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်တို့ကို ကြိုဆိုပါကြောင်း၊ မဲခေါင်ဒေသအတွင်း စွမ်းအင်လုံခြုံရေးနှင့် စွမ်းအင်ကဏ္ဍအဆင့်မြှင့်တင်ရာတွင် အခက်အခဲများအား ဖြေရှင်းနိုင်ရန် အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က Japan-United States Mekong Power Partnership (JUMPP) အစီအစဉ်ဖြင့် မဲခေါင်နိုင်ငံများကို ကူညီထောက်ပံ့ပေးရန် ပူးတွဲကြိုးပမ်းဆောင်ရွက်နေမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**ပူးတွဲကြေညာချက် ထုတ်ပြန်**

အစည်းအဝေးမှ မဲခေါင်-အမေရိကန် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ ဝန်ကြီးအဆင့် ပူးတွဲကြေညာချက်နှင့် ယင်းလုပ်ငန်းစဉ် ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ အခြေခံစာတမ်းတို့ကို ထုတ်ပြန်ခဲ့သည်။

မဲခေါင်-အမေရိကန်မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ (၁၁)နှစ်ကြာ အတွေ့အကြုံများအပေါ် အခြေခံပြီး မဲခေါင်ဒေသ၏ လက်ရှိကြုံတွေ့နေရသော လိုအပ်ချက်များနှင့် စိန်ခေါ်မှုများအား ဖြေရှင်းဖြည့်ဆည်းပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ပြုပြင်ပြောင်းလဲ၍ အဆင့်မြှင့်တင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်သစ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှု ဦးစားပေးနယ်ပယ်များအဖြစ် စီးပွားရေးပေါင်းစည်းဆက်နွယ်မှုကဏ္ဍ၊ စဉ်ဆက်မပြတ် ရေအရင်းအမြစ်နှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍ၊ သမားရိုးကျ မဟုတ်သော လုံခြုံရေးဆိုင်ရာကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ပါဝင်သည်။

**သတင်းစဉ်**

# အသေးစား စက်မှုလက်မှုလုပ်ငန်း ၁၅၃၀၆ ခု မှတ်ပုံတင်ခွင့်ပြု

**နေပြည်တော် စက်တင်ဘာ ၁၁**

အသေးစား စက်မှုလက်မှုလုပ်ငန်းများအတွက် မှတ်ပုံတင်လုပ်ငန်းများ ကြီးကြပ်စိစစ်ရေး အဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၉-၂၀၂၀) ကို စက်တင်ဘာ ၈ ရက်က နေပြည်တော်ရှိ ရုံးအမှတ်(၁၆)၌ ကျင်းပသည်။

**၁၀၁ စောင် မှတ်ပုံတင်ခွင့်ပြု**

အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသောလုပ်ငန်း မှတ်ပုံတင်လျှောက်လွှာ ၁၀၁ စောင်အား စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေအရ အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လုပ်ငန်းမှတ်ပုံတင်လုပ်ငန်းများ ကြီးကြပ်စိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စက်မှုထုတ်ကုန် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး လုပ်ငန်းများ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများတွင် အဆင့်မြင့်နည်းပညာများ သုံးစွဲနိုင်ရေးနှင့် သက်မွေးပညာ ပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က ပြောသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေများအရ လုပ်ငန်းအမျိုးအစား ၁၃ မျိုးခွဲခြား၍ လုပ်ငန်းမှတ်ပုံတင်များ ထုတ်ပေးခဲ့ရာ ယနေ့အထိ လုပ်ငန်းပေါင်း ၁၅၃၀၆ ခုရှိကြောင်း၊ လုပ်ငန်းမှတ်ပုံတင် လျှောက်ထားလိုသူများအနေဖြင့် လုပ်ငန်းတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများတွင် အလစပုံစံ(၁) ဝယ်ယူဖြည့်သွင်းလျှောက်ထားနိုင်ပါကြောင်း သိရသည်။

**ပေးပို့တင်ပြရမည်**

ဒေသအသီးသီးက လျှောက်ထားလာသည့် စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေး၊ လူသုံးကုန်၊ အိမ်သုံးကုန်၊ ပုံနှိပ်နှင့်စာအုပ်၊ ကုန်ကြမ်းပစ္စည်း၊ သတ္တု-ရေနံ၊ စိုက်ပျိုးရေး၊ စက်နှင့် စက်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ပစ္စည်း၊ အထွေထွေစက်မှုလက်မှု စသည့် လုပ်ငန်း ၁၃ မျိုးနှင့်ပတ်သက်သည့် လုပ်ငန်းမှတ်ပုံတင်လျှောက်လွှာများကို မှတ်ပုံတင်လုပ်ငန်းများ ကြီးကြပ်စိစစ်ရေးအဖွဲ့ အစည်းအဝေးက စိစစ်ဆွေးနွေးဆုံးဖြတ်ပြီး မှတ်ပုံတင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အလစပုံစံ(၁)သုံးစုံနှင့်အတူ လူသုံးကုန်၊ အလှကုန်နှင့် အစားအသောက် လုပ်ငန်းများအတွက် ခာတ်ခွဲခန်းစမ်းသပ်မှုရလဒ်ဖြင့်လည်းကောင်း၊ တိုင်းရင်းဆေးဝါးဖြစ်ပါက တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ပေးသော လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်များဖြင့်လည်းကောင်း၊ သစ်အခြေပြု အသေးစား စက်မှုလက်မှုလုပ်ငန်းတွင် အသုံးပြုသည့် ပြန်စိတ်စက်ငယ်လုပ်ငန်းနှင့် ပရိဘောဂ လုပ်ငန်းဖြစ်ပါက သစ်စက်/ သစ်ဆိုင်မှ ဝယ်ယူသော တရားဝင်သစ်ပြေစာဖြင့်လည်းကောင်း၊ အခြားထုတ်ကုန်များအတွက် သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများဖြင့်လည်းကောင်း ပူးတွဲတင်ပြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လျှောက်လွှာလက်ခံရရှိသော လုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး မှတ်ပုံတင်လုပ်ငန်းများ ကြီးကြပ်စိစစ်ရေး အဖွဲ့အစည်းအဝေးသို့ ပေးပို့တင်ပြရမည် ဖြစ်ကြောင်း အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

❖ ရှေ့ဖုံးမှ

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဦးမြို့နယ် ရေဦးမြောင်းမတော်အတွင်း ငါးမျိုးစိုက်ထည့်

**ရေဦး စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ရေရှည်စဉ်ဆက်မပြတ် ငါးစားသုံးမှု ပိုမိုဖူလုံလာစေရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန်၊ ငါးသယံဇာတများ ပေါများလာစေရန်ရည်ရွယ်လျက် ယမန်နေ့ နံနက်ပိုင်းတွင် ရေဦးမြို့နယ် ရေဦးမြောင်းမတော်အတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ ရေဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေဦးငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ နှင့် စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၃၀၀၀၀၀ အား ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြသည်။

ရေဦးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေဦးမြို့နယ်၊ ဒီပဲယင်းမြို့နယ်နှင့် တန့်ဆည်မြို့နယ်ရှိ မြစ်၊ ချောင်း၊ ဆည်၊ ကန်များအတွင်းသို့ ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ပေးနိုင်ခဲ့ပြီး ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း သားပေါက်ကောင်ရေ ၁၁ သိန်းအထိ တိုးမြှင့်၍ ငါးမျိုးများ စိုက်ထည့်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၇)ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ အခမ်းအနား ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၁**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) တို့ပူးပေါင်း၍ (၁၇)ကြိမ်မြောက် အမျိုးသားအဆင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li နှင့် ILO ရန်ကုန်ရုံးမှ ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများရှိ၍ ရောဂါထိန်းချုပ်နိုင်ရေးဖြင့် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းစေရေး လုပ်ဆောင်သင့်သည်များကို ပူးပေါင်းအဖြေရှာကြရန် ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မည်ကဲ့သို့ ထိန်းချုပ်ဆောင်ရွက်သွားမည်ကို လက်ရှိအချိန်တွင် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းရန် လုပ်ဆောင်သည့် အချက်များကို ပူးပေါင်းပြီးရှာဖွေကြရန် ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးမှုများသည် အလုပ်သမားအင်အားများပြားသည့် ရန်ကုန်တိုင်းဒေသကြီးတစ်ခုအတွက်သာ ဦးတည်ဆွေးနွေးကြခြင်းဖြစ်သော်လည်း နိုင်ငံတစ်ဝန်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များနှင့် သက်ဆိုင်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှရရှိသည့် အချက်များ အပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဇွန် ၂၃ ရက်တွင် ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် အမျိုးသားအဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ပြီး ကိုဗစ်- ၁၉ အကျပ်အတည်းကာလကို ကျော်လွှားနိုင်ရန် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် (CERP) ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ အကြား သတင်းအချက်အလက်များ မျှဝေဖလှယ်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာမည့် New Normal ကျင့်သုံးမှုပုံစံကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံနှုန်းများ အပေါ် အခြေခံပြီး ILO အဖွဲ့၏ ကိုဗစ်-၁၉ အကျပ်အတည်းတုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် အလုပ်အကိုင်ကဏ္ဍ ပြန်လည်နိုးထလာစေရေးဆောင်ရွက်ပေးရန်၊ အလုပ်ဌာနများ အလုပ်အကိုင်များဝင်ငွေရှိမှုများအတွက် ထောက်ပံ့ပေးရန်၊ လုပ်ငန်းခွင်နေရာများတွင် အလုပ်သမားများအား အကာအကွယ်ပေးရန်၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများအတွက် လူမှုရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်ဆောင်ရွက်ရေးတို့ဖြစ်သည့် အဓိကလုပ်ငန်းမဏ္ဍိုင်လေးရပ်ရှိပြီး အဆိုပါမဏ္ဍိုင် လေးရပ်အား နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနတို့ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဩဂုတ် ၁၂ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လူ ၃၀ ထက်ပို၍ စုဝေးခြင်းမပြုရန် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်၌ ဩဂုတ်လလယ်မှစ၍ ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးမှာ ကူးစက်ပြန့်ပွားမှုထိန်းချုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးမှ အနီးကပ်ကြီးကြပ်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့များနှင့် စက်ရုံ၊ အလုပ်ရုံများကို ဝင်ရောက်စစ်ဆေးပြီး လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဩဂုတ် ၂၉ ရက်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ အထည်ချုပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ဖြစ်ပွားမှုမြင့်တက်လာခြင်းကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အားလုံးပူးပေါင်း၍ အလေးထားသတိပြုဆောင်ရွက်ပေးရေး၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံရန်သင့်တော်သည့် ပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ဖြေလျှော့ဆောင်ရွက်မှုများအဖြစ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ အထည်ချုပ်လုပ်ငန်းများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးနိုင်ရေး အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် မှာကြားခဲ့ပါကြောင်း။

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ လက်ရှိအချိန်တွင် စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများမှာ အလုပ်အကိုင်အခွင့်အလမ်းများ တည်မြဲရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်သားများကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ပေးနေကြောင်း၊ ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် နောက်ဆက်တွဲ စီးပွားရေးကျဆင်းမှုကို ကုစားနိုင်ရန် စက်ရုံ၊ အလုပ်ရုံများမှာ ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို သုံးပွင့်ဆိုင်ပူးပေါင်းဖြေရှင်းရေး၊ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်မှုကို အသိအမှတ်ပြုကြောင်းနှင့် ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြိုတင်ကာကွယ်ကြရန် ဆွေးနွေးခဲ့ပါကြောင်း။

စက်ရုံ၊ အလုပ်ရုံများတွင် ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုများရှိနေသောကြောင့် အဆိုပါရောဂါနှင့်ပတ်သက်ပြီး အလုပ်သမားများနှင့် အလုပ်ရှင်များအပေါ်တွင် ကျရောက်လာမည့် အန္တရာယ်များကင်းရှင်းနိုင်ရေး လုပ်ဆောင်သင့်သည့် အချက်များကို ဆွေးနွေးသွားကြခြင်းဖြစ်ပါကြောင်း၊ ရှေ့အနာဂတ်ကာလတွင် အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း ဥပဒေပြင်ဆင်ရေး၊ အလုပ်သမားအခွင့်အရေး၊ အလုပ်ရှင်နှင့်ဆိုင်သည့် ကိစ္စများအပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံသည့် ကိစ္စရပ်များတွင် ယခုကဲ့သို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားများ ရောဂါပျံ့နှံ့မှု၊ ကန့်သတ်စောင့်ကြည့်ခြင်းခံယူရသူနှင့် ဆေးကုသမှုအခြေအနေများအား မပြတ်စောင့်ကြည့်လျက်ရှိပြီး အလုပ်ရှင်များနှင့်ပတ်သက်သည့် အလုပ်အမှာစာ ရောက်ရှိမှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ ရှေ့အလားအလာများနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများအပေါ် လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်ရှင်အလုပ်သမားများ၏ ဆန္ဒသဘောထားအခက်အခဲများအား အလေးထားဆောင်ရွက်လျက်ရှိပြီး တစ်ဦးချင်းစည်းကမ်းရှိစွာဖြင့် အားလုံးပူးပေါင်း၍ ယခုကာလအား အမြန်ဆုံးကျော်လွှားသွားနိုင်ရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် ILO ဆက်သွယ်ရေးအရာရှိ Mr. Donglin Li ၊ အလုပ်သမားကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်တို့က အသီးသီးနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီးနောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လက်ရှိတွေ့ကြုံနေရသည့် အလုပ်သမားများအကြား ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုအားတားဆီးထိန်းချုပ်နိုင်ရေးကိစ္စရပ်များနှင့် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီး / ပြည်နယ် ကိုးခုရှိ မသန်စွမ်းသူများနှင့် ဂေဟာ / ရိပ်သာများသို့ ထောက်ပံ့ငွေများ ပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၁**
ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်(CERP)အရ တိုင်းဒေသကြီး/ ပြည်နယ် ကိုးခုရှိ မသန်စွမ်းသူများနှင့် ဂေဟာ/ရိပ်သာများသို့ ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**ထောက်ပံ့ပေးလျက်ရှိ**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများ အပါအဝင် ပရဟိတဂေဟာ/ရိပ်သာများတွင် လက်ခံစောင့်ရှောက်ထားသူများ၏ အာဟာရပြည့်ဝစေရန်အတွက် စားနပ်ရိက္ခာထောက်ပံ့ကြေးအဖြစ် မသန်စွမ်းသူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဂေဟာ/ရိပ်သာများတွင် လူဦးရေအလိုက် တစ်ရက်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် တစ်လစာအတွက် ငွေကြေးတစ်ကြိမ် ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ CERP အစီအစဉ်အရ မသန်စွမ်းသူများအတွက် ထောက်ပံ့ရန် ကျန်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးမှ မသန်စွမ်းသူ ၁၉၈၇၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ မသန်စွမ်းသူ ၂၉၈၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ မသန်စွမ်းသူ ၂၅၇၃၀၊ မွန်ပြည်နယ် မသန်စွမ်းသူ ၁၁၇၃၈ ဦး စုစုပေါင်း မသန်စွမ်းသူ ၆၀၃၂၉ ဦးအတွက် ငွေကျပ်သန်းပေါင်း ၁၈၀၉ ဒသမ ၈၇၀ သန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဂေဟာ/ရိပ်သာများအတွက် ထောက်ပံ့မှုအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဂေဟာ/ရိပ်သာ ၂၀ ခု၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဂေဟာ/ရိပ်သာ ၁၉ ခု၊ မန္တလေးတိုင်းဒေသကြီးရှိ ဂေဟာ/ရိပ်သာ ၃၀၊ မွန် ပြည်နယ်အတွင်းရှိ ဂေဟာ/ရိပ်သာ ရှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဂေဟာ/ရိပ်သာပေါင်း ၇၃ ခု၊ ရှမ်းပြည်နယ်အတွင်းရှိ ဂေဟာ/ရိပ်သာ ၄၆ ခု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဂေဟာ/ရိပ်သာ ၃၂ ခု စုစုပေါင်းဂေဟာ/ရိပ်သာ ၂၂၈ ခုအတွက် ငွေကျပ်သန်းပေါင်း ၂၇၀ ဒသမ ၈၄၀ သန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ CERP အစီအစဉ်အရ ထောက်ပံ့ပေးရာတွင် မသန်စွမ်းသူများ၊ ဂေဟာ/ရိပ်သာများသာမက တစ်နိုင်ငံလုံးရှိ အသက် ၈၀ နှင့် ၈၅ နှစ်ကြား အဘိုး/အဘွားများအားလည်း တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကြေး တစ်ကြိမ်ထောက်ပံ့မှုကိုလည်းကောင်း၊ MCCT အစီအစဉ်တွင် မပါဝင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိ ကိုယ်ဝန်ဆောင်မိခင်များအား ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကြေးတစ်ကြိမ် ထောက်ပံ့သည့် ငွေဗိုက် (Online Application) အစီအစဉ်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်(ပလက်ဝဒေသ)များရှိ IDP Camp များနှင့် တိုက်ပွဲရှောင်မိသားစုများအား ထောက်ပံ့ခြင်း အစီအစဉ်များကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ပံ့ပိုးဆောင်ရွက်ခြင်းဖြစ်**

နိုင်ငံတော်မှ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်အရ လိုအပ်မှုအခြေအနေပေါ်မူတည်၍ ယခုကဲ့သို့ ထောက်ပံ့ပေးရခြင်းဖြစ်သောကြောင့် အနီးကပ်ကြီးကြပ် တာဝန်ယူဆောင်ရွက်ကြရသော တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ ထောက်ပံ့ငွေခံစားခွင့်ရှိသူများထံသို့ စနစ်တကျ အကျိုးခံစားခွင့်ရရှိအောင် စေတနာ၊ မေတ္တာဖြင့် ပိုမိုအားစိုက်ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ယခုကဲ့သို့ ထောက်ပံ့ပေးခြင်းသည် နိုင်ငံအတွင်း ငွေကြေးစီးဆင်းမှုများကို ပုံမှန်လည်ပတ်နိုင်စေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏စေတနာကို နားလည်သောအားဖြင့် တာဝန်ယူဆောင်ရွက်ရသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း တစ်ဦးချင်းစီက တာဝန်သိမှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုရှိ အစိုးရဌာနများသို့ ဆက်လက်သတင်းပေးပို့၍ ပူးပေါင်းဆောင်ရွက်ခြင်းသည်ပင် အကောင်းမွန်ဆုံး တာဝန်ထမ်းဆောင်ပေးခြင်းပင်ဖြစ်ပါကြောင်း၊ အစိုးရနှင့် ပြည်သူလူထု ပူးပေါင်း၍ ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်စွာ ကျော်လွှားနိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

ယင်းနောက် မသန်စွမ်းသူများနှင့် ဂေဟာ/ရိပ်သာများသို့ ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် လက်ခံရယူခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များနှင့် ဂေဟာ/ရိပ်သာတာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများအားလုံးကိုယ်စား မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးစိုင်းအောင်ထက်နှင့် ဂေဟာ/ရိပ်သာများကိုယ်စား မွန်ပြည်နယ် တောင်ဝိုင်းဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသွင်တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြသည်။

အလားတူ ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဂေဟာ/ရိပ်သာ ၂၁ ခုအတွက် ထောက်ပံ့ငွေကျပ် ၁၇ ဒသမ ၅၀၅ သန်းကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေဟာ/ရိပ်သာ ၁၂ ခုအတွက် ထောက်ပံ့ငွေကျပ် ၁၇ ဒသမ ၂၅၀ သန်းကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆိုင်ရာ ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံများမှ ဆေးပညာအထူးကုဆရာဝန်ကြီးများ၊ ရခိုင်ပြည်နယ်သို့ ရောက်ရှိနေသော ဗဟိုကွင်းဆင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### သီးသန့်နေထိုင်ရန်စီမံ

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် လူနာဆောင်များ ထပ်မံတိုးချဲ့နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သီးသန့်နေထိုင်ရန် အဆောက်အအုံနှင့် အဆောင်များရရှိရေး စီမံဆောင်ရွက်နေမှုတို့အား တင်ပြခြင်း၊ လူနာများအား ကိုင်တွယ်ကုသမှုပေးနေသည့် ကျန်းမာရေးစောင့်ရှောက်သူများသည် ရောဂါကူးစက်ခံရနိုင်ခြေ မြင့်မားသူများဖြစ်သဖြင့် နေအိမ်သို့ ပြန်လည်နေထိုင်ပါက နေအိမ်ရှိ အတူနေမိသားစုဝင်များထံ ရောဂါကူးစက်နိုင်ခြေရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သီးသန့်နေထိုင်ရန် အဆောင်နေရာများ၊ စားသောက်ရန်နှင့် ပို့ဆောင်ရန်အစီအစဉ်များ တင်ပြခြင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ အဆောင်များတွင် လူနာများအား ကိုင်တွယ်ကုသမှုပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ နေထိုင်ရေး၊ စားသောက်ရေးနှင့် ပို့ဆောင်ရေးတို့အတွက် စီစဉ်ထားရှိမှု အခြေအနေများ တင်ပြခြင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ရိုးမအိမ်ရာအဆောက်အအုံများတွင် ရောဂါလက္ခဏာမရှိသူနှင့် သာမန်ရောဂါလက္ခဏာသာရှိသည့် ကိုဗစ်-၁၉ လူနာများထားရှိရန်အတွက် စီစဉ်နေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် လုပ်ငန်းဆောင်ရွက်ရန်နေရာ (work station) နှင့် နေထိုင်ရန်နေရာတို့ပါ ထည့်သွင်းစီစဉ်နေမှုများ တင်ပြခြင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ဘောလုံးအကယ်ဒမီနေရာတွင် ယာယီဆေးရုံ (hospital tent) များပြုလုပ်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ နေထိုင်ရန်အတွက် အဆောင်နေရာများ စီစဉ်ရန် အဆိုပြုတင်ပြခြင်း၊ တက္ကသိုလ်များဆေးရုံအား ကိုဗစ်-၁၉ လူနာများထားရှိနိုင်ရေး အခြေအနေများတင်ပြခြင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံများမှ အထူးကုဆရာဝန်များ ဗီဒီယိုကွန်ဖရင့်ဖြင့် ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်နေမှုကို တင်ပြခြင်း၊ လူနာကုသရေးဆိုင်ရာ ကုထုံးနှင့် စီမံခန့်ခွဲမှုများအား သုံးသပ်ဆန်းစစ်ခြင်း (clinical audit) နှင့် သေဆုံးလူနာများ၏ ရောဂါဖြစ်စဉ်၊ ရောဂါလက္ခဏာများနှင့် သေဆုံးရသည့်အကြောင်းအရင်းများအား သုံးသပ်ဆန်းစစ်ခြင်းများကို အပတ်စဉ် ပုံမှန်ပြုလုပ်သွားမည့် အစီအစဉ်အားတင်ပြခြင်း။

ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေး အတည်ပြုလူနာများ ဆေးရုံတက်ရောက်ကုသမှုခံယူစဉ်နှင့် ကုသမှုခံယူပြီး ဆေးရုံဆင်းချိန်များတွင် ဆောင်ရွက်ပေးမည့် အစီအစဉ်၊ အဆင့်များနှင့် လိုက်နာရမည့် စည်းကမ်းချက်များအား မေးမြန်းနိုင်ရန်အတွက် (patient information center) တစ်ခု ပြုလုပ်သွားလိုသည့်ကိစ္စ အဆိုပြုတင်ပြခြင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) တွင် ဓာတ်ခွဲစစ်ဆေးမှုများ ပိုမိုလုပ်ဆောင်နိုင်ရေးအတွက် ဓာတ်ခွဲကျွမ်းကျင် ဝန်ထမ်းများ ထပ်မံလိုအပ်နေမှုအား တင်ပြခြင်း၊ ကျောက်ဖြူမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ခံရနိုင်ခြေများပြားသူများအား ကျပန်းစနစ်ဖြင့်ရွေးချယ်ကာ rapid test kit အသုံးပြု၍ ကိုဗစ်-၁၉ ပဋိပစ္စည်းရှိ၊ မရှိ စစ်ဆေးသွားမည့် အစီအစဉ်များတင်ပြခြင်း၊ ကိုဗစ်-၁၉ လူနာများအား ပုဂ္ဂလိကဆေးရုံများတွင် လက်ခံကုသမှုပေးနိုင်ရေးအတွက် ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသွားမည့် ကိစ္စများကိုတင်ပြခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ အထောက်အကူပြုပညာရှင်များ၊ စေတနာ့ဝန်ထမ်းများသည် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ခဲ့သူများအား ထောက်လှမ်းရှာဖွေခြင်း၊ အသွားအလာကန့်သတ်ခြင်း၊ လူနာများအား ကုသခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ခြင်းစသည့်လုပ်ငန်းများကို လုပ်ဆောင်မှု ကာလကြာမြင့်လာသည်နှင့်အမျှ စိတ်ရော၊ ကိုယ်ပါပင်ပန်းနွမ်းနယ်နေမှုများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### တိုင်ပင်ဆောင်ရွက်လျက်ရှိ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်ပြောကြားရာတွင် လက်တွေ့မြေပြင်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို စေတနာအပြည့်ဖြင့် မိမိတို့ ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ ဆောင်ရွက်နေကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိလေးစားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ (health care provider) ဆေးရုံများ၌ အဆင်ပြေစွာ လုပ်ကိုင်နိုင်စေရေးနှင့် ၎င်းတို့သည် ရောဂါကူးစက်ခံရနိုင်ခြေ မြင့်မားသူများဖြစ်သဖြင့် နေအိမ်သို့ ပြန်လည်နေထိုင်ပါက နေအိမ်ရှိ အတူနေမိသားစုဝင်များထံ ရောဂါကူးစက်နိုင်ခြေရှိနေသဖြင့် နေအိမ်သို့ မပြန်လိုသူများအတွက် အဆင်ပြေစွာနေထိုင်နိုင်ရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပရဟိတအလှူရှင်များနှင့် တိုင်ပင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရာများလည်း လျာထားပြီးဖြစ်ပါကြောင်း၊ ရောဂါပိုးတွေ့ရှိပြီး ရောဂါလက္ခဏာမရှိသော မိမိတို့ ကျန်းမာရေးဝန်ထမ်းများအတွက်လည်း အစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ရောဂါကူးစက်ခြင်းမခံရစေရေး လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များအား ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများနှင့် တိုင်ပင်၍ လိုအပ်ချက်များအား တတ်နိုင်သမျှအမြန်ဆုံး ဖြည့်ဆည်းခြင်းနှင့် ထပ်မံလိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများကိုကုသမှုပေးနေသည့် မိမိတို့၏ဝန်ထမ်းများအား ရောဂါမကူးစက်စေရေးအတွက် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်းလိုအပ်ချက်များအား အသေးစိတ်ဆန်းစစ်ကာ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထပ်မံ၍လည်း ကြိုတင်ဝယ်ယူ ဖြည့်တင်းလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ လူနာများအား ကုသရာ၌ ပုဂ္ဂလိကဆေးရုံများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ပုဂ္ဂလိကဆေးရုံများမှ တာဝန်ရှိသူများနှင့် အမြန်ဆုံးဆွေးနွေးရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ ခြေကုန်လက်ပန်းကျပါက ကျန်းမာရေးစနစ်ကြီးတစ်ခုလုံး ပြိုလဲသွားနိုင်သည့်အတွက် ဝန်ကြီးဌာနရှိ တက္ကသိုလ် ၁၆ ခုမှ ဆရာ ဆရာမများအား လိုအပ်သလို အလှည့်ကျတာဝန်ချထားခြင်းနှင့် ပံ့ပိုးပေးခြင်းတို့ကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်ခွဲနမူနာရယူခြင်း၊ ပို့ဆောင်ခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ လူနာများပို့ဆောင်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်း ထောက်ပံ့ပို့ဆောင်ခြင်း၊ ကုသမှုပေးခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် ကဏ္ဍများအလိုက် အဖွဲ့များဖွဲ့ကာ စောင့်ကြည့်အကဲဖြတ်ခြင်း၊ လိုအပ်ချက်များပံ့ပိုးခြင်းနှင့် ချိန်သားကိုက်ချိတ်ဆက်ဆောင်ရွက်ခြင်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော လက်တွေ့မြေပြင်အခြေအနေများကို သုံးသပ်ကာ ပိုမိုထိရောက် အောင်မြင်စေရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းလမ်းညွှန်များကိုလည်း မွမ်းမံ၍ ထုတ်ပြန်လျက်ရှိပါကြောင်း။

ယခုအချိန်တွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ လိုအပ်ချက်အချို့ကို ချက်ချင်းမဖြည့်ဆည်းနိုင်ပါကလည်း သည်းခံစေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ တတ်နိုင်သမျှ အမြန်ဆုံးဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်မှသာလျှင် ကပ်ရောဂါကို အချိန်တိုအတွင်း ထိရောက်စွာ ထိန်းချုပ်နိုင်မည်ဖြစ်သဖြင့် မိမိတို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အစွမ်းကုန် ဆက်လက်ပံ့ပိုးမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့များ၊ နှီးနွယ်ဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား တာဝန်ခွဲဝေသတ်မှတ်ခြင်းနှင့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖလှယ်ခြင်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆိုင်ရာ အချက်အလက်များအားလုံးကို တစ်နေရာတည်းစုစည်းမြင်နိုင်ကာ လက်ရှိအခြေအနေကို ဆန်းစစ်သုံးသပ်ရန်၊ လုပ်ငန်းများကို ဆန်းစစ်ရန်၊ ပံ့ပိုးရန်နှင့် လိုအပ်သော အစီအမံနှင့် လုပ်ငန်းများ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုသတင်းအချက်အလက်ပြ စာမျက်နှာ (dashboard) များ စတင်ပြုလုပ်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အများပြည်သူအတွက် ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် လွယ်ကူစွာ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန်အတွက် (dashboard) တစ်ခုကိုလည်း အမြန်ဆုံးပြုလုပ်၍ အင်တာနက်စာမျက်နှာ၌ တင်ထားမည်ဖြစ်ပါကြောင်း။

### ဦးစားပေးပံ့ပိုးသွားမည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်လည်းကောင်း၊ ရုပ်မြင်သံကြားမှ လည်းကောင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာရှုထောင့်များမှ ဆွေးနွေးပြောကြားခဲ့သည့် လမ်းညွှန်ချက်များအနက် အရေးကြီးသည့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အချက်များကို မိမိတို့ မှတ်သားထုတ်နုတ်ကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူနာများအား ထိရောက်စွာကုသပေးနိုင်ရန် လမ်းညွှန်ချက်များကို ရေးဆွဲပေးသော ပါမောက္ခဆရာဝန်ကြီးများအား ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ မိမိနေအိမ်သို့ မပြန်လိုပါက နေထိုင်ရန်ကိစ္စရပ်များအား ဦးစီးဆောင်ရွက်နေသည့် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်နှင့် အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများအား ကျေးဇူးတင်ရှိပါကြောင်း၊ ထပ်မံလိုအပ်သည့် ပံ့ပိုးမှုများအား ဝန်ကြီးဌာနမှ ဦးစားပေး ပံ့ပိုးပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများနှင့် ဆေးရုံများ၏ အခြားလိုအပ်ချက်များအားလုံးကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းနိုင်ရေး၊ ကျန်းမာရေးဝန်ထမ်းများ ရောဂါမကူးစက်စေရေး၊ လူနာများအား ပိုမိုထိရောက်စွာ ကုသပေးနိုင်စေရေး၊ ကိုဗစ်-၁၉ လူနာနှင့်ထိတွေ့သူများအား လျင်မြန်စွာ ရှာဖွေဖော်ထုတ်နိုင်ရေးနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှု အားကောင်းစေရေးအတွက် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်နှင့် အထူးကုဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့ကို အမြန်ဆုံးဖွဲ့စည်းပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူ၌ မျိုးကွဲပယ်ခြင်းစရိတ်နှင့် သန့်စင်ခစရိတ်များ ဒုတိယအကြိမ် ထောက်ပံ့

**တောင်ငူ စက်တင်ဘာ ၁၁**

၂၀၁၉-၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဆောင်ရွက်သည့် တောင်ငူမြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းအတွက် မျိုးကွဲပယ်ခြင်းစရိတ်နှင့် သန့်စင်ခစရိတ်များ ဒုတိယအကြိမ် ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြတ်မင်းထွေးက ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက တောင်ငူမြို့နယ်အတွင်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဆောင်ရွက်သည့် ကျေးရွာအုပ်စုပေါင်း ၃၁ အုပ်စုမှ ဧကပေါင်း ၅၅၁ ဧကအတွက် မျိုးကွဲပယ်ခြင်းစရိတ်နှင့် သန့်စင်ခစရိတ်အတွက် ငွေကျပ် ၃၅၈၁၅၀၀၀ အား ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ဒိုက်ဦးမြို့နယ်၌ ငါးသားပေါက်များ ကျေးရွာအရောက် သွားရောက်ပေးအပ်

**ပဲခူး စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒိုက်ဦးမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများအား ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ရာတွင် ငါးမွေးတောင်သူများရှိသည့် ကျေးရွာစုရပ်များအရောက် သွားရောက်ပြီး ငါးမွေးတောင်သူ ၁၄၇ ဦး၏ ငါးမွေးကန်ဧက ၂၀၈ ဒသမ ၁၂ ဧကအတွက် သုံးလက်မအရွယ် ငါးမြစ်ခြင်း ငါးသားပေါက်ကောင်ရေ ၂၁၉၁၅၀ သိန်းအား ထောက်ပံ့ပေးအပ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာန(တိုင်း/ ခရိုင်/ မြို့နယ်နှင့် စခန်းများ)မှ ငါးသားပေါက်များ ထောက်ပံ့ရာတွင် ကိုဗစ်ကာလအတွင်း ငါးမွေးတောင်သူများနှင့်အနီးဆုံး ကျေးရွာစုရပ် သတ်မှတ်ထားသော နေရာများအရောက် လိုက်လံပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ငှက်များမှ လူကို ရောဂါမကူးစက်အောင်ကာကွယ်ခြင်း

ဒေါက်တာခင်စန်းမော်

လွန်ခဲ့သော ခုနစ်လခန့်က မျက်မှန်ပါဝါစစ်ဆေးရန်အတွက် လူနေထူထပ်သော မြို့လယ်ကောင်နေရာသို့ သွားရောက်ခဲ့ပါသည်။ ထူးထူးခြားခြား သတိထားမိသည်မှာ လမ်းဆုံလမ်းခွ မီးပွိုင့်တွင် ကားရပ်စဉ် လေးဖက်လေးတန်ရှိ ခတ်ကြိုးများ၊ ခတ်တိုင်များ၊ အဆောက်အအုံ အမိုးများအပေါ်တွင် ကျီးကန်းနှင့်ခိုတို့ အုံလိုက်ကျင်းလိုက် နားနေကြခြင်းပင် ဖြစ်သည်။

အမှိုက်ပုံ၊ အမှိုက်ပုံးများထဲသို့ ဆင်းလာပြီး မွှေနှောက်လိုက်၊ လူများဖြတ်သန်းလာလျှင် ပျံတက်ပြေးသွားလိုက်နှင့် တဝေါဝေါ တဝုန်းဝုန်းအသံ မြည်ဟည်းနေသည်။ ရုတ်တရက်ထပျံလိုက်တိုင်း အမွေးအတောင်များ၊ အမှုန်အမွှားများက ပတ်ဝန်းကျင်လေထုထဲတွင် လွင့်မျောပျံ့လွင့်နေသည်ကို မြင်ရသည်။

လူနေရပ်ကွက်များအတွင်းတွင်လည်း ယခင်က ကျီးကန်းနှင့် စာကလေးတို့သာ ရှိနေခဲ့ရာမှ ခိုငှက်များပါ အမြောက်အမြား ရောက်ရှိနေကြသည်။

ထိုကိစ္စနှင့်စပ်လျဉ်း၍ ရုပ်သံမီဒီယာတစ်ခု၏ အင်တာဗျူးတွင် ရုပ်သံပရိသတ်တစ်ဦးက ကျွန်မအား သိလိုစိတ်နှင့် မေးမြန်းခဲ့ပါသည်။

သူ့မေးခွန်းက အောက်ပါအတိုင်းဖြစ်ပါသည်–

ခိုတွေဟာ ဘက်တီးရီးယားအများကြီးကို သယ်ဆောင်ထားတဲ့တိရစ္ဆာန်လို့ ပြောကြပါတယ်၊ ခိုငှက်တွေကတစ်ဆင့် လူတွေကို ကူးစက်ရောဂါတွေ ဖြစ်ပွားနိုင်ပါသလား။

လူကို ရောဂါကျရောက်စေနိုင်သည့် ရောဂါပိုး (Pathogens) ၁၄၁၀ ကျော်ရှိသည့်အနက် ၆၁ ရာခိုင်နှုန်းသည် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်သောရောဂါပိုးများ သို့မဟုတ် တိရစ္ဆာန်က ကြားခံသယ်ဆောင်သူအဖြစ် ပါဝင်ပတ်သက်နေသော ရောဂါပိုးများဖြစ်ကြသည်။ ငှက်နှင့် ငှက်မျိုးနွယ်ဝင်များသည် တိရစ္ဆာန်အုပ်စုထဲမှာ ပါဝင်နေပါသည်။

### ငှက်မှ လူကို ကူးစက်တတ်ခြင်း

ငှက်ဆိုသော တိရစ္ဆာန်မျိုးနွယ်တွင် ကြက်၊ ကြက်ဆင်၊ ဘဲ၊ ဘဲငန်း၊ ခို၊ ကြက်တူရွေး၊ သာလိကာ၊ ကြက်တော၊ ကျီးကန်း၊ စာကလေး၊ စာဝါ၊ ငှက်ပုတီး၊ ကတ္တဝါ စသည်တို့အပြင် အခြားကျေးငှက်သာရကာတို့လည်း ပါဝင်နေသည်။ ငှက်မျိုးနွယ်ဝင်တို့သည် ဘက်တီးရီးယားရောဂါပိုးများကိုသာမက ဗိုင်းရပ်စ်ရောဂါပိုးများ၊ Fungus ခေါ် မှိုပိုးများကိုလည်း သယ်ဆောင်ထားလေ့ရှိကြပါသည်။ ငှက်မှလူကို ကူးစက်တတ်သောရောဂါများမှာ အရေအတွက်အားဖြင့် ၆၀ ကျော်ရှိသည်။ ငှက်နှင့် ငှက်ချေးများထဲတွင် ထိုရောဂါပိုးများ ပါလေ့ရှိပြီး ထိုမှတစ်ဆင့် လူကို ကူးစက်တတ်သည်။ ထိုရောဂါပိုးများကို သယ်ဆောင်ထားကြသော်လည်း ငှက်အများစုမှာ မကျန်းမာသော ရောဂါလက္ခဏာ တစ်စုံတစ်ရာ မဖော်ပြပေ။ သို့သော် ထိုရောဂါပိုးများ လူကိုကူးစက်သောအခါ လူတွင် ဆိုးရွားပြင်းထန်သော ရောဂါဝေဒနာမျိုးဖြစ်လာခြင်းများ ရှိတတ်သည်။

ကူးစက်လွယ်သောအုပ်စုများ ကျန်းမာရေးကောင်းမွန်သောသူ ဖြစ်နေသော်ငြား ကူးစက်တတ်သော တိရစ္ဆာန်ရောဂါများ ရှိကြသည်။ သို့သော် လူများထဲတွင် သူတကာတို့ထက် ပို၍ရောဂါကူးစက်လွယ်သော အုပ်စုများရှိနေသည်။ ယင်းတို့မှာ–

- ❖ အသက်ငါးနှစ်အောက် ငယ်ရွယ်နုနယ်သော ကလေးများ၊
- ❖ အသက် ၆၅ နှစ်နှင့်အထက် လူကြီးသူမများ၊
- ❖ ခုခံအားနည်းသော ရောဂါဝေဒနာရှင်များ၊
- ❖ နာတာရှည်ရောဂါ စွဲကပ်နေသူများ၊
- ❖ ကိုယ်ဝန်ဆောင် မိခင်တို့ ဖြစ်ကြပါသည်။

### ငှက်မှ လူကိုကူးစက်တတ်သော ရောဂါများ

ငှက်မှ လူကိုကူးစက်တတ်သော ရောဂါများအနက် အချို့ကို ကောက်နုတ် ဖော်ပြပါမည်။

**(၁)Avian Tuberculosis– တီဘီရောဂါ**

ဤရောဂါသည် မိုက်ကိုဘက်တီးရီးယား (Mycobacterium ) ကြောင့် ဖြစ်လာရသော ရောဂါဖြစ်သည်။ ရောဂါပိုးရှိသော ငှက်ချေးများ၊ ငှက်ချေးကျနေသော မြေကြီးများထဲတွင်ရှိပြီး ငှက်ချေးခြောက်များကို ရှူမိခြင်းမှ ကူးစက်သည်။ ရောဂါပိုးကူးစက်ခံရသော သူသည် ပြန်ရည်ဂလင်းများရောင်ခြင်းနှင့် တီဘီရောဂါကဲ့သို့ အဆုတ်ရောဂါများ ဖြစ်တတ်သည်။

**(၂) Crytococcus – မှိုပိုးကြောင့် ဖြစ်သောရောဂါ**

ဤရောဂါသည် fungus ခေါ် မှိုပိုးကြောင့်ဖြစ်သော ရောဂါတစ်ခုဖြစ်ပြီး ကမ္ဘာပေါ်ရှိ နေရာဒေသအနှံ့အပြား၌ တွေ့ရသည်။ ဤရောဂါပိုးကို ခိုချေးထဲတွင် မကြာခဏ တွေ့ရတတ်သည်။

ငှက်ချေးများရှိနေသော မြေကြီးကို ထိမိကိုင်မိခြင်း၊ ရှူမိခြင်းမှ ကူးစက်သည်။ လူကို ကူးစက်သောအခါ နာတာရှည် ဦးနှောက်မြှေးရောင်သောရောဂါ၊ အဆုတ်၊ ကျောက်ကပ်၊ ပရော့စတိတ်ဂလင်းနှင့် အရိုးများမှာ ရောဂါကူးစက်ခြင်းတို့ ဖြစ်တတ်ပါသည်။ ခုခံအားနည်းသော ဝေဒနာရှင်များအနေဖြင့် ဤရောဂါကူးစက်လွယ်သောကြောင့် အထူးသတိထားသင့်သည်။

> ■ ငှက်မှလူကို ကူးစက်တတ်သောရောဂါများမှာ အရေအတွက်အားဖြင့် ၆၀ ကျော်ရှိသည်။ ငှက်နှင့် ငှက်ချေးများထဲတွင် ထိုရောဂါပိုးများ ပါလေ့ရှိပြီး ထိုမှတစ်ဆင့်လူကို ကူးစက်တတ်သည်။ ထိုရောဂါပိုးများကို သယ်ဆောင်ထားကြသော်လည်း ငှက်အများစုမှာ မကျန်းမာသောရောဂါလက္ခဏာ တစ်စုံတစ်ရာ မဖော်ပြပေ။ သို့သော် ထိုရောဂါပိုးများ လူကိုကူးစက်သောအခါ လူတွင် ဆိုးရွားပြင်းထန်သော ရောဂါဝေဒနာမျိုးဖြစ်လာခြင်းများ ရှိတတ်သည်။

**(၃) Erysipelas– diamond skin disease – စိန်ကွက်နာ ဘက်တီးရီးယားရောဂါ**

ဤရောဂါသည် ဝက်တွင်အဖြစ်များပြီး Erysipelothrix rhusiopathiae ခေါ် ဘက်တီးရီးယားကြောင့် ဖြစ်ရသည်။ ရောဂါဖြစ်ပွားသော တိရစ္ဆာန်၏ တစ်သျှူးများ၊ အညစ်အကြေးများမှတစ်ဆင့် ကြက်ကိုကူးစက်ကာ ကြက်မှတစ်ဆင့် လူသို့ကူးစက်နိုင်သည်။ ကြက်၊ ဘဲတို့တွင် ရောဂါဖြစ်ပွားသောအခါ ရုတ်တရက်သေဆုံးတတ်သည်။ ရောဂါပိုးရှိနေသည့် ကြက်ကို ကိုင်တွယ်သော လူ၏အရေပြားမှာ ပွန်းပဲ့ရှနာဒဏ်ရာများရှိနေပါက ထိုနေရာမှတစ်ဆင့် ရောဂါပိုးဝင်သွားပြီး အရေပြားအောက်တွင်အနာများ ဖြစ်လာခြင်း၊ သွေးတွင်း ဘက်တီးရီးယားများလာခြင်း၊ ရောဂါဆိုးရွားပါက နှလုံးအတွင်းသားရောင်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် အဆစ်ရောင်ခြင်းတို့ ဖြစ်တတ်သည်။

**(၄)Psittacosis–Ornithosis –ကုတ်ဟီးချောင်းဆိုးနာ**

ဤရောဂါသည် Chlamydia ခေါ် ဘက်တီးရီးယားကြောင့်ဖြစ်ပွားသော ရောဂါဖြစ်သည့်အတွက် Avian Chlamydiosis ဟုလည်းခေါ်သည်။

Chlamydia ပိုးသည် ကြက်တော၊ ကြက်တူရွေး၊ ကျေး၊ ကတ္တဝါ စသော ငှက်များ၌ ဝင်ရောက်လျှင်Psittacosis ဟုခေါ်ပြီး စာဝါ၊ ငှက်ပုတီး၊ စာကလေး၊ သာလိကာ ၊ ခိုတို့တွင် ဝင်ရောက်လျှင် Ornithosis ဟုခေါ်သည်။ Parrot Fever ဟုလည်း ခေါ်ဝေါ်ကြသည်။ မြန်မာအခေါ်အဝေါ်အရ "ကုတ်ဟီးချောင်းဆိုးနာ" ဖြစ်ပါသည်။ Chlamydia ရောဂါပိုးဝင်လျှင် အမွေးအတောင် ဖွာခြင်း၊ မှိုင်ခြင်း၊ အိပ်ငိုက်နေခြင်း၊ အစာမစားခြင်း၊ ဝမ်းသွားလျှင် အရည်များသွားခြင်း၊ ကိုယ်အလေးချိန် ကျဆင်းခြင်း စသောအထွေထွေ မကျန်းမာခြင်းများ ဖြစ်တတ်သည်။ နောက်ပိုင်းဝမ်းသွားသောအကြိမ် ခေတ္တလျော့နည်းသွားသော်လည်း ဝမ်းအမည်းများသွားတတ်သည်။

၁၂ ရက်ခန့်ကြာလျှင် ဝမ်းအရည်များသွားပြီး အဖြူရောင်သို့ ပြောင်းလဲသွားမည်။ နှာခေါင်းနားတွင် ခြောက်သွေ့စေးကပ်သော နှပ်ချေးများကို တွေ့ရတတ်သည်။ ရောဂါလက္ခဏာ လုံးဝမပြသော ငှက်များလည်း ရှိသည်။

ငှက်မှ လူကိုကူးစက်သောအခါ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်တတ်ပြီး ချောင်းဆိုးခြင်း၊ အဆုတ်ရောင်ခြင်းစသော တုပ်ကွေးနှင့်ဆင်တူသည့် ရောဂါလက္ခဏာများ ပြတတ်သည်။ ရောဂါကူးစက်ပုံမှာ ငှက်ချေးခြောက်များ၊ နှာရည်များ၊ အမွေးအတောင်မှအမှုန်အမွှားများကို ရှူရှိုက်မိရာမှ ကူးစက်သည်။

**(၅) Salmonellosis, Cryptosporidiosis, Campylobacteriosis– ဆယ်မိုနဲလား၊ ခရစ်ပတိုစပိုရီဒီးယန်း၊ ကမ်ပိုင်လို ဘက်တား ဘက်တီးရီးယား ရောဂါများ**

ရောဂါပိုးရှိနေသော ကြက်၊ ငှက်များကို ထိတွေ့ကိုင်တွယ်မိခြင်း၊ ရောဂါပိုးပါရှိနေသော ကြက်၊ ငှက်အသားများ၊ ဥများကို မကျက်တကျက်စားသုံးခြင်းမှ ကူးစက်သည်။ ရောဂါပိုးရှိသော ကြက်၊ ငှက်များသည် ဝမ်းပျက်ဝမ်းလျှောသည့်လက္ခဏာပြသော်လည်း အချို့က လက္ခဏာ လုံးဝမပြပေ။ တောရိုင်းငှက်များသည် ဤရောဂါပိုးများကို သယ်ဆောင်ထားလေ့ရှိသည်။

**(၆) H5N1–Bird flu– ကြက်ငှက်တုပ်ကွေးရောဂါ**

ဤရောဂါသည် ကြက်၊ ငှက်တို့တွင် ရောဂါပြင်းထန်သည်သာမက ကြက်၊ ငှက်မှတစ်ဆင့် လူနှင့် အခြားတိရစ္ဆာန်တို့ကိုပါ ရောဂါကူးစက်စေနိုင်သော ရောဂါတစ်မျိုး ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါ မပြန့်ပွားစေရန် ကြက်၊ ငှက်သန်းပေါင်းများစွာကို ဖျက်ဆီးခြင်းဖြင့် ထိန်းချုပ်ခဲ့ရသည်။ ယင်းသည် ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး အဓိကအားဖြင့် မွေးမြူရေးကြက်များမှ ပျံ့နှံ့သည်။ ဆောင်းခိုငှက်များနှင့် ရေတွင်ကျက်စားသော ဘဲ၊ ဘဲငန်းတို့သည်လည်း ရောဂါလက္ခဏာ တစ်စုံတစ်ရာမပြဘဲ ရောဂါပိုးကို သယ်ဆောင်ထားတတ်သည်။

ရောဂါကူးစက်ပုံမှာ ကြက်၊ ငှက် တို့၏ လျှာရည်၊ နှာရည်၊ အညစ်အကြေးနှင့် သွေးတို့ကို ထိမိ၊ ကိုင်မိ၊ ရှူမိခြင်းမှ ဗိုင်းရပ်စ်ကူးစက်သည်။ လူကို ရောဂါကူးစက်လျှင် ဆိုးရွားပြင်းထန်ပါသည်။

### သတိထားသင့်သော အကြောင်းအရာများ

ဆေးကုသသည့် သက်တမ်းတစ်လျှောက်တွင် ကြက်၊ ဘဲ၊ ဘဲငန်း၊ ကြက်တူရွေး၊ သာလိကာ၊ သိန်းငှက်၊ စွန်၊ ကျီးကန်း၊ ခို၊ ဒီးဒုတ်၊ ဇီးကွက်၊ ကြိုးကြာ စသောငှက်အမျိုးမျိုးကို ကုသဖူးပါသည်။ အချို့က ဒဏ်ရာရပြီး ပြုတ်ကျနေသော ငှက်များ၊ မြေပေါ်ကျပြီး မပျံနိုင်သောငှက်များကို သွားရင်းလာရင်း တွေ့သောကြောင့် ကရုဏာစိတ် သက်သက်ဖြင့် လာပြပေးကြခြင်းဖြစ်သည်။ ဆေးခန်းလာပြပေးသူအများစုက ငယ်ရွယ်နုနယ်သော ကလေးများသာ။

ထိုအခါမျိုး၌ ငှက်မှ လူကို ရောဂါမကူးစက်အောင် မျက်နှာစည်း တပ်ဆင်ပါ၊ လက်အိတ်နှင့်ကိုင်တွယ်ပါဟု နားလည်အောင် ရှင်းပြခဲ့ရသည်။ ကြက်ငှက်တုပ်ကွေးရောဂါ အုတ်အော်သောင်းတင်း ဖြစ်ခဲ့စဉ်အချိန်ကတော့ ကာကွယ်ရမည့် အခြေခံအချက်အလက်များကို လူတိုင်း ဂရုပြုမိလာကြပါသည်။ ယခုအခါ မြို့ကြီးပြကြီးများတွင် ကျက်စားနေသော ငှက်များ၏ အရေအတွက်ကို မခန့်မှန်းနိုင်ပါ။ သစ်ပင်သစ်တောရှိသည့်နေရာများမှ ငှက်များသည် မြို့ပေါ်ရှိ အဆောက်အအုံများ၊ ခတ်ကြိုးများ၊ ခတ်တိုင်များ၌သာမက လူနေရပ်ကွက်များအတွင်းတွင်ပါ နေရာယူလာသည်။ လမ်းမပေါ်တွင်သာ ညအိပ်ရပ်နားသော ကားတန်းတို့၏ အမိုးများ၊ ရှေ့မှန်၊ နောက်မှန်များထက်၌ ငှက်ချေးများက မြင်မကောင်း၊ ရှုမကောင်း။ ကျီးကန်းနှင့် စာကလေးတို့ထက် ခိုဖြူ၊ ခိုပြာများက ပိုမိုများပြားလာသည်။ အိမ်တံစက်မြိတ်တန်းများအောက်တွင် ညအိပ်ခိုနားသော ခိုညည်းသံများ ကြားလာရသည်။ မြန်မာတို့၏အယူအရ ခိုညည်းသံကို မင်္ဂလာမရှိဟု ဆိုကြသော်လည်း ခိုများက လူကိုရန်မပြုတတ်၊ မကြောက်လန့်တတ်ဘဲ အုပ်စုဖွဲ့နေထိုင်တတ်သည့် သဘာဝရှိသော သတ္တဝါများသာ ဖြစ်သည်။ ဆန်စပါးကဲ့သို့ အစေ့အနှံများ၊ လူတို့စွန့်ပစ်ထားသည့် စားကြွင်းစားကျန်များကို စားသုံးပြီး ရှင်သန်သည်။

လူတို့သည် ကမ္ဘာစစ်များအတွင်းက စာပို့ခိုများကို အသုံးပြုပြီး သတင်းပို့ဆက်သွယ်ခဲ့သည်။ ဤသတင်းပို့ဆက်သွယ်မှုများကြောင့် လူ့အသက်ထောင်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်။ ထိုအချက်ကို လူတို့က မမေ့ကြပါ။ ၁၉၉၆ ခုနှစ်မှ စတင်ခဲ့သော မှတ်တမ်းများအရ နယူးယောက်မြို့တွင် ငှက်မှ လူကိုရောဂါကူးစက်သည့် ဖြစ်ရပ်မှာ အရေအတွက် ၅၀ အောက်သာရှိခဲ့သည်။ ယင်းတို့၏ ၇၀ ရာခိုင်နှုန်းသည် အိမ်မွေး အလှမွေးငှက်များမှ ကူးစက်ခဲ့ခြင်းသာဖြစ်သည်။

အစာရေစာပေါများသည့်နေရာများသို့ သဘာဝအလျောက် ရွှေ့ပြောင်းကျက်စားလာသော ကျေးငှက်တို့ကို တားဆီး၍မရနိုင်လျှင်သော်မှ လူကိုရောဂါမကူးစက်နိုင်အောင် လူတို့ဘက်က ကာကွယ်တားဆီးနိုင်ပါသည်။

- ❖ မနက်စောစော ငှက်စာကျွေးတတ်သူ အများစုသည် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များဖြစ်ရာ ငှက်၏အမွေးအတောင်များ၊ တောင်ပံခတ်စဉ်၊ ပျံသန်းစဉ် ထွက်လာသော အမှုန်အမွှားများကို မရှူမိစေရန် နှာခေါင်းနှင့် ပါးစပ်စည်း တပ်ဆင်ထားပါ။
- ❖ ခြံရှေ့၊ အိမ်ရှေ့တွင် ရပ်နားထားသော ကားများပေါ်မှ ငှက်ချေးများကို (မိမိ၏ကားဖြစ်ပါက) လက်အိတ်စွပ်ပြီး စနစ်တကျ ဆေးကြောသုတ်သင်ပါ။ မိမိ၏အိမ်တွင်းသို့ ငှက်ချေးခြောက်များ မလွင့်ပျံ့လာအောင် အကာအကွယ်ပြုလုပ်ထားပါ။
- ❖ ခြံရှေ့၊ အိမ်ရှေ့ရှိ ငှက်ချေးကျနေသော နေရာများကို ဆပ်ပြာရည်ဖြင့် စင်အောင်ဆေးကြောပါ။
- ❖ မိမိ၏အိမ်တွင် ငှက်များ ညအိပ်နားခိုခြင်း မပြုနိုင်အောင် တတ်နိုင်သမျှ ကာရံထားပါ။
- ❖ စားကြွင်းစားကျန်များကို စနစ်တကျစွန့်ပစ်ပါ။
- ❖ ပြင်ပမှငှက်များ ထိုးဆွစားသုံးခြင်း မပြုနိုင်ရန် အမှိုက်ပုံးများကို လုံအောင်ဖုံးထားပါ။
- ❖ မိမိ၏ အိမ်မွေးငှက်များကို စနစ်တကျ ပြုစုစောင့်ရှောက်ပါ။ အညစ်အကြေးများကို သန့်ရှင်းပေးပါ။
- ❖ အိမ်မွေးငှက်များကိုဖြစ်စေ၊ အကြောင်းတစ်ခုခုကြောင့် ပြုတ်ကျနေသော ငှက်များကိုဖြစ်စေ ကိုင်တွယ်လိုလျှင် နှာခေါင်းနှင့် ပါးစပ်စည်း တပ်ဆင်ပါ။ လက်အိတ်ဝတ်ဆင်ပါဟု အကြံပြုလိုပါသည်။

ယခုလို ကိုဗစ်–၁၉ ကပ်ရောဂါ ကာလတွင် လိုက်နာနေကြရသော နှာခေါင်းနှင့် ပါးစပ်စည်း တပ်ဆင်ခြင်း၊ လက်အိတ်ဝတ်ခြင်း၊ လက်များကို စနစ်တကျ ဆေးကြောခြင်းတို့သည် ကိုဗစ်အလွန်ကာလများအထိ ကျင့်သုံးရမည့် စည်းကမ်းများဖြစ်သလို ငှက်များမှ လူကို ရောဂါမကူးစက်အောင် ကာကွယ်နိုင်သည့်အခြေခံ နည်းလမ်းများပင် ဖြစ်ပါသည်။ ။

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ COVID-19 ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများအားလုံး၏ ဝန်ဆောင်မှုလုပ်ငန်းများကို (၁၄.၉.၂၀၂၀) ရက် တနင်္လာနေ့မှစ၍ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်းနှင့် အခြေအနေတည်ငြိမ်မှသာ ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဖွင့်လှစ်နိုင်မည့်ရက်အား ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးတင်ပြအပ်ပါသည်။

ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားသည့် ကာလအတွက် ကနဦးမှတ်ပုံတင်ယာဉ်များ၏ ရက်လွန်ဒဏ်ကြေး၊ သက်တမ်းတိုးမော်တော်ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များ၏ သက်တမ်းလွန်ဒဏ်ကြေးများအပါအဝင် လုပ်ငန်းဆိုင်ရာများအား အများပြည်သူထိခိုက်နစ်နာမှုမရှိစေရန် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးသပ်စိစစ်ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## စာပေဗိမာန်စာအုပ်ဆိုင်များတွင် စက်တင်ဘာလထုတ် သုတပဒေသာစာစောင် ရောင်းချ

**ရန်ကုန် စက်တင်ဘာ ၁၁**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၊ အတွဲ (၄၇)၊ အမှတ်(၉) ကို ထုတ်ဝေလိုက်ပြီဖြစ်ပါသည်။




လူငယ်များအတွက် အဓိကဦးတည်သော သုတပဒေသာစာစောင်၏ မျက်နှာဖုံးဆောင်းပါးကဏ္ဍမှာ **"ဩဂဲနစ်အစားအစာနှင့် ကျန်းမာရေး"** ဖြစ်ပါသည်။ မျက်နှာဖုံးဆောင်းပါးကဏ္ဍတွင် ဩဂဲနစ်အစားအစာ၊ ဩဂဲနစ်အစားအစာနှင့် ကျန်းမာရေး၊ ဩဂဲနစ်အစားအစာနှင့် စိုက်ပျိုးရေး၊ ဩဂဲနစ်သဘာဝနည်းဖြင့် စိုက်ပျိုးမွေးမြူရေး၊ သက်ရှည်ကျန်းမာလှပဖို့ ဩဂဲနစ်အစားအစာ စားကြစို့၊ ကဗျာကဏ္ဍတွင် စကားပြောပုံနည်းလမ်းစုံ၊ ပင်တိုင်စီမင်းသမီးလေး ရဲလေ့ (၅)၊ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာကဏ္ဍတွင် အပြင်လူတစ်ယောက်အနေဖြင့် ကမကထအစပြုသူ၊ ရိုးရိုးကလေးပါ၊ လုပ်ငန်းကြန့်ကြာမှုများကို ဖယ်ရှားပါ၊ အဖြည့်၊ နိုင်ငံတကာဆိုင်ရာကဏ္ဍတွင် မတူကွဲပြား ထူးခြားသော လေဆိပ်များ၊ ကိုဗစ်-၁၉၏ လုပ်ကြံဖန်တီးမှုသတင်းများ ဖော်ထုတ်ခြင်း၊ ကပ်ရောဂါအလွန် အလုပ်ခွင်အိုပယ်ဝါဒ ပိုဆိုးလာမလား၊ လူကုန်ကူးမှုဆိုင်ရာကဏ္ဍတွင် ယုံစားမိခြင်း၏ နောက်ကွယ်၊ ကလေးအလုပ်သမားဆိုင်ရာကဏ္ဍတွင် ကလေးအလုပ်သမားအရေး ဝိုင်းဝန်းဆောင်ရွက်ပေး၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာကဏ္ဍတွင် လင်းနို့နဲ့သူ့အစာတို့ အားပြိုင်ပွဲ၊ ခြိမ်းခြောက်ခြင်းခံနေရသော မျိုးစိတ်များ၊ ကမ္ဘာ့ရာသီဥတုဆိုင်ရာ လူငယ်များ လှုပ်ရှားမှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာကဏ္ဍတွင် နျူကလီးယားနှင့် ဓာတုလက်နက်များ၏ အဖျက်စွမ်းအား၊ လပေါ်တွင် ရှုမည့်လေ သောက်မည့်ရေ၊ အဏုမြူဗုံးနောက်ကွယ်မှ လျှို့ဝှက်မြို့များ၊ ကျန်းမာရေးဆိုင်ရာကဏ္ဍတွင် တီဘီရောဂါအကြောင်း သိကောင်းစရာ၊ ဆန်းသစ်ဖွေရှာ ဆေးပညာ(၂၂၅)၊ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ကြပါစို့၊ သကြားချိုကို သတိပိုမို၊ ဖြစ်ရပ်မှန်ကဏ္ဍတွင် စစ်ဂယက်တဒင်္ဂ၊ တန်းကြိုးပေါ်က ဘဝများ၊ ဝတ္ထုတိုကဏ္ဍတွင် စာဖတ်မြတ်နိုးရေး၊ ပြန်တွေးခြင်း အနုပညာ၊ အထွေထွေကဏ္ဍတွင် သတင်းအမှန် ပွဲတင်သံ စသည်ဖြင့် ကဏ္ဍမျိုးစုံ ဆောင်းပါးများ ပါဝင်ပါသည်။

သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်ဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

**သတင်းစဉ်**

## သံဖြူဇရပ်မြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သံဖြူဇရပ် စက်တင်ဘာ ၁၁**

သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ယမန်နေ့တွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(Type-1) ဆောင်ရွက်လျက်ရှိသော မြမာလာကျေးရွာအုပ်စု၊ မြမာလာကျေးရွာသို့ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် စာရင်းဇယား ဖြည့်သွင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။



အဆိုပါ ကျေးရွာ၌ စီမံကိန်းရန်ပုံငွေအား ဩဂုတ် ၁၃ ရက်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ် ၆၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးအတွက် ငွေကျပ် ၁၅၉ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးအတွက် ငွေကျပ်ကိုးသိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးအတွက် ငွေကျပ် ၅၆ သိန်းနှင့် အသက်မွေးဝမ်းကျောင်းတစ်ဦးအတွက် ငွေကျပ်သုံးသိန်း၊ စုစုပေါင်း ထုတ်ချေးငွေကျပ် ၂၉၄ သိန်းအား ချေးငွေအောင်သူ ၄၅ ဦးသို့ ထုတ်ချေးပေးခဲ့သည်။

ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းသည် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ကို အထောက်အကူပြုစေရန်၊ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးမွေးမြူရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများလိုအပ်သော အရင်းအနှီးများရရှိစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာမှပိုင်ဆိုင်သော မတည်ရန်ပုံငွေထူထောင်၍ စဉ်ဆက်မပြတ် ငွေကြေးအရင်းအမြစ်ရရှိစေရန် ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း သိရသည်။ **ဂျိုင်းလော(နာဂ)**



## မော်လမြိုင်ကျွန်း၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ငါးသားပေါက်များ ထောက်ပံ့

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်က ငါးသားပေါက်များ ထောက်ပံ့ပေးလျက်ရှိသည်။

လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဝါဝါသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဌေးနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်နှင်းရီစိုးတို့သည် ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငါးမွေးတောင်သူ ၁၁ ဦး၏ ငါးမွေးကန် ၆၀ ဒသမ ၇၈ ဧကအတွက် ငါးသားပေါက်ကောင်ရေ ၁၂၁၅၆၀ ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းကြီးလှေအောက်

* အို လူသားတို့
နီးကြားလေကြ၊ မပေါ့ဆနှင့်
ကမ္ဘာ့အခြေ၊ ဖျားနာနေလည်း
တို့တွေပြုစု၊ စောင့်ရှောက်မှုဖြင့်
ယခုမကြာ၊ ကပ်ရောဂါသည်
ဆုတ်ခွာဝေးဝေး၊ ကွယ်ပျောက်ရေးမို့
ကျေးလက်မြို့ရွာ၊ ပူးပေါင်းကာလျှင်
လိုက်နာစည်းကမ်း၊ ကာကွယ်စမ်းပ
လှိုင်းကြမ်းလေထန်၊ လောကဓံဟု
သွင်းမှန်နှလုံး၊ ဓမ္မထုံးနှင့်
အပြုံးမပျက်၊ ရှေ့သို့ဆက်မည်
တက်ညီလက်ညီ၊ လှော်ခတ်သည်မို့
ရွှေပြည်ခရီး၊ ပန်းတိုင်နီးပြီ
လှိုင်းကြီးလှေအောက် ရှိမြဲတည်း။ ။

အောင်မြင့်စိုး(ရေစကြို)




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

စက်တင်ဘာလ ၁၂ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်း အောင်အောင်ထွေး သရုပ်ဖော်ထားသည့် ဂျော်ကီနောက်ပြောင်လိုက်သော အကြောင်းအရာအပေါ် စိတ်ဝင်စားပြီး တကယ်ဟုတ်၊ မဟုတ် သိလိုသော ပုတုအကြောင်းကို ရေးဖွဲ့ထားသည့် "တော်တော်နောက်တဲ့ဂျော်ကီ" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာလုံးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ကြီး၏ အောင်မြင်မှုများ အကြောင်းကို တင်ဆက်ထားသည့် "ကုလသမဂ္ဂရဲ့အောင်မြင်မှုများ" သုတဆောင်းပါး၊ ညအချိန်တွင်ထွက်ပေါ်လာသော အသံတစ်သံကြောင့် ယုန်လေးမှာကြောက်လန့်ပြီး ဒုက္ခရောက်ခဲ့ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ယုန်ကလေးဖြူတုတ် - အသံ" နှစ်မျက်နှာကာတွန်း၊ ရိုးသားပြီး အလုပ်ကြိုးစားသော မောင်ဒီပလေးသည် မုန်ကန်ဖြောင့်မတ်ပြီး သစ္စာရှိသောမြို့စားကြီး၏ ချီးမြှင့်မြှောက်စားခြင်းကိုခံရပြီး မိဘများအပေါ် လိုလေသေးမရှိ ကျွေးမွေးစောင့်ရှောက်ပြုစုပေးနိုင်ခဲ့ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "သစ္စာရှိသောမြို့စားကြီးနှင့် ရိုးသားသူလေး" ပုံပြင်ကဏ္ဍအပါအဝင် ကလေးကာတွန်း ဖိတ်ခေါ်ခြင်းကဏ္ဍ၊ အင်္ဂလိပ်သဒ္ဒါကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရှိရသည်။ **ကြေးမုံ**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း



**မော်လမြိုင် စက်တင်ဘာ ၁၁**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ထပ်ဆင့်ရှင်းလင်းမှာကြားသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဧည့်ခန်းမတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ တက်ရောက်ခဲ့ကြပြီး ခရိုင်နှင့်မြို့နယ်တရားရုံးများမှ တရားရေး အရာရှိများ၊ ရုံးဝန်ထမ်းများကလည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။ **ကျော်သန်း**

# ကျောင်းကုန်းမြို့၌ လုံခြုံရေး ဆောင်ရွက်သူများအား အာဟာရဒါန လှူဒါန်း

**ကျောင်းကုန်း စက်တင်ဘာ ၁၁**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မြို့အဝင်စစ်ဆေးရေးဂိတ်၌ လုံခြုံရေးဆောင်ရွက်နေသူများအား နံနက်စာကို ဦးနိုင်လင်း (အင်ကြင်းနီစက်သုံးဆီဆိုင်)က လက်ဖက်ရည်နှင့် အီကြာကွေး လှူဒါန်းပြီး နေ့လယ်စာကို ဦးသန်းဆွေ(TS စက်သုံးဆီဆိုင်)က ထမင်းဘူးများကို စက်တင်ဘာလကုန်အထိ နေ့စဉ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ညနေစာကျွေးမွေးမည်ဖြစ်ပြီး မြို့အဝင်စစ်ဆေးရေးဂိတ်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ Stay at Home သတ်မှတ်ထားသော ၂၈ မြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှလာသူများ CBFQ သွင်းမည်ဖြစ်ကြောင်းနှင့် မည်သည့်ဒေသမှ လာရောက်ကြောင်း ထောက်ခံစာကို စစ်ဆေးကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ဒလမြို့နယ်ရှိ အဝေးပြေးကားဝင်း၌ ဧရာဝတီတိုင်းအခြေပြုခရီးစဉ် ယာဉ်လိုင်းများ ပြေးဆွဲမှုမရှိ

**ရန်ကုန် စက်တင်ဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ခရီးသည်များ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသော ခရီးစဉ်ယာဉ်လိုင်းများအနေဖြင့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယနေ့တွင် ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ခရီးစဉ်ယာဉ်လိုင်းများ ပြေးဆွဲမှုမရှိကြောင်းနှင့် ဒေးဒရဲတံတားအဆင်း ကွမ်းခြံကုန်းမြို့နယ် အင်္ဂပူကျေးရွာ ဝင်ပေါက်ဂိတ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့မှ ယနေ့နံနက်ပိုင်းကစတင်ပြီး ယာဉ်ဝင်ရောက်မှုမရှိစေရေးအတွက် ပိတ်ထားကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်းမြို့နယ်များနှင့် လှိုင်သာယာမြို့နယ်များသို့ YBS ၄၇၊ ၄၈၊ ၄၉၊ ၅၀ ယာဉ်များအနေဖြင့် ခရီးသည်များ အဆင်ပြေစေရေး၊ ကုန်စည်စီးဆင်းမှု မပြတ်လပ်စေရေးအတွက် သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်မှုများဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၂၃ လိုင်းရှိပြီး ယာဉ်အစီးပေါင်း ၂၉၄ စီးရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# ရွှေဗဟိုလ်သတင်းအေဂျင်စီမှ နှာခေါင်းစည်း ၅၀၀၀ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၁**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အခြေစိုက် ရွှေဗဟိုလ်သတင်းအေဂျင်စီက ယနေ့နံနက် ၈ နာရီမှစ၍ မြို့ပေါ်ရှိဘုန်းတော်ကြီးစာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များနှင့် ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးသို့ နှာခေါင်းစည်း ၅၀၀၀ လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် စာသင်တိုက်များဖြစ်သည့် ရွှေကျင်စာသင်ကျောင်းတိုက်၊ ခဲလယ်ကျောင်းတိုက်၊ မြို့လယ်ရွှေစည်းခုံကျောင်းတိုက်၊ ရွှေစည်းခုံတောရကျောင်းတိုက်၊ ရွှေဟသံ်ာကျောင်းတိုက်၊ စတုဘုမ္မိကကျောင်းတိုက်၊ ရတနာမာန်အောင်ကျောင်းတိုက်၊ ကန်ဦးကျောင်းတိုက်၊ ခန္တီးကျောင်းတိုက်၊ အရိယမှန်ပြကျောင်းတိုက်၊ မြမဥ္ဇူကျောင်းတိုက်၊ ပြည်လုံးချမ်းသာကျောင်းတိုက်တို့နှင့် သီလရှင်စာသင်တိုက်များဖြစ်သည့် ရွှေဆင်မင်းစာသင်တိုက်၊ ဇရမ်းသီလရှင်စာသင်တိုက်များသို့ နှာခေါင်းစည်း ၃၀၀၀ ကိုလည်းကောင်း၊ ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံဝန်ထမ်းများအတွက် နှာခေါင်းစည်း ၂၀၀၀ ကို ဆေးရုံအုပ်ကြီးထံသို့လည်းကောင်း ရွှေဗဟိုလ် သတင်းအေဂျင်စီ C.E.O စာရေးဆရာ ဦးသိန်းဇော်(ငမြတ်စံ) က လှူဒါန်းခဲ့သည်။ **သိန်းဇော်(ကျည်ပွေ့)**



**❍ MNL ပွဲစဉ်(၁၅)မှ**

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက မကွေးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ဇင်မင်းထွန်းက ၁၁၊ ၁၅၊ ၄၆ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်ဂိုးများကို ၅၈ မိနစ်တွင် ဒေးဗစ်ဒန်းနှင့် ၈၃ မိနစ်တွင် ကိသ်မာတူနာတို့က သွင်းယူခဲ့သည်။ မကွေးအသင်းအတွက် ချေပဂိုးကို ၅၁ မိနစ်တွင် နိုင်နိုင်ကျော်နှင့် ၈၄ မိနစ်တွင် ပြည်မိုးတို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရခိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ၅၀၊ ၆၇ မိနစ်တွင် ဝင်းနိုင်စိုး၊ ၅၄ မိနစ်တွင် လှိုင်းဘိုဘိုတို့၏ ဂိုးများဖြင့် သုံးဂိုးဆက်ရခဲ့ပြီး ရခိုင်အသင်းအတွက် ချေပဂိုးကို ၆၉ မိနစ်တွင် တည်ငြိမ်မင်းက သွင်းယူခဲ့သည်။

ဒုတိယနေ့ကို စက်တင်ဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် Southern အသင်း၊ YUSC ကွင်း၌ အားကာသိပ္ပံအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

# ဘားအံယာဉ်ရပ်နားစခန်းမှ ခရီးသည်တင်ယာဉ်လိုင်းများပြေးဆွဲမှုကို ယာယီရပ်နား

**ဘားအံ စက်တင်ဘာ ၁၁**
ကရင်ပြည်နယ် ဘားအံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းမှ ခရီးသည်တင်မော်တော်ယာဉ်လိုင်းများအားလုံးကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းမှစ၍ ယာယီရပ်နားထားမည်ဖြစ်ကြောင်း ဘားအံမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်ထံမှ သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါ ပြည်တွင်းကူးစက်မှုနှုန်း မြင့်မားလာနေသဖြင့် ယနေ့မွန်းလွဲပိုင်းက ဘားအံခရိုင် အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ ရောဂါကူးစက်ဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မော်တော်ယာဉ်လိုင်းများပြေးဆွဲခြင်းကို ရပ်နားထားမည်ဖြစ်ပြီး ပြန်လည်ပြေးဆွဲမည့် ရက်အတိအကျကို မပြောနိုင်သေးကြောင်းနှင့် ရောဂါကူးစက်ဖြစ်ပွားမှု ရပ်တန့်သွားချိန်ရောက်မှသာ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ မော်တော်ယာဉ်လိုင်းများ ယာယီရပ်နားထားခြင်းကို ဒေသအုပ်ချုပ်ရေးပိုင်းမှ အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိသော်လည်း တတ်နိုင်သမျှ မော်တော်ယာဉ်လိုင်းများ ပြေးဆွဲခြင်းမပြုလုပ်ကြရန်ကိုသာ ညွှန်ကြားထားခြင်းဖြစ်ကြောင်းနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကရင်ပြည်နယ်သို့ ဝင်ရောက်လာသူများကို သံလွင်တံတားစစ်ဆေးရေးဂိတ်တွင် စစ်ဆေးပြီး ကန့်သတ်ထားရှိ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**




# ဝမ်းတွင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းများဝေငှ



**ဝမ်းတွင်း စက်တင်ဘာ ၁၁**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဝမ်းတွင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ဝင်းနှင့် ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီက အမှတ်(၂)ရပ်ကွက်ရှိ မီးပွိုင့်မြောက်ဘက်အနီးတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဝမ်းတွင်းမြို့ အဝင်/အထွက် ယာဉ်များအား စစ်ဆေးပြီး အသိပညာပေး၍ နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# မိုက်ကရိုဖုန်းပေါ်မှ မျက်ရည်စက်များ

■ ခင်ရတနာ

**အလုံပိတ်ထားသည့်အခန်းများတွင် ရောဂါပိုးများ မည်မျှလွင့်မျောနေနိုင်မည်ဆိုသည်ကို မည်သူမျှ ပကတိမျက်စိဖြင့် မမြင်နိုင်၊ မသိနိုင်၊ တစ်ဦးနှင့်တစ်ဦး နီးကပ်သည့်အနေအထား၊ အရာဝတ္ထုများ ထိစပ်သည့်အနေအထားတို့တွင် ကာကွယ်မှုပြုနိုင်ရန် အလွန်ခဲယဉ်းသဖြင့် မိမိအိမ်အတွင်း နေထိုင်ခြင်းဖြင့်သာ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ လက်ရှိတွင် တစ်နိုင်ငံလုံးရှိ ကေတီဗွီများနှင့် နိုက်ကလပ်များကို ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ထားသည်။ တရားမဝင်ဖွင့်လှစ်နေသည့် ကေတီဗွီများ၊ နိုက်ကလပ်များကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အတိုင်း ဖမ်းဆီးစစ်ဆေး အရေးယူလျက်ရှိသည်မှာ စက်တင်ဘာ ၁ ရက်မှ ယနေ့အထိ အမှုပေါင်း ၉၀၀ နီးပါးရှိခဲ့ပြီဖြစ်။**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါက တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်အန္တရာယ်ပေးလျက်ရှိပါသည်။ ကူးစက်မြန်ရောဂါ ဖြစ်ပွားခြင်းကို အရှိန်အဟုန်မြင့်စေသည့် အကြောင်းအရာများအနက် ဘားများ၊ နိုက်ကလပ်များနှင့် ကာရာအိုကေများ၊ အနှိပ်ခန်းများ စသည့် လူအချင်းချင်း ထိတွေ့မှုများသည့်နေရာများသို့ သွားလာခြင်းကလည်း အများဆုံး ပါဝင်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကျန်းမာရေးပညာရှင်များက လပေါင်းအတော်ကြာကြာ နေ့စဉ်ရက်ဆက် မည်မျှပင်အသိပေးစေကာမူ မလိုက်နာလိုသူများက ရောဂါကူးစက်ရန် အန္တရာယ်အပြည့်ရှိနေသည့် မိုးလုံလေလုံနေရာများ၊ လေဝင်လေထွက်အားနည်းသည့်နေရာများနှင့် လူစုလူဝေးဖြင့် စားသောက်အပန်းဖြေကြသည့် နေရာများသို့ သွားမြဲတိုင်းသွားခဲ့ကြသည်။ ယင်းသို့သောနေရာမျိုးတွင် စကားပြောရန်၊ သီချင်းဆိုရန်၊ အဖျော်ယမကာသောက်သုံးရန်၊ အစားအစာစားရန် စသည့် အကြောင်းများကြောင့် မိမိတို့တွင် တပ်ထားသည့် ပါးစပ်နှာခေါင်းစည်းကို အခိုက်အတန့်မျှ ချွတ်လိုက်မိသည်နှင့် တစ်ပြိုင်နက် မမြင်ရသော မကောင်းဆိုးရွားတစ်ကောင်သဖွယ် အလစ်ချောင်းနေသည့် ကမ္ဘာ့ပတ်ဗိုင်းရပ်စ် ကိုဗစ်-၁၉ က အခွင့်ကောင်းယူကာ ဝင်ရောက်သွားမည်ဖြစ်သည်။

### ဝေ့ဝဲလွင့်မျော

တစ်ညတာပျော်စရာရှာဖွေသည့်နေရာမှ တစ်ဘဝစာ သင်ခန်းစာများရရှိမည်ကို ကြိုတင်မမြော်တွေးမိသူများအဖို့ အန္တရာယ်ကြုံရသည့် ဖြစ်စဉ်များ ကမ္ဘာတစ်ဝန်းတွင် မနည်းတော့ပြီဖြစ်သည်။ ကူးစက်ရောဂါဖြစ်ပွားစဉ်အတွင်း သီးသန့်ခန်းဟုခေါ်ရမည့် ကာရာအိုကေခန်းများသည် အမေရိကလူငယ်များ၊ ဥရောပလူငယ်များ၊ အာရှလူငယ်များ စသည်ဖြင့် ခွဲခြားမနေဘဲ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ဖြန့်ဝေပေးခဲ့ပုံရသည်။ လူစည်ကားသည့် ဘားများအတွင်း အဖျော်ယမကာကော့တေးက အရှိန်မြှင့်တင်ပေးလိုက်သည့် လှိုင်းကိုစီးကာ ကျယ်ကျယ်လောင်လောင် သီချင်းလိုက်ဆိုနေကြသူများ၏ကြားလေထုထဲမှာ ကိုရိုနာဗိုင်းရပ်စ်သည် ဝေ့ဝဲလွင့်မျောလျက်ရှိသလို ပုလင်းများ၊ ဖန်ခွက်များနှင့် မိုက်ကရိုဖုန်းများ၏ မျက်နှာပြင်များပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်သည် တွယ်ကပ်ဖုံးလွှမ်းနေကြောင်း ဝါရှင်တန်ပို့စ်၏ သတင်းဆောင်းပါးတစ်ပုဒ်တွင် လူငယ်တစ်ယောက်၏ ကိုဗစ်-၁၉ အတွေ့အကြုံကို ရေးဖွဲ့ဖော်ပြထားသည်။

ဂျာမနီနိုင်ငံကလို ဘားမှ စားပွဲထိုး မာရီယိုခရီးဘီးသည်လည်း ဘားသို့လာရောက်သည့် ဖောက်သည်တစ်ဦးဦးထံမှ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည်။ နှာခေါင်းစည်း တပ်ဆင်ပေးပါဟု သူဘယ်လောက်ပင် တောင်းပန်ပြောပြော သူ့ဘားသို့လာရောက်သူအများစုက လက်မခံခဲ့ဟုဆိုသည်။ သို့ဖြင့် သူ၏ အနှစ် ၂၀ ကျော် စားပွဲထိုးဘဝကို နိဂုံးချုပ်အဆုံးသတ်ရန် ကိုဗစ်-၁၉ ရောဂါပိုးက သူ့ထံရောက်ရှိလာခဲ့သည်။ သူ့အဖြစ်မျိုးမကြုံကြစေဖို့ လုံခြုံရေးဝန်ထမ်းများ၊ ဧည့်ကြိုများနှင့် စားပွဲထိုးများကို သူက စိတ်ပူပန်မှုများစွာဖြင့် မှာကြားခဲ့သည်။ အားမနာတတ်သည့် စားသုံးသူများကိုတော့ နာကြည်းနေမလား မပြောတတ်ဟု သူ့ကိုဆေးကုသပေးခဲ့သည့် ဆရာဝန်က မှတ်ချက်ပေးထားသည်။

### ဆိုလေလေ ရောက်လေလေ

ဝါရှင်တန်ရှိ ဘုရားရှိခိုးကျောင်းတစ်ခုအတွင်း နှစ်နာရီခန့်ကြာမြင့်သည့် တေးဂီတလေ့ကျင့်မှုတစ်ခု၌ လူ ၅၃ ဦးခန့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းခံလိုက်ရသည်။ ယင်းဖြစ်စဉ်တွင် သေဆုံးသူနှစ်ဦးရှိခဲ့သည်။ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးစင်တာများက အသံကျယ်ကျယ် သီချင်းဆိုလေလေ ဗိုင်းရပ်စ်ပိုးတွေလေထဲကို များများရောက်လေလေဟု ဆိုခဲ့ကြသည်။ အုပ်စုဖွဲ့၍ အသံကျယ်ကျယ်ဖြင့် စုပေါင်းသီဆိုကြသောအခါ ဗိုင်းရပ်စ်ပိုးများစွာ လေထုထဲတွင် ရောက်ရှိသွားမည်ဟု ခန့်မှန်းကြည့်နိုင်သည်။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၏ ပြည်သူ့ကျန်းမာရေးလမ်းညွှန်ချက်များတွင် ကာရာအိုကေခန်းမများနှင့် နိုက်ကလပ်များကို ပိတ်ထားရန်နှင့် ဘားများ၊ အရက်ဆိုင်များကို ၅၀ ရာခိုင်နှုန်း ဖွင့်ခွင့်မပြုဘဲ ကျန်းမာရေးနှင့်စနစ်တကျ ကိုက်ညီမှုရှိစေရန် ကန့်သတ်ထားခဲ့သည်။

စပိန်နိုင်ငံ တောင်ပိုင်းရှိ Murcia မြို့ပြအာဏာပိုင်များက နောက်ဆုံးထုတ်ပြန်ခဲ့သည့် ဥပဒေတွင် ကိုဗစ်-၁၉ သည် ညဘက်အပန်းဖြေနေရာများမှ ပြန့်ပွားစေသည်ဟု ဖော်ပြထားပြီး ယင်းတို့ကို ပိတ်ပင်တားဆီးထားသည်။ စပိန်နိုင်ငံသည် ကိုဗစ်-၁၉ အန္တရာယ်ကို အစောပိုင်းတွင် ဆိုးဆိုးရွားရွား ခံစားခဲ့ရသည့်နိုင်ငံဖြစ်ပြီး ထိထိရောက်ရောက် ထိန်းချုပ်မှုများကြောင့် ရက်သတ္တ ၁၀ ပတ်အကြာတွင် တည်ငြိမ်စပြုခဲ့သည်။ သို့သော် အကြီးမားဆုံးပြဿနာတစ်ရပ်ဖြစ်သည့် လူငယ်များအတွက် အပန်းဖြေနေရာများကိုမူ အချိန်အကန့်အသတ်ဖြင့် ပိတ်ထားဆဲဖြစ်သည်။ ဗိုင်းရပ်စ်သည် ယင်းနေရာများသို့ လာရောက်လေ့ရှိသည့် လူငယ်များမှတစ်ဆင့် သူတို့၏ အပေါင်းအသင်းများ၊ မိသားစုများနှင့် ရင်းနှီးကျွမ်းဝင်သူများအားလုံးဆီ ကူးစက်ပျံ့နှံ့ခဲ့ခြင်းကြောင့် တင်းကျပ်ထားရခြင်းဖြစ်သည်။

### ပြန်လည်ပိတ်ထားစေခဲ့

အရှေ့အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံသည် ဇွန်လဒုတိယပတ်တွင် ရောဂါဒုတိယလှိုင်းပြန်ဖြစ်နိုင်သည့်အခြေအနေရှိကြောင်း ကြေညာခဲ့ရပြီး ရောဂါ ကူးစက်မှုအများဆုံးဖြစ်နိုင်သည့် နေရာများအဖြစ် ကျောင်းများနှင့် ကာရာအိုကေခန်းမများ၊ နိုက်ကလပ်များ၊ ဘားများကို သတ်မှတ်ပြီး ပြန်လည်ပိတ်ထားစေခဲ့သည်။

တောင်အမေရိကမှ ပီရူးနိုင်ငံ လီမာမြို့တွင်လည်း ပါတီပွဲများကျင်းပရာ ကလပ်များကို ရဲတပ်ဖွဲ့ဝင်များက ရှောင်တခင် ဝင်ရောက်ဖမ်းဆီးပြီး တားမြစ်နေကြရသည်။ ပီရူးနိုင်ငံသည် တောင်အမေရိက၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး အစိုးရက မတ်လကတည်းကပင် ကပွဲခန်းမများ၊ ကလပ်များ၊ ဘားများ၊ ကာရာအိုကေခန်းမများအားလုံးကို ပိတ်ထားစေခဲ့သော်လည်း တရားမဝင်ဖွင့်လှစ်မှုများ ရှိနေခဲ့သည်။

### တလှုပ်လှုပ်ရှိနေတတ်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၏ ညသန်းခေါင်ယံများသည်လည်း ၁၉၉၀ ပြည့်လွန်နှစ်များက ခေတ်စားခဲ့သည့် တေးသီချင်းများဖြင့် စည်ဝေပျံ့လွင့်နေပြီး ကာရာအိုကေခန်းမများအတွင်း လူများက ပျားအုံ၌ အုံခဲနေသည့် ပျားကောင်လေးများပမာ တလှုပ်လှုပ်ရှိနေတတ်သည်မှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ် မပြန့်ပွားမီအချိန်အထိပင်ဖြစ်သည်။ သုံးလခန့် ငြိမ်သက်နေသည့် ဗန်ကောက်ညများသည် ပြီးခဲ့သည့် ဇူလိုင်လတွင် ပြန်လည်သက်ဝင်လာခဲ့သည်။ သို့သော် တင်းကျပ်သည့် စည်းမျဉ်း၊ စည်းကမ်းများအပြည့်နှင့် ဖြစ်သည်။ ကေတီဗွီတစ်ခု၏ မန်နေဂျာတစ်ဦးဖြစ်သူ ပန်နဆာရာကတော့ “သူငယ်ချင်းတွေနဲ့ ဝေးနိုင်သမျှ ဝေးဝေးကနေ ကခုန်ကြပါ”ဟု ဆိုသည်။ ပါးစပ်၊ နှာခေါင်းစည်းများ၊ မျက်နှာအကာများဖုံးအုပ်ထားသဖြင့် သူ့အသံကို အတော်များများက သေချာကြားနိုင်သလားတော့ မသိဘူးဟု သူကဆိုသည်။ ပြန်လည်ဖွင့်လှစ်ခွင့်ရရန် နေရာအကွာအဝေး၊ လုံခြုံမှုအစီအမံများနှင့် ကာကွယ်မှုများစွာကြားကပင် ရောဂါကူးစက်ခံရသူများ၊ သံသယရှိသူများနှင့် သေဆုံးသွားသူများသည်လည်း ထောင်နှင့်ချီ၍ရှိနေသည်။

### အားယူရှူရှိုက်

**ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်မှ “ကျွန်တော်တို့မကြောက်ပါဘူး”ဟု ပြောတတ်သည့် ညပျော်လူငယ်အချို့ နောက်ရက်အနည်းငယ်အကြာတွင် အောက်စီဂျင်ပိုက်ကို အားယူရှူရှိုက်ရင်း နောက်ဆုံးထွက်သက်ကို ခက်ခက်ခဲခဲ ဇီဝိန်ချုပ်ခဲ့ရသည်ဟု သတင်းတစ်ပုဒ်ကဆိုသည်။ သို့ရာတွင် ဂျာမန်လူငယ်များသည် နိုက်ကလပ်များ၊ ဘားများနှင့် ကပွဲများကို သွားမြဲ၊ သွားဆဲ။ သူတို့သည် ကျန်းမာသန်စွမ်းကြပြီး ကိုရိုနာဗိုင်းရပ်စ်က သူတို့ကို ကူးစက်နိုင်မည်ဟုဆိုခြင်းကို လက်မခံခဲ့ကြ။ နောက်ဆုံးတွင် ဂျာမနီနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု သိသိသာသာတိုးလာခဲ့ခြင်းသည် ညဘက်အပန်းဖြေနေရာများမှတစ်ဆင့်ဖြစ်ကြောင်းကို ပြည်သူ့ကျန်းမာရေးအရာရှိများက လက်ခံခဲ့ကြသည်။ ကူးစက်ခံရသူများသည် အသက် ၄၀ အောက် လူငယ်များဖြစ်ကြပြီး ဆေးရုံပေါ်ရောက်ချိန် ဒါမှမဟုတ် ရင်းနှီးချစ်ခင်ရသူများထံ ကူးစက်ပြီးသည့်အချိန်များကျမှပင် နောင်တတရားကို ရရှိခဲ့ကြ။**

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်မှ “ကျွန်တော်တို့မကြောက်ပါဘူး”ဟု ပြောတတ်သည့် ညပျော်လူငယ်အချို့ နောက်ရက်အနည်းငယ်အကြာတွင် အောက်စီဂျင်ပိုက်ကို အားယူရှူရှိုက်ရင်း နောက်ဆုံးထွက်သက်ကို ခက်ခက်ခဲခဲ ဇီဝိန်ချုပ်ခဲ့ရသည်ဟု သတင်းတစ်ပုဒ်ကဆိုသည်။ သို့ရာတွင် ဂျာမန်လူငယ်များသည် နိုက်ကလပ်များ၊ ဘားများနှင့် ကပွဲများကို သွားမြဲ၊ သွားဆဲ။ သူတို့သည် ကျန်းမာသန်စွမ်းကြပြီး ကိုရိုနာဗိုင်းရပ်စ်က သူတို့ကို ကူးစက်နိုင်မည်ဟု ဆိုခြင်းကို လက်မခံခဲ့ကြ။ နောက်ဆုံးတွင် ဂျာမနီနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု သိသိသာသာတိုးလာခဲ့ခြင်းသည် ညဘက်အပန်းဖြေနေရာများမှ တစ်ဆင့်ဖြစ်ကြောင်းကို ပြည်သူ့ကျန်းမာရေးအရာရှိများက လက်ခံခဲ့ကြသည်။ ကူးစက်ခံရသူများသည် အသက် ၄၀ အောက် လူငယ်များဖြစ်ကြပြီး ဆေးရုံပေါ် ရောက်ချိန် ဒါမှမဟုတ် ရင်းနှီးချစ်ခင်ရသူများထံ ကူးစက်ပြီးသည့် အချိန်များကျမှပင် နောင်တတရားကို ရရှိခဲ့ကြရသည်။

ကိုဗစ်-၁၉ ရောဂါ တစ်ကမ္ဘာလုံး ကပ်ရောဂါအသွင်ကျရောက်ချိန်တွင် နိုင်ငံအသီးသီးမှ ဦးဆောင်သူများက မိမိတို့နိုင်ငံနှင့် အသင့်လျော်ဆုံးဖြစ်မည့် နည်းလမ်းများနှင့် ကာကွယ်တားဆီးထိန်းချုပ်ကြသည်။ မြန်မာနိုင်ငံသည်လည်း ပထမလှိုင်းကို အစိုးရနှင့် ပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများအားလုံး လက်တွဲညီညီဖြင့် ကာကွယ်တွန်းလှန်နိုင်ခဲ့ကြသည်။ ဩဂုတ်လအတွင်း ဒုတိယအကြိမ် ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာခဲ့ချိန်တွင် ရန်ကုန်မြို့ ကေတီဗွီတစ်ခုမှတစ်ဆင့် လူဦးရေ အများအပြားကို ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခဲ့ရခြင်းသည်လည်း ရောဂါကာကွယ်တားဆီးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လမ်းညွှန်ချက်များကို ပေ့ါပေ့ါဆဆ သဘောထားခဲ့ခြင်း၊ မလိုက်နာခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။

### အမှုပေါင်း ၉၀၀

အလုံပိတ်ထားသည့် အခန်းများတွင် ရောဂါပိုးများ မည်မျှလွင့်မျောနေနိုင်မည် ဆိုသည်ကို မည်သူမျှ ပကတိမျက်စိဖြင့် မမြင်နိုင်၊ မသိနိုင်၊ တစ်ဦးနှင့်တစ်ဦး နီးကပ်သည့် အနေအထား၊ အရာဝတ္ထုများ ထိစပ်သည့် အနေအထားတို့တွင် ကာကွယ်မှုပြုနိုင်ရန် အလွန်ခဲယဉ်းသဖြင့် မိမိအိမ်အတွင်း နေထိုင်ခြင်းဖြင့်သာ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ လက်ရှိတွင် တစ်နိုင်ငံလုံးရှိ ကေတီဗွီများနှင့် နိုက်ကလပ်များကို ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ထားသည်။ တရားမဝင်ဖွင့်လှစ်နေသည့် ကေတီဗွီများ၊ နိုက်ကလပ်များကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အတိုင်း ဖမ်းဆီးစစ်ဆေး အရေးယူလျက်ရှိသည်မှာ စက်တင်ဘာ ၁ ရက်မှ ယနေ့အထိ အမှုပေါင်း ၉၀၀ နီးပါး ရှိခဲ့ပြီဖြစ်သည်။

လူစုလူဝေးဖြင့် ပြုလုပ်သည့် အခမ်းအနား၊ ပွဲလမ်းသဘင်၊ အပျော်အပါးစသည်ဖြင့် မည်သည့်ရည်ရွယ်ချက်မျိုးဖြင့်မဆို ပြုလုပ်သည့် လူစုလူဝေးမှန်သမျှတို့က ကိုဗစ်-၁၉ ကပ်ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်ပျံ့နှံ့စေသည့်အလျောက် ရှောင်ရှားနိုင်ခြင်းအားဖြင့် ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်မည် ဖြစ်သည်။ ပြည်သူများ အနေဖြင့်လည်း ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာခြင်းဖြင့် မိမိအပါအဝင် မိသားစုများ၊ မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များကိုပါ ကာကွယ်ပေးနိုင်မည် ဖြစ်သည်။ တစ်နေ့တာပင်ပန်းသမျှကို ပြေပျောက်စေရန်အတွက် ကေတီဗွီတွင် သီဆိုခဲ့သည့် သီချင်းတစ်ပုဒ်သည် တစ်ဘဝစာ အလွမ်းသီချင်း မဖြစ်စေလိုပါဟူ၍သာ။ ။

# အမြို့မြို့အနယ်နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှု မြင်ကွင်းများ



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စက်တင်ဘာ ၁၀ ရက်က ပြည်သူများအား အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်စဉ်။
ဖြိုးဝေလင်း(ပြန်/ဆက်)



ကချင်ပြည်နယ် တနိုင်းမြို့၌ စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးစဉ်။
စိုင်းထင်ကျော်(ပြန်/ဆက်)



ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့၌ စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးစဉ်။
ဇင်လေး(ပြန်/ဆက်)



ကယားပြည်နယ် ရှားတောမြို့နယ်၌ စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ရေး ပြည်သူများအား အသိပညာပေးစဉ်။
ထွန်းအောင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဆိုင်း(ကြူကုတ်)မြို့၌ စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပြည်သူများအား အသိပညာပေးစဉ်။
သန်းမိုးခိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပြည်သူများအား အသိပညာပေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးစဉ်။
ထွန်းကျော်(ညောင်တုန်း)



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပြည်သူများအား အသံချဲ့စက်ဖြင့် အသိပေး နှိုးဆော်စဉ်။
ကျော်စိုး
(ကော့သောင်း)



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးစဉ်။ ကိုထိန်(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့မဈေး၌ စက်တင်ဘာ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပြည်သူများအား အသိပညာပေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးစဉ်။ နေမင်းထွန်း(ဟိုပုံး)



# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၁၃ ဦးတွေ့ရှိပြီး ၁၁၅ ဦး ထပ်မံသေဆုံး

**တီဟီရန် စက်တင်ဘာ ၁၁**

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၁၃ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၇၈၀၁ ဦး ရှိလာကြောင်း၊ ထို့အတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၁၅ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၂၉၃၁ ဦး ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ အတည်ပြုပြောကြားသည်။



### ထည့်သွင်းပြောကြား

တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၁၃ ဦးအနက် ၁၂၅၃ ဦးသည် ရောဂါပြင်းထန်သောကြောင့် ဆေးရုံတင်ခဲ့ရကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး စီမာဆာဒတ်လာရီက အွန်လိုင်းမှတစ်ဆင့် ယနေ့ပြုလုပ်သော ရှင်းလင်းပွဲတစ်ရပ်၌ ထည့်သွင်းပြောကြားခဲ့သည်။

သို့သော် အီရန်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အားလုံးအနက် ၃၄၂၅၃၉ ဦးသည် ရောဂါကင်းစင်သွားပြီး လောလောဆယ် လူနာ ၃၇၅၃ ဦးသာ အထူးကြပ်မတ် ကုဌာနတွင် အနီးကပ်စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

### အသက်ဝင်ဆဲ

အီရန်နိုင်ငံရှိ ပြည်နယ်နှင့်ဒေသပေါင်း ၁၃ ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရှိန် မြင့်မားသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အနီရောင်အဆင့် သတိပေးချက်များ ဆက်လက်အသက်ဝင်ဆဲဖြစ်ကြောင်း သိရသည်။

### အကူအညီပေးကြရန် ကမ်းလှမ်း

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိခဲ့ပြီး ယင်းရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ တရုတ်အစိုးရနှင့် အပြန်အလှန်အကူအညီပေးကြရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**




# ဘာရာဇီးနိုင်ငံ ဘာဟီးရားပြည်နယ်က ရုရှားထုတ် ကိုရိုနာဗိုင်းရပ်စ် ဆေးဝါးဝယ်ယူရန် သဘောတူ

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၁**

ဘရာဇီးနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သော ဘာဟီးရားအနေဖြင့် ရုရှားနိုင်ငံက ထုတ်လုပ်သော Sputink V ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးပေါင်း သန်း ၅၀ ဝယ်ယူရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းဆေး၏ လက်တွေ့စမ်းသပ်မှုအဆင့်သုံးကိုလည်း ဘရာဇီးနိုင်ငံတွင် ဆောင်ရွက်ရန်လည်း ထပ်မံသဘောတူညီခဲ့ကြောင်း သိရသည်။

၎င်းဆေးကို မော်စကိုဂယ်လီရာ သုတေသန အင်စတီကျုက ထုတ်လုပ်ပြီး ရုရှားနိုင်ငံ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေဖြင့် ဈေးကွက်အတွင်းသို့ ဖြန့်ချိမည်ဖြစ်သည်။ ၎င်းသုတေသန အင်စတီကျုအနေဖြင့် Sputink V ဆေးဝါးကို ဘရာဇီးနိုင်ငံ၏ အခြားပြည်နယ်တစ်ခုဖြစ်သော ပရာနာတွင်လည်း လက်တွေ့စမ်းသပ်မှုပြုလုပ်ပြီး ထုတ်လုပ်ရန် ပြီးခဲ့သောလက သဘောတူညီခဲ့သည်။ ဘရာဇီး ကျန်းမာရေးလုပ်ငန်းအေဂျင်စီက ၎င်းဆေးဝါး စမ်းသပ်ရန် အတည်ပြုပြီးသည်နှင့် တစ်ပြိုင်နက် ဘာဟီးရားပြည်နယ်အနေဖြင့် ဆေးအလုံးပေါင်း ၅၀၀ ကို လက်ခံရရှိမည်ဖြစ်သည်။

၎င်းဆေးဝါးများအား သယ်ယူပို့ဆောင်မည့်ကိစ္စများကို နိုဝင်ဘာလတွင် စတင်ဆောင်ရွက်နိုင်မည်ဟု သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-စိုးသူရ**



# အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ်ဝန်ကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**နယူးဒေလီ စက်တင်ဘာ ၁၁**

အိန္ဒိယနိုင်ငံ ကီရာလာပြည်နယ် စက်မှုဝန်ကြီး အီးပီဂျာယာရာဂျန်နှင့် ဇနီးသည် ပီကေအင်ဒီရာတို့၌ ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ကြောင်း သိရသည်။ ဂျာယာရာဂျန်သည် ကီရာလာပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ဒုတိယမြောက် အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

### သီးသန့်ထားရှိ

ဝန်ကြီး ဂျာယာရန်ဂျာနှင့်ဇနီးတို့အား ယနေ့ ပါရီယာရမ်မြို့ရှိ အစိုးရကောလိပ်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး ရုံးအမှုထမ်းလေးဦးကို သီးသန့်ခွဲထားရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကီရာလာပြည်နယ် ဘဏ္ဍာရေးဝန်ကြီး သောမတ်အိုင်ဆတ်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည်။ ထို့ကြောင့် ကီရာလာ ပြည်နယ်ဝန်ကြီးချုပ် ပီနာရာယီဗီဂျာရန်း၊ ပြည်နယ်လွှတ်တော်နာယက ပီဆရီရာမာခရစ်ရှန်နန်နှင့် ကျန်းမာရေးဝန်ကြီး ကေကေရှီလာဂျာ အပါအဝင် ပြည်နယ်ဝန်ကြီးအချို့အား နေအိမ်၌ သီးခြားခွဲနေစေခဲ့သည်။

### စမ်းသပ်မှုပြုလုပ်

အအေးမိခြင်း၊ အဖျားတက်ခြင်းတို့ကြောင့် ဝန်ကြီး သောမတ်အိုင်ဆတ်က ကျန်းမာရေးစမ်းသပ်မှု ပြုလုပ်ရာတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

**ကိုးကား-ပီတီအိုင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

■

# ကိုဗစ်-၁၉ ၏ သက်ရောက်မှုက ဆင်းရဲသည့်နိုင်ငံများကို ပိုမိုထိခိုက်စေခဲ့

**လန်ဒန် စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို ဓနအင်အား တောင့်တင်းသည့် နိုင်ငံများထက် ဆင်းရဲသည့်နိုင်ငံများမှ ပြည်သူများ ပိုမိုခံစားခဲ့ရကြောင်း ဘီဘီစီသတင်းဌာန၏ ကမ္ဘာလုံးဆိုင်ရာစစ်တမ်းတွင် ဖော်ပြသည်။

ကိုဗစ်-၁၉ ကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့ခဲ့သည့် ပြီးခဲ့သည့် မတ် ၁၁ ရက်မှ စတင်ပြီး ခြောက်လကြာ နိုင်ငံ အသီးသီးရှိ လူဦးရေ ၃၀၀၀၀ ကို စစ်တမ်းကောက်ယူခဲ့ရာ ဆင်းရဲသည့် နိုင်ငံများမှ လူငယ်များက ကိုဗစ်ကာလ နေအိမ်များအတွင်းနေထိုင်ရန် ညွှန်ကြားချက်များကြောင့် ၎င်းတို့အနေဖြင့် အဆိုးရွားဆုံးအကျပ်အတည်းကို ရင်ဆိုင်ခဲ့ရကြောင်း အဖြေပေးခဲ့သည်။

ဆင်းရဲသည့်နိုင်ငံများမှ နိုင်ငံသားများ၏ဝင်ငွေ ၆၉ ရာခိုင်နှုန်း ကျဆင်းချိန်တွင် ချမ်းသာကြွယ်ဝသည့်နိုင်ငံမှ ပြည်သူများဝင်ငွေ ၄၅ ရာခိုင်နှုန်းသာ ကျဆင်းခဲ့သည့်အပြင် ယခင်ကတည်းက တစ်ဦးချင်းဝင်ငွေ ကွာဟမှုကြီးမားခြင်းကလည်း ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအကျပ်အတည်းကို ဆင်းရဲသည့်နိုင်ငံများမှ နိုင်ငံသားများ ပိုမိုတွေ့ကြုံခံစားရခြင်းဖြစ်သည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-မေလွဲသင်း**



# ဂရိနိုင်ငံရှိ ဒုက္ခသည်စခန်းမှ ကလေး ၄၀၀ ခန့်အား ဥရောပနိုင်ငံများ လက်ခံရယူမည်

**ဘာလင် စက်တင်ဘာ ၁၁**

ဂရိနိုင်ငံ လီစ်ဘိုစ်ကျွန်းပေါ်ရှိ မော်ရီယာဒုက္ခသည်စခန်း မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီးနောက် ဥရောပ ၁၀ နိုင်ငံက အဆိုပါဒုက္ခသည်စခန်းရှိ ကလေးငယ် ၄၀၀ ခန့်အား လက်ခံရယူရန် ကမ်းလှမ်းခဲ့ကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီး ဟော့စ်ဆီးဟိုဖာက ယနေ့ပြောကြားခဲ့သည်။

### ဆွေးနွေးလျက်ရှိ

ဒုက္ခသည်ကလေးငယ်အများစုကို ဂျာမနီနှင့်ပြင်သစ်နိုင်ငံတို့က လက်ခံရယူသွားမည်ဖြစ်သည်။ လက်ခံရယူမည့် ကလေးငယ်များ၏ အရေအတွက် အတိအကျကို ဆွေးနွေးမှုများပြုလုပ်ပြီးမှသာ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ဂရိအစိုးရအနေဖြင့် ဒုက္ခသည်များ၏ လိုအပ်သောပစ္စည်းစာရင်းများကို ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် မီးလောင်မှုကြောင့် အမိုးအကာများ ပျက်စီးဆုံးရှုံးသွားသည့်အတွက် အကာအကွယ်မရှိဘဲ နေထိုင်နေရသည့် ဒုက္ခသည်များကို ကူညီပေးရန် ဂရိအစိုးရက တောင်းဆိုခဲ့သည်။

ဂျာမနီအစိုးရက ၎င်းတို့အနေဖြင့် နိုင်ငံအတွင်းရှိ အထောက်အပံ့ပေးရေးအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တတ်နိုင်သလောက်ကူညီထောက်ပံ့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ဂျာမနီပြည်ထဲရေးဝန်ကြီး ဟော့စ်ဆီးဟိုဖာက ဆိုသည်။

ဂျာမနီနိုင်ငံအတွင်း၌ ဒုက္ခသည်များအား လက်ခံထားရန် ၅၄ ရာခိုင်နှုန်းက ထောက်ခံလျက်ရှိသော်လည်း ၃၂ ရာခိုင်နှုန်းက ဆန့်ကျင်လျက်ရှိကြောင်း YouGov အင်စတီကျု၏ စစ်တမ်းကောက်ယူမှုအရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# အင်္ဂလန်၌ ကိုဗစ်-၁၉ ဖြစ်ပွားမှု ရက်သတ္တပတ်အတွင်း ၆၀ ရာခိုင်နှုန်း မြင့်တက်

**လန်ဒန် စက်တင်ဘာ ၁၁**

အင်္ဂလန်၌ ဩဂုတ် ၃၀ မှ စက်တင်ဘာ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ၆၀ ရာခိုင်နှုန်းမြင့်တက်လာပြီး လူစုဝေးမှုကို တားမြစ်သည့် အမိန့်အာဏာ သက်ရောက်မည့်တစ်ရက်အလို၌ ဂရိတ် ဗြိတိန်တစ်ဝန်းတွင် ယခုကဲ့သို့ ကူးစက်မှုနှုန်းပြန်လည် မြင့်တက်လာခြင်းဖြစ်သည်။

**အရှိန်မြင့်လာ**

ဗြိတိန်အမျိုးသားစာရင်းအင်းအဖွဲ့၏ အစီရင်ခံစာအရ အင်္ဂလန်၌ ယခုရက်သတ္တပတ်အတွင်း နေ့စဉ်ကူးစက်မှု ၃၂၀၀ရှိနေခြင်းက ပြီးခဲ့သည့်ရက်သတ္တပတ်တွင် နေ့စဉ် ကူးစက်မှု ၂၀၀၀ ထက် ၆၀ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ သို့ရာတွင် တကယ်လက်တွေ့၌ တရားဝင်ထုတ်ပြန်ချက် ၃၂၀၀ ထက် ရောဂါကူးစက်မှုအရေအတွက် ပိုများနိုင်ကြောင်း စကိုင်းနယူးစ်သတင်းဌာနက ဆက်လက်ဖော်ပြသည်။ အင်္ဂလန်၌ ပြီးခဲ့သည့်ဩဂုတ်လက နေ့စဉ် ကူးစက်မှု ၁၀၀၀ ဝန်းကျင်သာရှိခဲ့သော်လည်း ယခုအခါ ရောဂါကူးစက်မှုနှုန်း ပြန်လည်အရှိန်မြင့်လာခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် တနင်္လာနေ့မှစတင်ကာ လူခြောက်ဦးထက် ပိုသည့် စုဝေးမှုကို တားမြစ်ခဲ့သည်။ အင်္ဂလန်တွင် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၅ ရက်အတွင်း လူဦးရေ ၃၉၇၀၀ မှာ ကိုဗစ်-၁၉ရောဂါကူးစက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-စကိုင်းနယူးစ်**
**ဘာသာပြန်-မေလွဲ့သင်း**

# ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှားများရေးသားမှု တွစ်တာက ဖယ်ရှားသွားမည်

**ဝါရှင်တန် စက်တင်ဘာ ၁၁**

နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်ရွေးကောက်ပွဲ မတိုင်မီ တွစ်တာစာမျက်နှာပေါ်၌ သတင်းမှားများ ဖြန့်ဝေခြင်းကို လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း တွစ်တာကုမ္ပဏီက ယနေ့ပြောကြားခဲ့သည်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် ပြည်သူ များ၏ ယုံကြည်မှုကိုရရှိရန် တမင်ရည်ရွယ်ရေးသား ထားသော သတင်းမှားများကို တွစ်တာစာမျက်နှာမှ စက်တင်ဘာ ၁၇ ရက်မှစပြီး ဖယ်ရှားသွားမည်ဖြစ် သည်။

တွစ်တာကုမ္ပဏီက ဖယ်ရှားသွားမည့် သတင်းမှား များမှာ ရွေးကောက်ပွဲရလဒ်ကြေညာခြင်းများ သို့မဟုတ် ဆန္ဒမဲရရှိမှုအရေအတွက်များ အခိုင်အမာပြောကြားခြင်း များကဲ့သို့သော သတင်းအမှားများဖြစ်ကြောင်း တွစ်တာကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ သည်။

အဆိုပါသတင်းအမှားများသည် ရွေးကောက်ပွဲ၏ ဂုဏ်သိက္ခာကို ထိခိုက်ပျက်စီးနိုင်သည့်အပြင် ရွေးကောက်ပွဲရလဒ်များအပေါ် ပြည်သူများ၏ ယုံကြည်မှုကိုပါ ပျက်ပြားစေနိုင်သည့်အတွက် သတင်း အမှားများဖြန့်ဝေခြင်းကို ဟန့်တားပိတ်ပင်ရခြင်းဖြစ် ကြောင်း တွစ်တာကုမ္ပဏီက ဆိုသည်။




အလားတူ ဖေ့စ်ဘွတ်လူမှုကွန်ရက်ကလည်း မဲဆွယ်စည်းရုံးရေးကြိုးပမ်းမှုများနှင့် ပတ်သက်ပြီး အမတ်လောင်းများ၏ ပို့စ်များကို စိစစ်ကန့်သတ် သွားမည်ဖြစ်ကြောင်း မကြာသေးမီက ကြေညာခဲ့သည်။

၂၀၁၆ ခုနှစ် အမေရိကန်ရွေးကောက်ပွဲ၌ ရုရှား နိုင်ငံက အွန်လိုင်းမှတစ်ဆင့် တရားမဝင်ဝင်ရောက် စွက်ဖက်မှုများရှိခဲ့သည်ဟု အမေရိကန်စုံစမ်း ထောက်လှမ်းရေးအေဂျင်စီများက အခိုင်အမာပြောကြား ခဲ့ပြီးနောက် အမေရိကန်လူမှုကွန်ရက်ကုမ္ပဏီများက ယခုနှစ် အမေရိကန်ရွေးကောက်ပွဲ အောင်မြင်စေရန် နှင့် ဂုဏ်သိက္ခာကျဆင်းမှုမရှိစေရန် မူဝါဒများ ချမှတ်ကာ ကြိုးပမ်းလျက်ရှိကြောင်း တွေ့ရှိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကြောင့် ယခုရွေးကောက်ပွဲတွင် ပြည်သူအများက ဆန္ဒမဲ များကို မေးလ်မှတစ်ဆင့်ပေးမည်ဟု မျှော်လင့်ရ သည်။

မဲရေတွက်မှုသည်လည်း ယခင်ကထက် ပိုမိုအချိန် ကြာမြင့်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့် လေ့လာသူများက ဆိုသည်။

မေးလ်မှတစ်ဆင့် ဆန္ဒမဲပေးခြင်းသည် မဲလိမ်လည် မှုများဖြစ်ပေါ်စေနိုင်သည့်အတွက် သမ္မတထရမ့်က ယင်းသို့ဆန္ဒမဲပေးခြင်းကို ရှုတ်ချလျက်ရှိကြောင်း သိရ သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**


အကျဉ်းထောင်များရေးရာဝန်ကြီး ဂျိုင်းကူမာဆင်းဂျိုင်ကီ

# ဥတ္တာပရာဒေ့ရှ်ပြည်နယ်၏ အကျဉ်းထောင်များရေးရာဝန်ကြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**လပ်ခနောင်း စက်တင်ဘာ ၁၁**

အိန္ဒိယနိုင်ငံ ဥတာပရာဒေ့ရှ်ပြည်နယ်၏ အကျဉ်းထောင်များရေးရာဝန်ကြီး ဂျိုင်းကူမာဆင်းဂျိုင်ကီသည် ကိုဗစ်-၁၉ ရောဂါပိုး ရှိမရှိ စမ်းသပ်စစ်ဆေးမှု ခံယူခဲ့ရာ ၎င်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိကြောင်း ယနေ့သိရသည်။

ဝန်ကြီးဂျိုင်းကူမာဆင်းဂျိုင်ကီသည် ကိုဗစ်-၁၉ ရောဂါ ကူးစက် ခဲ့ပြီးနောက် လတ်တလောအချိန်တွင် နေအိမ်၌သီးခြားခွဲ၍ နေရကြောင်း သိရသည်။

ပြည်နယ် အကျဉ်းထောင်များရေးရာဝန်ကြီး ဂျိုင်းကူမာဆင်းဂျိုင်ကီ သည် ဆရာဝန်များ၏ အကြံပေးချက်အရ နေအိမ်၌သီးခြားခွဲ၍ နေရသည့် အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ပြီးခဲ့သည့်သီတင်းပတ် တစ်ပတ်ခန့်က ၎င်းနှင့်အနီးကပ်လာရောက်ထိတွေ့ခဲ့သည့် လူအားလုံးကို သီးခြားခွဲ၍နေထိုင်စေပြီး ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးမှု ခံယူကြရန် တောင်းဆိုထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဥတ္တာပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ် ယိုဂီအာဒီ တီယာနတ်၏အစိုးရတွင် ဝန်ကြီး ၁၂ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး ၎င်းတို့အနက် ချယ်တန်ချော်ဟန်နှင့် ကာမာလ်ရာနီဗာရန်တို့သည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကျန်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ဝန်ကြီးများမှာ ဆစ်ဒတ် နတ်ဆင်း၊ ရာဂျင်ဒရာပရာတက်ဆင်း၊ ဒါရမ်ဆင်းဆိုင်းနိုင်း၊ အူပင်ဒရာတီဝါရီ၊ အာတူလ်ဂ္ဂါ၊ ဘာလ်ဒက်ဗ်ဆင်းအော်လာ့ခ်၊ မိုရှိန်ရာဇာ၊ ဆာတစ်မာ ဟာနာ၊ ပါရာတက်ဆင်း၊ မာဟင်ဒရာဆင်းနှင့် ဘရာဂျက်ရှ်ပါသာ့ခ်တို့ဖြစ် ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ယနေ့တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၆၅၅၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၄၅၆၂၄၁၄ သန်းရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၂၀၉ ဦးထပ်မံသေဆုံးခဲ့ရာ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံး သူပေါင်း ၇၆၂၇၁ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ဂျေတီ**

# စင်ကာပူလေကြောင်းလိုင်းက အလုပ်အကိုင်နေရာ ၄၃၀၀ လျှော့ချ

**စင်ကာပူ စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လေကြောင်းလိုင်းသုံးခုမှ အလုပ်အကိုင်နေရာ ၄၃၀၀ ဝန်းကျင် လျှော့ချကြောင်း စင်ကာပူလေကြောင်းလိုင်းအုပ်စုက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ အကျိုးသက်ရောက်မှုနှင့် မသေချာသောအနာဂတ်အတွက် ပြင်ဆင်ထားရန် လေကြောင်းလိုင်းများအတွက် အရေးပေါ်လိုအပ်ချက် ကြောင့် ကမ္ဘာ့လေကြောင်းလုပ်ငန်းအတွက် ပြန်လည် ထူထောင်ရန် ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း စင်ကာပူလေကြောင်းလိုင်းအုပ်စုက ဆိုသည်။ စင်ကာပူလေကြောင်းလိုင်းအုပ်စုက လေကြောင်းလိုင်း များဖြစ်သော စင်ကာပူလေကြောင်း၊ ဆစ်အဲနှင့် စကော့တိုက်ဂါးအဲတို့ သက်ရောက်မှုရှိမည်ဖြစ်သည်။

အမှန်တကယ် လျှော့ချလိုက်သော ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်နေရာမှာ ၂၄၀၀ ခန့် ဖြစ်သော် လည်း ဝန်ထမ်း ၁၉၀၀ ကို ဆန္ဒအလျောက် အလုပ်မှ ထွက်ခွာစေခြင်းကဲ့သို့သော အစီအမံများဖြင့် အင်အား လျှော့ချခဲ့ပြီးဖြစ်သည်။ စင်ကာပူအဲလိုင်းအုပ်စုတွင် ယခုနှစ်မတ်လအထိ ဝန်ထမ်းအင်အား ၂၃၃၀၀ ခန့်အပ် ခဲ့သည်။

"ကျွန်တော်တို့မှာ အခြားနိုင်ငံတွေလို ပြည်တွင်း ဈေးကွက်မရှိတာကြောင့် လေကြောင်းပျံသန်းရေး လုပ်ငန်းပြန်လည်ထူထောင်ရာမှာ အခက်အခဲရှိပါ တယ်" ဟု စင်ကာပူအဲလိုင်းအုပ်စု၏ အမှုဆောင်ချုပ် ဂိုချွန်ဖောင်က ပြောသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါမတိုင်မီ အခြေအနေ များနှင့် နှိုင်းယှဉ်ကြည့်ပါက စင်ကာပူအဲလိုင်းအုပ်စုက လက်ရှိအချိန်တွင် ရှစ်ရာခိုင်နှုန်းသာ လုပ်ငန်းလည်ပတ် နိုင်ပြီး လာမည့်နှစ် မတ်လ ၃၁ ရက် လက်ရှိဘဏ္ဍာနှစ် မကုန်မီ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**ကိုးကား- ကျိုဒိုနယူးစ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ဘရက်ဆစ်အလွန် ပထမဆုံးသော ကုန်သွယ်ရေးသဘောတူညီချက် ဗြိတိန်နှင့် ဂျပန်ရရှိ

**လန်ဒန် စက်တင်ဘာ ၁၁**
ဗြိတိန်နှင့် ဂျပန်နိုင်ငံတို့က ပေါင် ၁၅ ဘီလီယံခန့်အထိ တိုးမြှင့်ရန်ရည်ရွယ်သည့် ဘရက်ဆစ်အလွန် ပထမဆုံးသော ကုန်သွယ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူညီချက်သည် နှစ်နိုင်ငံစလုံးအတွက် သမိုင်းဝင်စေခဲ့ကြောင်း၊ ထုတ်လုပ်ရေး၊ စားသောက်ကုန်၊ အဖျော်ယမကာလုပ်ငန်းနှင့် နည်းပညာလုပ်ငန်းအပါအဝင် ဗြိတိန်စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းသစ်များ ဆောင်ကြဉ်းပေးမည်ဟု ဗြိတိန်အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဝန်ကြီး လစ်ဇ်ထရပ်စ်က ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှိမိဆူမိုတာဂီနှင့် ဗီဒီယိုကွန်ဖရင့် အစည်းအဝေးတွင် ပြောကြားခဲ့သည်။ အဆိုပါ သဘောတူညီချက်က ဂျပန်လွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်သည်။ ဗြိတိန်-ဂျပန် ဘက်စုံပါဝင်သော စီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု သဘောတူညီချက်အရ ဂျပန်နိုင်ငံသို့ တင်ပို့မည့် ပို့ကုန်များ၏ ၉၉ ရာခိုင်နှုန်း အခွန်ကင်းလွတ်ခွင့်ရမည်ဟု ၎င်းက ဆိုသည်။

ယခုသဘောတူညီချက်က ဗြိတိန်နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးမည်ဖြစ်ကြောင်း၊ ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆောင်ရွက်မှုအဖွဲ့သို့ ပူးပေါင်းရာတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ခဲ့သလို ဗြိတိန်နိုင်ငံအား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များ ဗဟိုချက်မကွန်ရက်တစ်ခု ဖြစ်လာစေသည်ဟု ၎င်းက ဆိုသည်။ နစ်ဆန်းနှင့် ဟိတာချီကဲ့သို့သော ဗြိတိန်နိုင်ငံရှိ အရေးပါသော ဂျပန် ရင်းနှီးမြှုပ်နှံသူများကလည်း သဘောတူညီချက်ကြောင့် စည်းကြပ်ခွန်လျှော့ပေါ့ခွင့် အကျိုးခံစားရမည်ဟု ဗြိတိန်ကုန်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဘရက်ဆစ်ကြောင့် ဗြိတိန်နိုင်ငံက ကမ္ဘာတစ်ဝန်းရှိ တိုင်းပြည်များနှင့် ကုန်သွယ်ရေးသဘောတူညီချက်များ လွတ်လပ်စွာ လက်မှတ်ရေးထိုးရန် အခွင့်အလမ်းများ ရရှိလာကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။ **ကိုးကား-ဘီဘီစီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# နယ်စပ်တင်းမာမှုများ လျှော့ချရန် အိန္ဒိယနှင့် တရုတ်သဘောတူညီ



**မော်စကို စက်တင်ဘာ ၁၁**
အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံအကြား အငြင်းပွားမှုများရှိနေသည့် ဟိမဝန္တာဒေသမှ တင်းမာမှုများ လျှော့ချနိုင်ရေးအတွက် ယင်းဒေသတွင်း အခြေပြုထားသည့် နှစ်ဖက်တပ်ဖွဲ့များ အလျင်အမြန်ဆုတ်ခွာရေးနှင့်သင့်တော်သည့် အကွာအဝေးအတွင်း၌ ထိန်းသိမ်းထားရှိရန် အိန္ဒိယနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ သဘောတူညီခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူဗရာမန်နီယမ်ဂျစ်ရှန်ကာတို့သည် ယမန်နေ့တွင် ရုရှားနိုင်ငံ မြို့တော် မော်စကို၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ယင်းသို့ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးမှုအပြီး၌ ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် နယ်စပ်ပြဿနာနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကို အထူးကိုယ်စားလှယ်ဆိုင်ရာ ယန္တရားမှတစ်ဆင့် ဆက်လက်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြောင်း ဖော်ပြသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများသည် စက်တင်ဘာ ၄ ရက်တွင် နယ်စပ်ပြဿနာကို အဖြေရှာကြရန် သဘောတူညီခဲ့ကြသည်။

အိန္ဒိယတပ်ဖွဲ့များက ယခုသီတင်းပတ်အစောပိုင်းတွင် နယ်စပ်ဒေသ၌ ပစ်ခတ်မှုများပြုလုပ်ခဲ့သည်ဟု တရုတ်နိုင်ငံက ပြောကြားခဲ့သည်။ အိန္ဒိယတပ်ဖွဲ့များ၏ ပစ်ခတ်မှုသည် ၁၉၇၅ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ပြောကြားချက်ကို အိန္ဒိယနိုင်ငံက တုံ့ပြန်ပြောကြားရာ၌ တရုတ် တပ်ဖွဲ့များက အိန္ဒိယပိုင်နက်အတွင်းသို့ ပစ်ခတ်မှုအချို့ ပြုလုပ်ခဲ့ခြင်းကြောင့် တုံ့ပြန်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# အမေရိကန်အနောက်ဘက်ကမ်းခြေတွင် တောမီးလောင်မှုပြင်းထန် အော်ရီဂွန်ပြည်နယ်မှ လူ ငါးသိန်း နီးပါး ရွှေ့ပြောင်းပေးခဲ့ရ

**ဝါရှင်တန် စက်တင်ဘာ ၁၁**
အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေဒေသတွင် ယမန်နေ့က လေပြင်းများ တိုက်ခတ်မှုကြောင့် တောမီးလောင်ကျွမ်းမှုများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး သစ်တောများနှင့် မြို့များထိတိုင် မီးကူးစက်လောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ရာ ၁၆ ဦး သေဆုံးခဲ့ရသည်။



အော်ရီဂွန်ပြည်နယ် တစ်ခုတည်းတွင် တောမီးများ ပျံ့နှံ့လောင်ကျွမ်းမှုများကြောင့် လူနေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့ပြီး ပြည်သူ ငါးသိန်းနီးပါးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အော်ရီဂွန်ပြည်နယ်တွင်းရှိ လူဦးရေ စုစုပေါင်း၏ ရှစ်ပုံတစ်ပုံခန့်ရှိသော လူငါးသိန်းခန့်ကို ၎င်းတို့ နေအိမ်များမှ ထွက်ခွာစေခဲ့ရကြောင်း ပြည်နယ်အရေးပေါ် လုပ်ငန်းဆိုင်ရာရုံးမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ယမန်နေ့ ညပိုင်းတွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

ထောင်ပေါင်းများစွာသော ပြည်သူများအား အော်ရီဂွန်ပြည်နယ်၏ မြောက်ဘက်နှင့် တောင်ဘက်တို့ရှိ အိမ်နီးချင်းပြည်နယ်များဖြစ်သည့် ဝါရှင်တန်ပြည်နယ်နှင့် ကာလီဖိုးနီးယားပြည်နယ်များသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန်အနောက်ဘက် ကမ်းခြေဒေသ၌ လောင်ကျွမ်းနေသည့် တောမီးများကြောင့် လွန်ခဲ့သည့်လအတွင်းက ကာလီဖိုးနီးယားပြည်နယ်၌ သေဆုံးခဲ့ရသူ နှစ်ဦးအပါအဝင် လတ်တလော၌ တောမီးကြောင့် သေဆုံးရသူဦးရေမှာ ၁၆ ဦးရှိပြီဖြစ်သည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဘေးဒုက္ခရောက်သည့် ဒေသများသို့ ရောက်ရှိနေခြင်းကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း အော်ရီဂွန်ပြည်နယ် အုပ်ချုပ်ရေးမှူးက သတိပေးထားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**

# ထိပ်တိုက်ရင်ဆိုင်နေသည့် တူရကီကို ပိတ်ဆို့အရေးယူရန် မြေထဲပင်လယ်ဒေသနိုင်ငံများ အသင့်ပြင်

**ပါရီ စက်တင်ဘာ ၁၁**
မြေထဲပင်လယ်ဒေသရှိ ဥရောပ ခုနစ်နိုင်ငံခေါင်းဆောင်များသည် တူရကီနှင့် ဆွေးနွေးမှုတွင် တင်းမာမှုများ ဆက်လက်မြင့်တက်နေမည်ဆိုပါက တူရကီအား ပိတ်ဆို့အရေးယူမှုပြုရန် အသင့်ပြင်ထားကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ပြင်သစ်သမ္မတမက်ခရွန် ကမကထပြုသည့် အဆိုပါဆွေးနွေးပွဲတွင် တူရကီနှင့် တင်းမာမှုမြင့်တက်နေသည့် ဂရိနိုင်ငံကိုလည်း ဘုံသဘောတူညီချက်ရယူရန် ပြင်သစ်သမ္မတက တိုက်တွန်းခဲ့သည်။ တူရကီသည် ဂရိနှင့် ဟိုက်ဒရိုကာဗွန်ရင်းမြစ်အငြင်းပွားမှု၊ မြေထဲပင်လယ်အတွင်း ရေတပ်အင်အားပြသမှုတို့ကြောင့် အရှေ့မြေထဲပင်လယ်နိုင်ငံများဖြစ်သည့် ဂရိနှင့် ဆိုက်ပရက်စ်နိုင်ငံတို့ကို နိုင်ငံရေးအရ ခြိမ်းခြောက်မှုပြုနေသည်ဟု ခေါင်းဆောင်များက ယုံကြည်နေခြင်းဖြစ်သည်။

မက်ခရွန်က တူရကီသည် အရှေ့မြေထဲပင်လယ်နိုင်ငံများအတွက် ရေရှည်ဆက်ဆံမှုပြုနိုင်သည့် မိတ်ဆွေနိုင်ငံအဖြစ်မရပ်တည်ခဲ့ဘဲ တူရကီသမ္မတ အာဒိုဂန်က ပြည်သူများသဘောဆန္ဒနှင့်ဆန့်ကျင်သည့် လုပ်ရပ်များလုပ်ဆောင်နေကြောင်းလည်း ဆိုခဲ့သည်။ တူရကီအနေဖြင့် လစ်ဗျားနိုင်ငံကို စစ်ရေးအင်အားထောက်ပံ့နေခြင်းကလည်း အခြားဥရောပနိုင်ငံများနှင့် တူရကီတို့အကြား တင်းမာမှုကို ပိုမိုအရှိန်မြှင့်စေခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-မေလှဲ့သင်း**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
| --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၈၃၉၂၃၃၉ ဦး |
| သေဆုံးသူ | ၉၁၄၈၁၉ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၀၃၉၈၈၈၀ ဦး |

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များအား လိုက်နာခြင်းမရှိသော ညမထွက်ရ အချိန်ကျော်လွန် သွားလာနေမှုများနှင့် ကေတီဗွီ၊ ဘား၊ တရားမဝင်အနှိပ်ခန်းများကို ဆက်လက်ဖော်ထုတ် အရေးယူ



**နေပြည်တော် စက်တင်ဘာ ၁၁**

ကိုဗစ်-၁၉ ရောဂါကူးစက်နိုင်မှု ဖြစ်နိုင်ခြေအများဆုံး အခြေအနေရှိပြီး သတ်မှတ်စည်းကမ်းချက်များအား လိုက်နာခြင်းမရှိသည့်ကေတီဗွီ၊ဘား၊တရားမဝင်အနှိပ်ခန်း များ ဖွင့်လှစ်နေမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရေးနှင့် ညမထွက်ရ အချိန်ကျော်လွန်သွားလာနေမှုများကိုလည်း ဆက်လက် စိစစ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေကြောင်းနှင့် မြို့နယ်/ရပ်ကွက်များအတွင်းတွင် စည်းကမ်းလိုက်နာမှုမရှိသည့် ၎င်းလုပ်ရပ်များကို ဆောင်ရွက်နေခြင်းအား သတင်းဖော်ထုတ်မှု၊ စိစစ်ကြပ်မတ်မှု အလေးထားဆောင်ရွက်ရန်လည်း နယ်မြေတာဝန်ခံရဲတပ်ဖွဲ့ဝင်များကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဖော်ထုတ်စိစစ်ချက်အရ စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေတွင် ပြည့်တန်ဆာအိမ် တစ်အိမ်မှ လုပ်ကိုင်သူအမျိုးသမီး စုစုပေါင်း သုံးဦးအားလည်းကောင်း၊ ကချင်ပြည်နယ်တွင် ကေတီဗွီဆိုင် တစ်ဆိုင်နှင့် တရားမဝင်အနှိပ်ခန်း တစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ခြောက်ဦးအားလည်းကောင်း၊ ကရင်ပြည်နယ်တွင် ကေတီဗွီဆိုင် တစ်ဆိုင်နှင့် တရားမဝင်အနှိပ်ခန်း တစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ခုနစ်ဦးအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကေတီဗွီ၊ ဘားဆိုင် နှစ်ဆိုင်နှင့် ပြည့်တန်ဆာအိမ် နှစ်အိမ်တို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် ပြည့်တန်ဆာလုပ်ကိုင်သူ အမျိုးသမီးများ စုစုပေါင်း ၂၃ ဦးအားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပြည့်တန်ဆာအိမ် တစ်အိမ်မှ လုပ်ကိုင်သူ အမျိုးသမီး စုစုပေါင်း ခုနစ်ဦးအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ကေတီဗွီဆိုင် တစ်ဆိုင်နှင့် တရားမဝင် အနှိပ်ခန်း နှစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ၁၇ ဦးအားလည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် ကေတီဗွီဆိုင် တစ်ဆိုင်နှင့် တရားမဝင်အနှိပ်ခန်း နှစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ၂၆ ဦးအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် တရားမဝင်အနှိပ်ခန်း တစ်ခန်းနှင့် ပြည့်တန်ဆာအိမ် တစ်အိမ်တို့မှ ပိုင်ရှင်၊ အနှိပ်သမနှင့် ပြည့်တန်ဆာလုပ်ကိုင်သူ အမျိုးသမီး စုစုပေါင်း ခုနစ်ဦး အားလည်းကောင်း၊ မွန်ပြည်နယ်တွင် ကေတီဗွီ၊ ဘားဆိုင် နှစ်ဆိုင်နှင့် တရားမဝင်အနှိပ်ခန်း နှစ်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ၁၂ ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကေတီဗွီ၊ ဘားဆိုင် နှစ်ဆိုင်နှင့် တရားမဝင် အနှိပ်ခန်း ခြောက်ခန်းတို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်းနှင့် အနှိပ်သမများ စုစုပေါင်း ၁၅ ဦးအားလည်းကောင်း၊ ရှမ်းပြည်နယ်တွင် ကေတီဗွီဆိုင် တစ်ဆိုင်၊ တရားမဝင် အနှိပ်ခန်း တစ်ခန်းနှင့် ပြည့်တန်ဆာအိမ် နှစ်အိမ်တို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်း၊ အနှိပ်သမနှင့် ပြည့်တန်ဆာ လုပ်ကိုင်သူ အမျိုးသမီးများ စုစုပေါင်း ၅၈ ဦးအားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကေတီဗွီဆိုင် တစ်ဆိုင်မှ ပိုင်ရှင်၊ မန်နေဂျာ၊ ဆိုင်ဝန်ထမ်း စုစုပေါင်း ၁၂ ဦးအားလည်းကောင်း အရေးယူဆောင်ရွက်ခဲ့သဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ကေတီဗွီ၊ ဘား ၁၁ ဆိုင်၊ တရားမဝင်အနှိပ်ခန်း ၁၆ ခန်း၊ ပြည့်တန်ဆာအိမ် ခုနစ်အိမ်နှင့် ဖမ်းဆီးရမိသူ ၁၉၃ ဦး တို့အား သက်ဆိုင်ရာမြို့နယ်များ၌ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိသည်။

ယခုတစ်ပတ်အတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌လည်း ညမထွက်ရအချိန်ကျော်လွန် သွားလာသူများကိုလည်း စိစစ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ-၁၈၈ ဖြင့် အရေးယူခဲ့ရသည့် အမှုပေါင်း ၄၈၃ မှုနှင့် ကျူးလွန်သူ အမျိုးသား ၉၁၉ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၉၆၉ ဦးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာထိန်းချုပ်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များ မလိုက်နာဘဲ ဆောင်ရွက်နေမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆက်လက် စိစစ်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ပြီး ပြည်သူလူထု အနေဖြင့်လည်း ပူးပေါင်းပါဝင်သတင်းပေးကြရန် အသိပေး နှိုးဆော်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာအမျိုးသမီးသုံးဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၁။** ။ မြန်မာအမျိုးသမီးသုံးဦးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တရားရုံးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ တမူးခရိုင် တမူးမြို့ ဈေးတန်း (၄)ရပ်ကွက်နေ ဒေါ်ရီရီလွင်သည် တမူးမြို့နယ် အလှော်ကျေးရွာနေ ၁၉ နှစ်၊ ၃၁ နှစ်နှင့် ၃၅ နှစ်အရွယ်ရှိ အမျိုးသမီး သုံးဦးအား မူဆယ်မြို့တွင် အိမ်ဖော်အလုပ်လုပ်ရမည်ဟု လိမ်လည်ပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့မှုအတွက် တမူးမြို့မ ရဲစခန်းက (ပ)၁၅၉/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး တမူးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၉ ရက်တွင် တရားခံ ဒေါ်ရီရီလွင်အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖောင်းပြင်၊ တာချီလိတ်နှင့် သီပေါမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၁**

မော်လိုက်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် ဖောင်းပြင်မြို့နယ် သငါကျေးရွာအုပ်စု သငါကျေးရွာ အနီးရှိ ဝင်းမြင့်ဦး၏လယ်တဲသို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ မသက်ထားမိုး၊ ဝဏ္ဏထွန်း(ခ)ခခ တို့ကိုတွေ့ရှိရပြီး တဲအတွင်းမှ ဘိန်းဖြူသုည ဒသမ ၉၄၅ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညပိုင်းက တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ပါဆပ်ရပ်ကွက် ဧည့်ရိပ်သာအနီးတွင် စိုင်းဆော မောင်းနှင်သည့် Toyota Hilux Vigo အမျိုးအစား ယာဉ်နှင့် စိုင်းယီ မောင်းနှင်သည့် Mitsubishi Pajero အမျိုးအစားယာဉ်တို့ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ စက်တင်ဘာ ၁၀ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် ပန်ညူ- သီပေါ သွားကားလမ်း (၉)မိုင်လမ်းခွဲ ခိုလုံတံတားအနီး၌ ဇော်ထက်ဝင်း မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၁ ရက်က မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်သို့ သတင်းရဲတပ်ဖွဲ့ အမှတ်(၁၁) ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးဇော်မင်းနှင့် တပ်ဖွဲ့ဝင် ၁၅ ဦးတို့ စုပေါင်းသွေးလှူဒါန်းစဉ်။ ကြေးမုံ




ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# မြန်မာ ၂၀၂၀ ရွေးကောက်ပွဲ



## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

❖ အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး

❖ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-

✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ

❖ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်

✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်

✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

❖ သာသနာ့ဝန်ထမ်း

❖ ထောင်ဒဏ်ကျခံနေရသူ

❖ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ် ခြင်းခံရသူ

❖ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ

❖ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ

❖ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

**ရွေးကောက်ပွဲကျင်းပရန်**

**၅၇**
**ရက်သာ**

**လိုတော့သည်။**

UNION ELECTION COMMISSION MYANMAR

**အထွေထွေရွေးကောက်ပွဲကို**

**၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်**

**ရွေးကောက်ပွဲများသည် -**

● ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။

● ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။

● ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လဟယ် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လဟယ်မြို့ မာလာတောင်အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လဟယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပါခင်က အဖွင့်အမှာစကားပြောကြားပြီး လဟယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသက်ဇင်အောင်က ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကျင်းပရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်နှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသော ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များက အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မွေးကြူဇင်(မုံရွာကိုယ်ပွား)**

## ရန်ကုန်တောင်ပိုင်းခရိုင်၌ ကိုယ်စားလှယ်ပေါင်း ၁၉၀ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင်မှ ဝင်ရောက် ယှဉ်ပြိုင်မည့်ပါတီ ၁၈ ပါတီနှင့် တစ်သီးပုဂ္ဂလတစ်ဦး ရှိကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ အတွင်းရေးမှူးဦးစိုးမင်းကပြောသည်။

"ကျွန်တော်တို့ ရန်ကုန်တောင်ပိုင်းခရိုင်ကနေ ဝင်ရောက်ယှဉ်ပြိုင်မယ့် ပါတီကတော့ ၁၈ ပါတီရှိပါတယ်။ တစ်သီးပုဂ္ဂလတစ်ဦးပါ။ ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၉၀ ရှိပါတယ်" ဟု ဦးစိုးမင်းကပြောသည်။

လက်ရှိအချိန်တွင် ဒုတိယအကြိမ် မဲစာရင်းများ ကပ်ထားကြေညာရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ယခင်စာရင်းအရ ၁၀ သိန်းနှင့် ရှစ်သောင်းဝန်းကျင်ရှိကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် တစ်ခုလုံးအတွက် မဲရုံပေါင်း ၁၇၃၇ ရုံ ဖွင့်လှစ်သွားရန် ပြင်ဆင်ထားကြောင်း၊ သို့သော်လည်း ကိုဗစ်ကာလကြောင့် မဲရုံခွဲများထပ်မံတိုးလာဖွယ်ရှိကြောင်း သိရသည်။

**မြင့်မောင်**



# ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၁

**ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ ဦးမျိုးညွန့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်ထောင်စုနိုင်ငံသားများခင်ဗျာ**

ကျွန်တော်ကတော့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးမျိုးညွန့် ဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းလုံးက မဲဆန္ဒရှင်များအပါအဝင် ပြည်ထောင်စုနိုင်ငံသားများအားလုံး ဘေးဘယာဝေးကွာပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

မဲဆန္ဒရှင် လူထုကြီးခင်ဗျာ ရသမျှအချိန်လေးအတွင်းမှာ အခုဟောပြောမှုကို အပိုင်း(၅)ပိုင်းခွဲပြီး ရှင်းလင်းတင်ဆက်ပါမယ်။

ကျွန်တော်တို့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ" ပေါ်ပေါက်ဖွံ့ဖြိုးလာပုံ
ကျွန်တော်တို့ပါတီ ကိုင်စွဲထားတဲ့ သဘောတရား၊ လမ်းစဉ်၊ လုပ်ငန်းစဉ်
ကျွန်တော်တို့ပါတီ ခုလာမယ့်ရွေးကောက်ပွဲအပေါ် သဘောထား၊ အဲဒီသဘောထားအရ ရွေးကောက်ပွဲထဲ ပါဝင်ဖြတ်သန်းမှု
မဲဆန္ဒရှင်လူထုကြီး၏ ဆုံးဖြတ်ပိုင်ခွင့်
မဲဆန္ဒရှင် လူထုကြီးအား ပန်ကြားချက်ဆိုတဲ့ အပိုင်း(၅)ပိုင်းဖြစ်ပါတယ်။

ရှေးဦးစွာ ကျွန်တော်တို့ပါတီ ပေါ်ပေါက်ဖွံ့ဖြိုးလာပုံကို တင်ပြပါမယ်။

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီဟာ ၁၉၈၈ ခုနှစ် ဩဂုတ်လနှောင်းပိုင်းမှာ လွတ်လပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ပထမဆုံးဝန်ကြီးချုပ်လည်းဖြစ် ဆဋ္ဌသင်္ဂါယနာ ပဓာနနာယကလည်းဖြစ်သူ ဦးနုက နာယကအဖြစ် တာဝန်ယူကြီးမှူးတည်ထောင်ခဲ့တဲ့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်"ကို ၂၀၁၀ ပြည့်နှစ်၊ မြန်မာ့နိုင်ငံရေးပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မယ့် အခင်းအကျင်းအဖြစ် "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ" ရယ်လို့ အမည်ပေး ဆက်ခံပြောင်းလဲဖွဲ့စည်းခဲ့တဲ့ ပါတီဖြစ်ပါတယ်။

"ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ" ဟာ ၁၉၈၈ ခုနှစ်ကပင် နာယကကြီး ဦးနု ချခင်းခဲ့တဲ့ ဗြဟ္မစိုရ်တရားသဘောတရားနှင့် အဲဒီဝါဒအပေါ်အခြေခံတဲ့ လမ်းစဉ်၊ လုပ်ငန်းစဉ်တွေကို ပြည်ထောင်စုမြန်မာနိုင်ငံမှာ ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေးအခြေခံအဖြစ် မမိုတ်မသုန် ယုံကြည်လက်ခံ မြဲမြံကိုင်စွဲထားသူ ကျွန်တော်တို့ဟာ အခက်အခဲပေါင်းစုံကြားကနေ ရဲရင့်ခိုင်မာတဲ့ ဒီမိုကရေစီ၊ သတ္တိ၊ ဇွဲနဲ့ ဗြဟ္မစိုရ်တရားတွေကို လက်ကိုင်ထားပြီး ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ပေါ်ပေါက်လာခဲ့တဲ့ပါတီဖြစ်ပါတယ်။

**မဲဆန္ဒရှင်လူထုကြီးခင်ဗျာ...**

အတိတ်ကိုနည်းနည်း ပြန်ဆောင်ပြပါရစေ...

၁၉၉၀ ပြည့်နှစ်များ စောစောပိုင်းမှာ ကျွန်တော်တို့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်"ဟာ အခြားပါတီ(၉၈) ကျော်နှင့်အတူ ဖျက်သိမ်းခံခဲ့ရပါတယ်။ ဒီလိုနဲ့ ၂၀၁၀ ပြည့်နှစ်ရောက်တဲ့အခါ နိုင်ငံရေးအခြေအနေ အပြောင်းအလဲ ပေးအပ်လာမှုအပေါ်မှာ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ" ရယ်လို့ ပြန်လည်ဖော်ထုတ်ဖွဲ့စည်းနိုင်လာခဲ့တာပါ။ ဒီလိုနဲ့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ချုပ်" မှသည် "ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ" အထိ လျှောက်လှမ်းခဲ့ရတဲ့နှစ် ၃၀ ကျော်ခရီးဟာ ပန်းခင်းလမ်းမဟုတ်ခဲ့ဘဲ ခလုတ်တံသင်း ကုန်းကျင်းချိုင့်ဝှမ်း ဆူးတောလွှမ်းတဲ့ ခရီးကြမ်းကြီးကိုဖြတ်ရင်း ထုသားပေသားကျလာတဲ့ ပါတီဖြစ်ပါတယ်။ ဗြဟ္မစိုရ်တရားအခြေပြု ဒီမိုကရေစီဝါဒနဲ့ စနစ်ကို မြန်မာရေ ကမ္ဘာမှာပါ ပြန့်ပွားအောင် ဆောင်ရွက်ရေး သမိုင်းတမန်တော်အလုပ် (Historical Mission) ကို လုံ့လပြုဆောင်ရွက်လာတဲ့ ပါတီတစ်ရပ်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီ ကိုင်စွဲထားတဲ့ "ဗြဟ္မစိုရ်တရားအပေါ် အခြေခံသော ဒီမိုကရေစီဝါဒ" ဆိုတာကို ရှင်းပြလိုပါတယ်။

ဗြဟ္မစိုရ်တရားဟာ အများသိကြတဲ့အတိုင်း သတ္တဝါအားလုံးအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ တရားမြတ်ဖြစ်ပြီး ဒီတရားကို အခြေခံအပေါ် သဘောပေါက်၊ နားလည်၊ ယုံကြည်၊ ခံယူ၊ လောကီမှုပြု လိုက်နာကျင့်သုံးမှု အားကောင်းအားသာတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာသာ ဒီမိုကရေစီဝါဒ၊ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီအဆောက်အအုံ၊ ဒီမိုကရေစီအဖွဲ့အစည်း၊ ဒီမိုကရေစီကျင့်စဉ်တွေ အမြစ်တွယ်၊ ခိုင်မာ၊ ရေရှည်တည်တံ့နိုင်တယ်ဆိုတဲ့ သဘောတရားအမြင် ဖြစ်ပါတယ်။

ဗြဟ္မစိုရ်တရားဆိုတာ ဗုဒ္ဓဘာသာနှင့်သာ သက်ဆိုင်တယ်လို့ အချို့က ယူဆထင်မြင်နေကြတဲ့အမြင်ဟာ မမှန်ပါ။ စင်စစ်မှာ ဗြဟ္မစိုရ်တရားဟာ မည်သည့်ဘာသာ၊ သာသနာဝင်၊ မည်သည့်လူမျိုး၊ မည်သည့်အဆင့်အတန်းရှိသူနှင့်မဆို သက်ဆိုင်တဲ့ ကျင့်ကြံရမယ့် လူသားဝါဒသာဖြစ်ပါတယ်။

မြန်မာ့လူ့အဖွဲ့အစည်းကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ကြည့်မယ်ဆိုရင် ၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဗဟိုအာဏာနဲ့အုပ်ချုပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး စနစ်မျိုးများအောက်မှာ ရာစုနှစ်ဝက်နီးပါး ဖြတ်သန်းလာခဲ့ရတဲ့ လူ့အဖွဲ့အစည်းလည်း ဖြစ်ပါတယ်။ ဒီလို လူ့အဖွဲ့အစည်းမျိုးမှာ လူ့အခြေခံအကျင့်သီလ အကြီးအကျယ် ပျက်ပြားနေတာ သဘာဝလည်းကျ အဆန်းတကျယ်လည်း မဟုတ်ပါ။ သီလနည်းလူ့အဖွဲ့အစည်းမျိုးမှာ ဒီမိုကရေစီဝါဒနှင့်စနစ်ဟာ အမြစ်တွယ်ခိုင်မာနိုင်မှာ မဟုတ်ပါ။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဒီမိုကရေစီဝါဒနှင့်စနစ် ပြန်လည်တည်ဆောက်လိုကြတယ်ဆိုရင် ဒီမိုကရေစီသက်သက်မျှနှင့်တော့ မပြည့်စုံနိုင်၊ ဗြဟ္မစိုရ်အကျင့်သီလ အခြေခံပေါ်မှာ ဘာသာ၊ လူမျိုး၊ ဆင်းရဲချမ်းသာ မရွေး ပြည်ထောင်စုနိုင်ငံသားများအားလုံးက အချိန်ယူညီညွတ်ဝိုင်းဝန်းတည်ဆောက်ကြပါမှ ပြည့်စုံအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီဟာ ဗြဟ္မစိုရ်တရားအခြေခံသော ဒီမိုကရေစီဝါဒကို မြဲမြံကိုင်စွဲထားတာ ဖြစ်ပါတယ်။ အဲဒီအပေါ်မှာပဲ ပါတီရဲ့ "လက်စားမချေ သင်ပုန်းချေဆိုတဲ့ 'ချေ'နှစ် 'ချေ' "လမ်းစဉ်၊ ဒီလမ်းစဉ်အပေါ်အခြေခံတဲ့ ပြည်ထောင်စုတစ်ဝန်း ဒီမိုကရေစီနှင့် ငြိမ်းချမ်းမှု ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေ ချခင်းထားပါတယ်။

**မဲဆန္ဒရှင် လူထုကြီးခင်ဗျာ...**

"လက်စားမချေ သင်ပုန်းချေ ဆိုတဲ့ 'ချေ' နှစ် 'ချေ' "လမ်းစဉ်ကို အနည်းငယ် ရှင်းပြပါရစေ။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံရေးကွဲလွဲမှုတွေကို အကြမ်းဖက်တဲ့နည်းတွေနဲ့ ဖြေရှင်းဖို့ကြိုးစားရင်း ဖြစ်ပွားလာခဲ့ ဖြစ်ပွားနေဆဲ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခစစ်ပွဲကြီးတွေ ရပ်စဲဖို့ ၊ ငြိမ်းချမ်းဖို့ဆိုရင် အဲဒီစစ်ပွဲကြီးတွေထဲမှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်လို့ဖြစ်စေ ပါဝင်ပတ်သက်နေတဲ့ မြန်မာ့တပ်မတော်အပါအဝင် နိုင်ငံရေးအင်အားစုအားလုံး၊ တစ်နည်းဆိုရရင် မြေပေါ်မြေအောက်၊ လက်နက်ကိုင် လက်နက်မဲ့၊ ဥပဒေတွင်း ဥပဒေပ နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ အစုအစည်း၊ ပုဂ္ဂိုလ်တွေအားလုံးဟာ တစ်ပါတီနှင့်တစ်ပါတီ အင်အားစုတစ်စုနှင့်တစ်စု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦးအပေါ် အတိတ်မှာ ကျူးလွန်ခဲ့တာတွေ အားလုံးကို အလုံးစုံသင်ပုန်းချေပြီး အငြိုးအတေးထား လက်စားချေတာမျိုး၊ ကံသုံးပါးစလုံးနှင့် မလုပ်တော့ဘူးလို့ သန္နိဋ္ဌာန်ချရှောင်ကြဉ်ဖို့ လမ်းစဉ်ပါပဲ။ ဒီလမ်းစဉ်ကို ပါဝင်ပတ်သက်သူအားလုံးဟာ ယုံယုံကြည်ကြည်၊ ရိုးရိုးသားသား ကိုင်စွဲအကောင်အထည်ဖော်မှသာ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်မယ်၊ ဒီငြိမ်းချမ်းရေးမျိုးသာ ပြည်ထောင်စုတစ်ဝန်း ရေရှည်တည်တံ့ ကျယ်ပြန့်ခိုင်မာ ထာဝစဉ်ရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီငြိမ်းချမ်းရေးမျိုးတည်ရှိတဲ့ လူ့အဖွဲ့အစည်းမှာသာ တစ်နည်းဆိုရရင် ဗြဟ္မစိုရ်တရားလေးပါး ထွန်းကားတဲ့ တည်ငြိမ်စီးပွားဖွံ့ဖြိုးတဲ့ လူ့အဖွဲ့အစည်းမှာသာ ဒီမိုကရေစီဝါဒနဲ့စနစ် တည်ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီက ခုရှင်းပြခဲ့တဲ့ ''ချေ'' နှစ် ''ချေ'' အထွေထွေ လမ်းစဉ်ကို ချခင်းထားခြင်းဖြစ်ပါတယ်။

ဒီလမ်းစဉ်အခင်းအကျင်းပေါ်မှာ ကျွန်တော်တို့ပါတီရဲ့ လုပ်ငန်းစဉ်တွေကို အောက်ပါအတိုင်း ချမှတ်ထားပါတယ်။

(၁) ၂၀၁၀ ရွေးကောက်ပွဲအကြိုကာလမှာ ကျွန်တော်တို့ပါတီက ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ဘဝသစ်တည်ဆောက်ရေး လုံ့လပြုလှုံ့ဆော်ခဲ့သလို၊ ၂၀၁၅ ရွေးကောက်ပွဲအကြိုကာလမှာ ဒီစဉ်က တည်ရှိခဲ့တဲ့ သမ္မတဦးသိန်းစိန်အစိုးရက ဦးစီးကျင်းပခဲ့ရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ လုပ်ငန်းကို ၂၀၁၅ အလွန် ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး လှုံ့ဆော်ခဲ့သလို အခုလည်း ၂၀၂၀ အလွန် ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရက မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မြန်မာ့တပ်မတော်နှင့် သဟဇာတဖြစ်စွာ လက်တွဲလျက် တည်ကြည်ရိုးသားစိတ်ရှည်ဇွဲရှိသည်းခံ အောင်မြင်အောင် ဆောင်ရွက်ရာမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရေး။

(၂) ယခုလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သောင်မတင်ရေမကျ၊ ဒီမိုကရေစီနိုင်ငံရေးဘဝ မပီပြင်လှသေးတဲ့ အခြေအနေ၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အလှမ်းဝေးဆဲ အနေအထားတွေကနေ တည်ငြိမ်၊ ငြိမ်းချမ်း၊ စီးပွားဖွံ့ဖြိုးတဲ့ လူမှုပတ်ဝန်းကျင်တစ်ရပ် မြန်မာ့လူ့အဖွဲ့အစည်းမှာ ဖြစ်တည်လာရေး။

(၃) ဒီလိုဖြစ်တည်လာရေး ကြိုးပမ်းတည်ဆောက်နေစဉ်မှာပင် ခေတ်နောက်ကျ မြေယာစီးပွားရေးပေါ်သာ အခြေပြုနေရလို့ တစ်မျိုးသားလုံး၊ ပြည်ထောင်စုတစ်ခုလုံး နွမ်းပါးဆင်းရဲ ခေတ်နောက်ကျနေရတဲ့ လက်ရှိအခြေအနေက လွတ်မြောက်ပြီး 'မြေခ'မပါတဲ့ ခေတ်သစ်မြေယာလူ့အဖွဲ့အစည်း စီးပွားရေးနဲ့ စက်မှုဖွံ့ဖြိုးဝေဆာစည်ပင်တဲ့ ပြည်ထောင်စု စီးပွားမြှင့်တင်ရေး။

(၄) အဲဒီအမျိုးသားစီးပွားရေး၊ ပြည်ထောင်စု စီးပွားရေးဘဝကြီးတစ်ခုလုံးကို တည်ဆောက်နေစဉ်မှာပင် ဒါရဲ့လက်အောက်ခံဖြစ်တဲ့ ဒီမိုကရေစီလည်းကျ၊ ထင်သာမြင်သာလည်းရှိတဲ့ စီမံခန့်ခွဲရေးဘဝ၊ တရားစီရင်ရေးဘဝ၊ ဒီမိုကရေစီ ပညာရေးဘဝ၊ ကျန်းမာရေးဘဝ၊ လူမှုရေးဘဝများကို ဟန်ချက်ညီ မြှင့်တင်ပေးနေရေး။

(၅) မြန်မာ့နိုင်ငံရေးဘဝထဲမှာ အကြောင်းကြောင်းကြောင့် ဆယ်စုနှစ်ပေါင်းများစွာ ပါဝင်ပတ်သက်ကျင်လည်နေရတဲ့ မြန်မာ့တပ်မတော်၊ နိုင်ငံရေးတာဝန်နဲ့ နိုင်ငံတော်ကာကွယ်ရေးစစ်ရေးတာဝန်၊ တာဝန်နှစ်ထပ်ထမ်းနေရလို့ ပင်ပန်းလှပြီဖြစ်တဲ့ မြန်မာ့တပ်မတော်ကို နိုင်ငံရေးအင်အားစုများက သူ့ဆီက နိုင်ငံရေးတာဝန် လွှဲပြောင်းတာဝန်ယူ ထမ်းဆောင်ပြီး သူ့ကို တာဝန်ပေါ့သွားအောင် တစ်စတစ်စ ကြိုးပမ်းသွားရေး၊ ဒီလိုကြိုးပမ်းလုံ့လပြုရာမှာ မြန်မာ့သမိုင်းကြောင်းအရရော၊ တည်ဆဲအင်အားကြီး ကမ္ဘာ့နိုင်ငံကြီးများရဲ့ သူရှုံး ကိုယ်နိုင်အားပြိုင်မှု ပထဝီနိုင်ငံရေး တွန်းအားတွေကိုပါ ထည့်သွင်းစဉ်းစားကာ သူ့ပခုံးထက်က နိုင်ငံရေးတာဝန်ကို လျောက်ပတ်သည့်ကာလတစ်ခုအထိ အားနာစွာနဲ့ပဲ ဆက်လက်သယ်ပိုးသွားစေပြီး မနှေးလွန်း၊ မမြန်လွန်း လွှဲပြောင်းရယူသွားရေး။

(၆) ဘာသာရေး၊ လူမျိုးရေး၊ ကျဉ်းမြောင်း အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းအင်အားစုများရဲ့ ပြည်ထောင်စုနယ်မြေဖဲ့ယူရေး ကြိုးပမ်းမှုအန္တရာယ်၊ အဲဒီ အကြမ်းဖက်အင်အားစုတွေကို နည်းလမ်းပေါင်းစုံနှင့် ထောက်ပံ့အားပေး မွေးမြူရှင်သန်နေစေတဲ့ ပြည်ပအင်အားကြီးနိုင်ငံများရဲ့ အန္တရာယ်တို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်ထောင်စုနိုင်ငံသားများအားလုံးနှင့် အတူ လက်တွဲဆန့်ကျင်တိုက်ဖျက်သွားရေး။

ဆိုတဲ့ ပြည်ထောင်စုရေးတာဝန်ကြီးများကို ထမ်းဆောင်အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များ ချမှတ်ထားပါတယ်။



**မဲဆန္ဒရှင်လူထုကြီးခင်ဗျာ...**

အထက်တွင်ဆိုခဲ့ပါ သဘောတရား၊ လမ်းစဉ်၊ လုပ်ငန်းစဉ်တွေကို ယုံကြည်ချခင်း ဆောင်ရွက်သွားမယ့် ကျွန်တော်တို့ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီအနေနဲ့ ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲမှာ ပါဝင်ဖြတ်သန်းမှုကို တင်ပြပါမယ်။

ကျွန်တော်တို့ပါတီအနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီ တင်းကျပ်ပြည့်မဟုတ်ဘဲ မြန်မာ့နိုင်ငံရေးသမိုင်းလိုအပ်ချက်အရ ပေါ်ပေါက်ဖြစ်တည်နေတဲ့ ဖွဲ့စည်းပုံတစ်ခုလို့ပဲ ရိုးရှင်းစွာမြင်ပါတယ်။ ဒါကြောင့် ဒီဖွဲ့စည်းပုံကို ကျောရိုးပြုကျင်းပခဲ့တဲ့ ၂၀၁၀ နဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွေဟာ မြန်မာ့လူ့အဖွဲ့အစည်းကို ဒီမိုကရေစီပန်းတိုင်၊ ဖက်ဒရယ်ပြည်ထောင်စု ပန်းတိုင်တို့သို့သွားရာ ပြည်ထောင်စုဝင် လူမျိုးများအားလုံး မလွှဲမရှောင်သာ ဖြတ်သန်းလာခဲ့ရတဲ့ မှတ်တိုင်ကြီးများသာဖြစ်တယ်လို့ ရှုမြင်ပါတယ်။ ထို့အတူ ယခု ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲဟာလည်း ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး ပန်းတိုင်ဆီ ဆက်လက်လျှောက်လှမ်းရဦးမယ့် ခရီးကြမ်းကြီးပေါ်က ဖြတ်သန်းရမယ့် မှတ်တိုင်တစ်တိုင်သာလို့ ရှုမြင်ယုံကြည်ပါတယ်။ အဲဒီရွေးကောက်ပွဲအလွန် ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရဟာလည်း အသွင်းကူပြောင်းရေးအစိုးရတစ်ရပ်သာ ဖြစ်ပါမယ်။

ဒါ့အပြင် ပြည်ထောင်စုတစ်ခုလုံးအတွင်း လတ်တလောဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ အခြေအနေအရပ်ရပ်များအရလည်းကောင်း၊ မိမိတို့ပါတီရဲ့ ဘဏ္ဍာရေး၊ စည်းရုံးရေးနဲ့ အဓိကရည်မှန်းလုပ်ဆောင်နေတဲ့ သမိုင်းတမန်တော်အလုပ် (Historical mission) အရလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နဲ့ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်(၂)နယ်နဲ့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် အမှတ်(၁)မဲဆန္ဒနယ်(၁)နယ် စုစုပေါင်း မဲဆန္ဒနယ်(၃)နယ်မှာသာ ကျွန်တော်တို့ပါတီ ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်လူထုကြီးခင်ဗျာ...**

လူထုကြီးရဲ့ ဆုံးဖြတ်ပိုင်ခွင့်နဲ့ စပ်လျဉ်းလို့ ဆက်လက်အစီရင်ခံပါမယ်။ ကျွန်တော်တို့ပါတီဟာ-

- အောက်ပါ နိုင်ငံရေးလောကပါလတရား လေးပါးကို ယုံကြည်ပါတယ်။
  - (က) လူထုတွေမပါဘဲ ဘာမျှမလုပ်နိုင်
  - (ခ) ရွေးကောက်ပွဲတွေမပါဘဲ ဘာမျှမလုပ်နိုင်
  - (ဂ) လူထုတွေကို ရွေးကောက်ပွဲမှတစ်ဆင့် သင့်မြတ်တဲ့ နည်းလမ်းတွေနဲ့ သူတို့ကိုယ်စားလှယ်တွေ ရွေးချယ်ခွင့် ဖွင့်ပေးရမယ်။
  - (ဃ) ဒီလိုမှ ဖွင့်မပေးရင် လူထုတွေဟာ သူတို့ဘာသာ သူတို့ ကင်းလွတ်စွာ ရွေးချယ်သွားကြလိမ့်မယ်ဆိုတာတွေပါပဲ။

လာမည့်ရွေးကောက်ပွဲမှာ လူထုတွေကို သူတို့ကိုယ်စားလှယ်တွေ ရွေးချယ်ခွင့်ပေးရာမှာ သင့်မြတ်လျော်ကန်တဲ့ တရားမျှတ လွတ်လပ်မြင်သာတဲ့ နည်းလမ်းတွေ ပြည့်ပြည့်စုံစုံ ဖွင့်ပေးခြင်းသည်သာ ဆိုခဲ့ပါနိုင်ငံရေးလောကပါလတရားတွေနဲ့ ညီညွတ်ပါလိမ့်မယ်။ မဲဆန္ဒရှင်တစ်ဦးစီမှာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့် အခွင့်အရေးရှိတာမှန်ပေမယ့် အဲဒီအခွင့်အရေးကို လက်တွေ့အသုံးချရမယ့် ရွေးကောက်ပွဲမှာ ပြည့်ပြည့်ဝဝအသုံးချခွင့် မရဘူးဆိုရင် (သို့မဟုတ်) ခြိမ်းခြောက်တာ၊ အကြပ်ကိုင်တာ၊ ချော့မြူတာစတဲ့ ဒီမိုကရေစီအပြုအမူနဲ့ မလျော်ကန် မကိုက်ညီတဲ့ အခြေအနေများ ပေါ်ပေါက်လာရင်ဖြင့် ရှိပြီးသား သူတို့အခွင့်အရေးတွေ ဆုံးရှုံးပါလိမ့်မယ်။ အဲဒါကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့်တကွ နိုင်ငံရေးပါတီ၊ ကြီးလတ်ငယ်တွေ၊ ကိုယ်စားလှယ်လောင်းတွေ၊ ဝန်းရံသူတွေ၊ အာဏာပိုင်အဖွဲ့အစည်းတွေ၊ လေ့လာစောင့်ကြည့်တဲ့ လူမှုအဖွဲ့အစည်း တွေက ဒီမိုကရေစီကျင့်ဝတ်များနှင့်အညီ အသီးသီးတာဝန်ယူ ပါဝင်ဆောင်ရွက် ကြပါစေကြောင်း အလေးအနက်တိုက်တွန်းအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မဲဆန္ဒရှင်လူထုကြီးကို မေတ္တာရပ်ခံပန်ကြားလိုတာကတော့....

ကျွန်တော်တို့ပါတီရဲ့ ဗြဟ္မစိုရ်တရားအခြေခံ ဒီမိုကရေစီဝါဒနှင့်စနစ်၊ လမ်းစဉ်တို့သည်သာ မြန်မာနိုင်ငံဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေးအတွက်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အကောင်းမြတ် အသင့်လျော်ဆုံးဖြစ်တာရယ်၊

ဒီလမ်းစဉ်၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်မယ့် ကျွန်တော်တို့ ပါတီကိုယ်စားလှယ်လောင်းတစ်ဦးစီရဲ့ နိုင်ငံရေးအတွေ့အကြုံ၊ ဒီမိုကရေစီအရေးတော်အပေါ် သစ္စာမြဲမြံစွာ ကိုယ်ရေးကိုယ်တာများ၊ စွန့်လွှတ်အနစ်နာခံ ဆောင်ရွက်လာမှုအစဉ်အလာ၊ ပြည့်စုံမြင့်မားတဲ့ ပညာအရည်အချင်းရယ် တို့ကို ကြည့်ရှုစစ်ဆေးလျက် မေတ္တာမဲ၊ ကရုဏာမဲများ ချီးမြှင့်ရွေးချယ်တင်မြှောက်ပေးကြပါလို့ "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ"ကိုယ်စား တည်ကြည်လေးနက်စွာ ရှင်းလင်းပန်ကြား မေတ္တာရပ်ခံအပ်ပါတယ်။

ထို့မှအပဖြစ်တဲ့ ပြည်ထောင်စုတစ်ဝန်းလုံးက မဲဆန္ဒနယ်တွေမှာ ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားစီးပွားဖွံ့ဖြိုးရေး၊ စည်းလုံးညီညွတ်ခိုင်မာတဲ့ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတွေအပေါ် ကျွန်တော်တို့ပါတီနည်းတူ ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းတဲ့ ညီတော်နောင်တော် ဒီမိုကရေစီသွေးသစ်ပါတီတွေရဲ့ ကိုယ်စားလှယ်လောင်းများကိုလည်း ဆန္ဒမဲချီးမြှင့်ပေးကြဖို့ မေတ္တာရပ်ခံပန်ကြားတိုက်တွန်းအပ်ပါတယ်။

**ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ။**

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၁

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးစိုင်းဘိုးအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**မိုင်ဆွန်ခ - မင်္ဂလာပါခင်ဗျား**

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့အထွေထွေ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော်စိုင်းဘိုးအောင်က ဦးစွာဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။

**ပြည်ထောင်စုတိုင်းရင်းသားပြည်သူများ ခင်ဗျား**

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ ယုံကြည်ချက်၊ ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ မူဝါဒသဘောထားနှင့် အဓိကရည်မှန်းချက်များကို ကျွန်တော်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီသည် "လူလူချင်းဖိနှိပ်ချုပ်ချယ်မှုကင်းခြင်း၊ တိုင်းရင်းသားလူမျိုးများအကြား ရင်းနှီးချစ်ကြည်ခြင်း၊ လူမှုအခြေခံအခွင့်အရေးများ တန်းတူညီမျှမှုရရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနှင့် ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မှသာလျှင် စည်းလုံးညီညွတ်၍ တည်ငြိမ်အေးချမ်းကာ တည်တံ့ခိုင်မာသည့် ဖက်ဒရယ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါတယ်"

ဒါကြောင့်မို့လို့ ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ မူဝါဒနှင့်ရည်မှန်းချက်မှာ နံပါတ်(၁) အရေးကြီးအချက်အဖြစ်ငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးဟူ၍ ဖော်ပြထားခြင်းဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

၁၉၄၈ လွတ်လပ်ရေးရပြီးသည်မှစ၍ ကျွန်တော်တို့နိုင်ငံဟာငြိမ်းချမ်းမှုအရသာမခံစားရတာကို ပြန်လည်သုံးသပ်ကြည့်ရင်ကွဲပြားသောနိုင်ငံရေးစနစ်လက်ခံယုံကြည်မှုကြောင့်လည်းကောင်း၊ အထူးသဖြင့် ပြည်နယ်ရှိလူနည်းစုတိုင်းရင်းသားများက မိမိတို့အပေါ်နိုင်ငံရေးအခွင့်အရေးအရ မမျှတသော တန်းတူညီမျှမှုမရှိသောခွဲခြားဆက်ဆံမှုမျိုးရှိသည် ဆိုသည့်ခံစားချက်ကြောင့်လည်းကောင်း လက်နက်ကိုင်ပဋိပက္ခများပေါ်ပေါက်ကာ တည်ငြိမ်အေးချမ်းမှုကို ယနေ့တိုင်မရရှိနိုင်တာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အဓိက မောင်းနှင်အားဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေးနှင့်တိုင်းရင်းသားများ လိုလားတောင့်တသော စစ်မှန်သည့်ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတည်ဆောက်ရေးတို့ဟာ အပြန်အလှန်မှီတည်နေတာဖြစ်ပါတယ်။

ကျွန်တော်တို့ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည် မိမိတို့ပါတီမူဝါဒအတိုင်း ထိပ်တိုက်ရင်ဆိုင်ရေး/ ဆန့်ကျင်ရေးကို ဦးစားမပေးဘဲ နိုင်ငံရေးစားပွဲဝိုင်းမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိအောင် ဖော်ဆောင်ကာ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား သာတူညီမျှသော အာဏာခွဲဝေမှု၊သယံဇာတခွဲဝေမှု၊ ဘဏ္ဍာရေးဆိုင်ရာ ခွဲဝေမှုများရှိသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အလေးပေး ဆောင်ရွက်လျက်ရှိသလို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးဖော်ဆောင်မှုကဏ္ဍမှာ –** တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လမ်းကြောင်းဖြင့်လည်းကောင်း၊ တစ်ဖွဲ့ချင်းအစုအဖွဲ့တစ်စုချင်းစီနှင့် နိုင်ငံရေးစားပွဲဝိုင်းမှာ ညှိနှိုင်းအဖြေရှာနည်းဖြင့်လည်းကောင်း၊ ငြိမ်းချမ်းရေးညီလာခံများမှာ သဘောတူညီချက်ရရေးဆွေးနွေးဆုံးဖြတ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်သည့်လုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများအခန်းကဏ္ဍကနေ တက်ကြွလှုပ်ရှားပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**(NCA)၏အခန်း(၁) အခြေခံမူများအပိုဒ်(က)အရ –** တိုင်းရင်းသားများ လိုလားတောင့်တသည့် အာမခံချက်များ အပြည့်အဝရှိသော ဖက်ဒရယ်နှင့်ဒီမိုကရေစီစနစ်အခြေခံ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားမယ့်လုပ်ငန်းစဉ်များမှာ နိုင်ငံရေးပါတီများအခန်းကဏ္ဍကနေ တက်ကြွလှုပ်ရှားပါဝင်ဆောင်ရွက်ဆဲ ရှေ့ဆက်လည်းပါဝင်ဆောင်ရွက်သွားမယ့်အကြောင်း ပြည်သူများကိုတင်ပြလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲဆိုင်ရာရည်မှန်းချက်(၂)ကတော့ ဌာနေတိုင်းရင်းသားများ ကိုယ်စားပြုမှုကို အခြေပြုသည့်ပြည်နယ် အစိုးရဖွဲ့စည်းရေး ဖြစ်ပါတယ်။ မိမိတို့ဌာနေ တိုင်းရင်းသားသည်သာလျှင် မိမိတို့ပြည်နယ်/ဒေသ လိုအပ်ချက်ကို မိမိအသိဆုံး၊ တိုးတက်ဖွံ့ဖြိုးအောင် ဘက်မျှအောင်ဘယ်လိုစီမံဆောင်ရွက်ရမှာကို အသိဆုံးဖြစ်ပါတယ်။ ဌာနေတိုင်းရင်းသားတို့ လက်ထဲမှာ မိမိကံကြမ္မာကိုဖန်တီးနိုင်ခွင့်ရှိတဲ့ အုပ်ချုပ်မှု စီမံခန့်ခွဲမှုအာဏာရှိမှသာလျှင် မိမိတို့ပြည်နယ်ကို အလှဆင်နိုင်မှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

၂၀၁၉ ခုနှစ် အောက်တိုဘာလက အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)ရဲ့ အရှေ့တောင်အာရှနိုင်ငံများစီးပွားရေးဆိုင်ရာ ထုတ်ပြန်ချက်မှာ ကျွန်တော်တို့နိုင်ငံသား တစ်ဦးချင်းဝင်ငွေဟာတစ်နှစ်မှာဒေါ်လာ(၁၂၄၄) တစ်နည်းအားဖြင့်ကျပ် ၁၇.၄သိန်း (တစ်ရက်–၄၈၀၀ကျပ်)ခန့်သာရှိပါတယ်။ တစ်ဦးချင်းဝင်ငွေသည် စားဝတ်နေရေးကို ထောက်ကူပေးနိုင်စွမ်းမရှိလျှင် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာမှာဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုလည်း နိမ့်ကျမှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့စီးပွားရေးဆိုင်ရာရည်မှန်းချက်သည် လူတစ်ဦးချင်း၏စီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ပေးပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ကြမယ်ဆိုရာမှာ ပြည်နယ်အဆင့်နိုင်ငံရေး အာဏာခွဲဝေသုံးစွဲရေးကအရေးကြီးသလို ဒေသန္တရအုပ်ချုပ်ရေးကဏ္ဍမှာလည်း ဒေသခံဌာနေတိုင်းရင်းသားများ ပူးပေါင်းပါဝင်ရေးကအရေးကြီးပါတယ်။ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒေသန္တရအုပ်ချုပ်ရေးကို ဝန်ကြီးဌာနတစ်ခုကိုသာတာဝန်ခံသော နိုင်ငံ့ဝန်ထမ်းများကသာ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ပေးထားပါတယ်။ ရပ်မိရပ်ဖ၊ မြို့နယ်/ခရိုင် အထောက်အကူပြုကော်မတီစသည်ဖြင့် ဌာနေပြည်သူများပူးပေါင်းပါဝင်မှုပြုစေသော်လည်း ဆုံးဖြတ်ချက်ချမှု၊ အကောင်အထည်ဖော်မှုအပိုင်းများမှာ ဌာနေတိုင်းရင်းသားပြည်သူများ ပါဝင်ခွင့်မရှိသဖြင့် ဌာနေဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများမှာ ပြည်သူ့ဆန္ဒနှင့်အညီဖော်ဆောင်နိုင်မှုအားနည်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပါတီက ဒေသန္တရအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးတို့တွင် ဌာနေတိုင်းရင်းသားပြည်သူများ ပါဝင်ခွင့်ရရေးကိုလည်း ရွေးကောက်ပွဲဝင်ရည်မှန်းချက်အဖြစ်ထားရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

နယ်မြေဒေသတစ်ခုမှစ၍ နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးမှာ ပညာရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ လက်တွေ့အသုံးချပညာရေးနှင့် ခေတ်မီအဆင့်မြင့်ပညာရေးဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေဖို့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲကြရပါတယ်။ ကျွန်တော်တို့နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုအားနည်းနေသေးသည့်ကာလမှာ လူမှုဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် လက်တွေ့အသုံးချပညာရေးကို ပိုမိုတွန်းအားပေးရန် လိုအပ်တယ်လို့မြင်ပါတယ်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ပညာရေးဆိုင်ရာ မူဝါဒအပိုဒ်(၅)မှာ အနာဂတ်ဘဝကိုအာမခံချက်ပေးနိုင်မည့် နိုင်ငံတကာအဆင့်မီပညာရေးစနစ်ဖြစ်ရန် စီမံဆောင်ရွက်မည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ဒါကြောင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည် လူမှုဘဝဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် ပညာရေးစနစ်အကောင်အထည်ဖော်ရေးကိုလည်း ရည်မှန်းချက်တစ်ရပ်အဖြစ်ထားရှိပါကြောင်းတင်ပြလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

ကျွန်တော်တို့လိုလားတောင့်တတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန်မှာ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲဟာ ကျော်ဖြတ်ရမယ့် တံခါးတစ်ချပ် ဖြစ်ပါတယ်။ ဒီတံခါးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ဖို့ရာ လူထုက မှန်မှန်ကန်ကန် မဲပေးပါမှ၊ ကိုယ့်ကိုကိုယ်စားပြုပြီး နိုင်ငံ့အရေး ဆောင်ရွက်ပေးမယ့် ကိုယ်စားလှယ်နဲ့ပါတီကို မှန်မှန်ကန်ကန်ရွေးပေးပါမှ လိုရာပန်းတိုင်ကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ ခိုင်မာသော ယုံကြည်ချက် ရည်မှန်းချက်နှင့် အနာဂတ်အတွက်ကြိုတင်စီမံချက်ရှိပြီးမိမိဌာနေဒေသနဲ့ပြည်သူများအတွက် အမှန်တကယ်ကိုယ်စားပြုအလုပ်လုပ်ပေးနိုင်မယ့်သူကို ရွေးချယ်ရရှိဖို့ လိုအပ်ပါတယ်။ မိမိရွေးချယ်မဲပေးလိုသူ ကိုယ်စားလှယ်လောင်းရဲ့ ပါတီအမှတ်တံဆိပ်ဘေးကအကွက်ထဲမှာ တံဆိပ်တုံးတိတိကျကျရိုက်ပေးပါလို့တိုက်တွန်းလိုပါတယ်။



**တိုင်းရင်းသားပြည်သူများခင်ဗျား**

နောက်ဆုံးအနေနဲ့ ပြောကြားချင်တာကတော့–

ကျွန်တော်တို့အားလုံးဟာ ဒီမြေမှာနေ ဒီရေကိုသောက် ဒီဒေသ ဒီနိုင်ငံမှာနေပြီး ကိုယ့်ဘဝကို တည်ဆောက်နေကြတဲ့သူများပီပီ ဒီမြေ ဒီနိုင်ငံ ဒီပြည်သူများကြီးပွားဖွံ့ဖြိုးမှုအတွက် နိုင်ငံသားကောင်းပီသစွာဖြင့် မှန်ကန်စွာရွေးချယ်မဲပေး၍အမိမြေကျေးဇူးကိုဆပ်ကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီကတော့ အကောင်းဘက်သို့ပြောင်းလဲဖို့ မိမိယုံကြည်ချက်ကိုအရင်းတည်၍ ပြည်ထောင်စုဘဝသစ်တည်ဆောက်နိုင်ရန်မြဲမြံသော အဓိဋ္ဌာန်ပြုလျက်ရှေ့သို့ ချီတက်နေမြဲဆက်လက်ချီတက်နေမည်ဖြစ်ပါကြောင်း – တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ကျေးဇူးတင်ပါတယ်။

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ထည့်သွင်းတင်ပြလိုသည့် တေးသီချင်း၏ စာသားဘာသာပြန်ဆိုချက်**

- (ရှမ်း–ဒီ)သည် ပြည်နယ်အရေးစီမံမည်၊ (ရှမ်း–ဒီ)သည်ပြည်နယ်အရေးဦးဆောင်မည်၊
(ရှမ်း–ဒီ)သည် သမိုင်းကောင်းရေးထိုးမည်၊ (ရှမ်း–ဒီ)သည် ပြည်ငြိမ်းအေးဖို့ကူညီမည်။
- မဲပြား သုံးချပ်သည် ပြည်သူများကစေးသွားလိုထက်ဖို့ဆောင်ကြဉ်းပေးမည့် အရာဖြစ်သည်။
မဲပြား သုံးချပ်သည် ပြည်သူများကို စည်းရုံးရေးလမ်းစမြင်ရဖို့ တွန်းအားပေးသည့်အရာဖြစ်သည်။
ပြည်သူများ နက်နက်နဲနဲတွေးတောစဉ်းစားကြစေလို၊ မြင့်မြင့်မားမား တွေးဆကြစေလို၊
မဲပြားထည့်ဖို့တာဝန်ဟာပြည်သူ့ပခုံးပေါ်ကျလာပြီ၊ ပြည်သူ့ပခုံးပေါ်ရောက်လာပြီ။
ပျိုရွယ်သူမှအစ အိုမင်းပြည်သူများအဆုံးအားလုံး မဲပြားများသွားပေးကြပါရန်။
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည် အစဉ်ကြံ့ခိုင်သော အဖွဲ့အစည်း ဖြစ်ပါသည်။
လူတိုင်းအသိအမြင်ပွင့်ဖို့ အမျိုးသားရေးအတွက် အားအင်ဖြစ်ဖို့လုပ်ဆောင်နေ။
- ဆုံးဖြတ်ပါ။ မကြောက်ပါနဲ့။ လုပ်ပါဆောင်ရွက်ပါဝေဝါးမနေပါနဲ့။
ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုသာ သမိုင်းလှလှရေးထိုးနိုင်ပါမယ်။
နက်နက်နဲနဲတွေး၊ မြင့်မြင့်မားမားကြံဆ တိတိကျကျဆုံးဖြတ်
အပြောနဲ့လက်တွေ့ထပ်တူကျပါစေ။
ရွံ့နွံထဲကိုခလုတ်တိုက်မကျပါစေနဲ့။

*(ရှမ်း – ဒီ) = ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ

# ကာရာအိုကေဆိုရာကနေ ပြန့်ပွား

**ရန်ကုန်မှာဆိုရင် ကျွန်မတို့ မြို့နယ်အချို့ကို အထူးသတိထားပြီး အိမ်အပြင်မထွက်ဖို့ သတ်မှတ်ထားပါတယ်။ ကျွန်မက နာမည်နဲ့ပြောရမယ်ဆိုရင် သဃ်န်းကျွန်းမြို့နယ်ကို ပြောဖို့လိုပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သဃ်န်းကျွန်းမြို့နယ်မှာဆိုရင် ကိုဗစ်ရောဂါစွဲကပ်နေတဲ့ပြည်သူတွေ များလို့ပါ။ အဲဒီလို ဖြစ်ရတဲ့အကြောင်းကလည်း ကာရာအိုကေနဲ့ဆိုင်တယ်လို့ ကျွန်မတို့ နားလည်ပါတယ်။ သဃ်န်းကျွန်းမြို့နယ် ကာရာအိုကေဆိုင်တွေမှာ ကာရာအိုကေဆိုရာကနေပြီးတော့ ပြန့်သွားတဲ့ကိစ္စပါ။ ဒီလို ဘာဖြစ်လို့ ပြန့်သွားလဲဆိုတော့ နံပါတ်(၁)က လူစုလူဝေးပေါ့။ ကာရာအိုကေဆိုင်တွေမှာဆိုရင် လူတွေများတယ်။ တစ်ယောက်နဲ့ တစ်ယောက် ခြောက်ပေခွာပြီးတော့နေတယ်ဆိုတာ မရှိဘူး။ နောက်ပြီးတော့ သီချင်းဆိုတဲ့အခါမှာဆိုရင် ဒါဟာ ပိုးမွှားတွေကို ပြန့်အောင်လို့ လုပ်နိုင်တဲ့ အထိရောက်ဆုံးနည်းပဲလို့တောင် ပြောရမလား မသိပါဘူး။ အားလုံးသီချင်းဆိုကြတယ်။ နောက်ပြီး Microphone တွေကို တစ်ယောက်ပြီးတစ်ယောက်သုံးကြတယ်။ အဲဒီကနေပြီးတော့ ကူးစက်တာတွေ ဖြစ်ပါတယ်။**

( Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် COVID–19 ရောဂါ ပြန့်ပွားမှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂၇၂ ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၂၂ ဦး ရှိသွားပြီ

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၇၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၄၂၂ ဦးရှိသွားပြီ ဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၄၂၂ ဦးအနက် သေဆုံးသူ ၁၄ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၆၂၅ ဦးနှင့် စက်တင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၈၆ ဦး ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၀-၉-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်–
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁,၀၀၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ ဓာတ်ခွဲနမူနာ (၁၁၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၈၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၅၈) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၈) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁၈) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၃၇၀) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ–

• COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၅) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၁၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂,၂၆၅)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၀-၉-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်–
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၂,၀၃၁) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၃၇၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၉၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ ဓာတ်ခွဲနမူနာ (၁၁၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၈၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၅၈) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ လှိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တာချီလိတ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၈) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁၈) ခု

စုစုပေါင်း (၃,၄၁၇) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်ပေါင်း (၂၅၇) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာ (၁၄၂) ဦး တွေ့ရှိကြောင်းကို (၁၀-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၄။ ဓာတ်ခွဲအတည်ပြုလူနာသစ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၁-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ |
|---|---|
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) | (၁,၀၀၅) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) | (၁၁၉) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး မကွေးမြို့မှ | (၉) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး တာချီလိတ်မြို့မှ | (၁၆) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး လှိုင်ကော်မြို့ | (၃) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | (၈၁) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး ကျောက်ဖြူမြို့ | (၅၈) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) | (၂၃) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး ထားဝယ်မြို့ | (၅) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး မြောင်းမြမြို့ | (၃) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့ | (၁၁) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး ဟားခါးမြို့ | (၈) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး ပြင်ဦးလွင်မြို့ | (၂) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး မြဝတီမြို့ | (၉) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး ဗန်းမော်မြို့ | (၁၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိရသည့် ဓာတ်ခွဲအတည်ပြုလူနာသစ် | (၁၁၅) ဦး |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း ကွက်သစ်ရပ်ကွက် မာလာရာမပရိယတ္တိစာသင်တိုက်အတွင်းရှိ စိန်ရတနာနာရေးကူညီမှုအသင်းသို့ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရန်အတွက် အလှူငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါ အသင်းရုံးခန်းရှေ့၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် YP7 ကုမ္ပဏီ ဦးရူပမိသားစုက အလှူငွေကျပ် သုံးသိန်းနှင့် နှာခေါင်းစည်း အခု ၅၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၅ စုံ၊ မျက်နှာကာ ၅၀ တို့ကို စိန်ရတနာနာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးသောင်းကြည်နှင့် အမှုဆောင်အဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းရာ အသင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ရှေ့နေနှင့် သတင်းများ

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

" ရှေ့နေနှင့်သတင်းမှားပါတဲ့ "

"ဩော် ... ဆရာ "

"ယခုတလော သတင်းမှားတွေအကြောင်း အမျိုးစုံကြားနေရတယ်ဆရာ။ ဘာကိုယုံရမှန်းမသိဘူး။"

"အေးဗျာ၊ မမှားသင့်တာမမှားရအောင် လေ့လာသုံးသပ်ကြည့်ကြစို့ ..."

**သတင်းဆိုသည်မှာ**

"သတင်းဆိုသည်မှာ အချက်အလက် (Data)၊ မူရင်းစာ (Text)၊ ပုံရိပ်သဏ္ဍာန် (Image)၊ အသံ၊ သင်္ကေတ (Code)၊ ကွန်ပျူတာပရိုဂရမ်ဆော့ဝဲနှင့် အချက်အလက်အစုအဝေး (Data Base) တို့ပါဝင်သည်" ဟု သတင်းမီဒီယာနည်းဥပဒေများ ၂ (ခ) တွင် ဖော်ပြထားသည်။

သတင်းများဟုဆိုရာတွင် ယင်းတို့နှင့် စပ်လျဉ်းသောရေးသားဖော်ပြမှုများအား ပုံမှန်ဖြန့်ချိ သော ထုတ်ဝေစာကို ဆိုသည်။ (သတင်းမီဒီယာ ဥပဒေပုဒ်မ ၂ (င) )

**သတင်းထောက်ဆိုသည်မှာ**

သတင်းထောက်ဆိုသည်မှာ သတင်းအချက်အလက်များ ရှာဖွေရယူ၍ သတင်းမီဒီယာတစ်ခုခုသို့ ပေးပို့သူကို ဆိုသည်။ (သတင်းမီဒီယာဥပဒေပုဒ်မ ၂ (စ) )

**သတင်းမီဒီယာဆိုသည်မှာ**

သတင်းမီဒီယာဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြန့်ချိခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ ရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်း၊ အချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့်အသွင်သဏ္ဍာန်များ အသုံးပြုကာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အယ်ဒီတာ တာဝန်ယူမှုရှိသော အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများကို ဆိုသည်။ (သတင်းမီဒီယာ ဥပဒေပုဒ်မ ၂ (က) )

**သတင်းအချက်အလက်**

သတင်းအချက်အလက် (Information)ဆိုရာတွင် အချက်အလက်(Data)၊ မူရင်းစာ (Text)၊ ပုံရိပ်သဏ္ဍာန် (Image)၊ အသံ၊ သင်္ကေတ(Code)၊ ကွန်ပျူတာပရိုဂရမ်ဆော့ဝဲ(Software) နှင့် အချက်အလက်အစုအဝေး (Data Base) တို့ပါဝင်သည်။

(အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ-၂ (က) )

**သတင်းအေဂျင်စီ**

သတင်းအေဂျင်စီဆိုသည်မှာ ပြည်တွင်းပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ နည်းတစ်မျိုးမျိုးဖြင့် မီဒီယာများသို့ အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့်လုပ်ငန်း ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုလိုသည်။

(ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ၂ (စ))

**သတင်းစာဆိုသည်မှာ**

သတင်းစာဆိုသည်မှာ နေ့စဉ်ဖြစ်ပျက်နေသော ပြည်တွင်းပြည်ပ သတင်းများ၊ ယင်းတို့နှင့် စပ်လျဉ်းသော ရေးသားဖော်ပြမှုများကို နေ့စဉ် သို့မဟုတ် အပတ်စဉ် သို့မဟုတ် ပုံမှန်ကာလ အပိုင်းအခြားဖြင့် ထုတ်ဝေသည့် ထုတ်ဝေစာကိုဆိုသည်။

(ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ၂ (စ))

**သတင်းအမှား/အမှန် မည်သို့ ခွဲခြားမည်နည်း**

သတင်းတစ်ပုဒ်ကို အမှားအမှန် ခွဲခြားနိုင်ရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်ကြောင်း မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ နားလည်မှုစာစောင်(စာ-၂၉) တွင် ဖော်ပြသည်။

**(က) သတင်းရင်းမြစ်ကိုရှာပါ**

သတင်းတစ်ပုဒ်ကို ဖတ်ရှုခြင်းမပြုမီ သတင်းစတင်ရာရင်းမြစ်ကို ဦးစွာ လေ့လာသင့်သည်။

(ဥပမာ – သတင်းဌာန၏ ရည်ရွယ်ချက်၊ သတင်းဌာနသို့ ဆက်သွယ်ဆောင်ရွက်ရမည့် လိပ်စာ)

**(ခ) သတင်းတစ်ပုဒ်လုံးကို ဖတ်ရှုပါ**

သတင်းဌာနများအနေဖြင့် ယင်းတို့၏ သတင်းများကို ဖတ်ရှုသူများပြားစေရန်အတွက် သတင်းခေါင်းစဉ်များကို ပရိသတ်စိတ်ဝင်စားအောင် ရေးသားလေ့ရှိရာ သတင်းခေါင်းစဉ်သာဖတ်ရှုပြီး သုံးသပ်ခြင်းမျိုးမလုပ်ဘဲ သတင်းတစ်ပုဒ်လုံးအား ဖတ်ရှုသင့်ပါသည်။

**မြန်မာနိုင်ငံတွင် ဆိုရှယ်မီဒီယာအသုံးပြုမှုသည် ၂၀၁၅ ခုနှစ်က ခုနှစ်သန်းခန့်သာရှိသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ၂၂ သန်းအထိရှိ . . . ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအဖွဲ့က ဘာသာရေး၊ လူမျိုးရေး၊ ပဋိပက္ခဖြစ်စေရန် လှုံ့ဆော်ခြင်းနှင့် အမုန်းစကားဖြန့်ဝေသည့် အကောင့်နှင့် ပေ့ချ်စုစုပေါင်း ၃၀၀၀ ကျော်ကို Facebook Team နှင့် ဆက်သွယ်၍ ဖြုတ်ချ . . .**

**(ဂ) သတင်းရေးသူကို စစ်ဆေးပါ**

သတင်းရေးသားသူ၏ယုံကြည်ရမှုကို စစ်ဆေးကြည့်သင့်သည်။(ဥပမာ – သတင်းမီဒီယာ ကျင့်ဝတ်နှင့်အညီ ရေးသားသူ ဟုတ်မဟုတ်၊ ပဋိပက္ခများကို ဖြစ်စေသည့် သတင်းများကို မကြာခဏ ရေးသားသူဟုတ်မဟုတ်။)

**(ဃ) အကိုးအကားများကို စစ်ဆေးပါ**

သတင်းတစ်ပုဒ်က အကိုးအကားပြုထားသည့် အရင်းအမြစ်များတွင် အချက်အလက်များ ကိုက်ညီမှုရှိမရှိ စစ်ဆေးသင့်ပါသည်။

**(င) ထုတ်ဝေသည့်ရက်စွဲကို စစ်ဆေးပါ**

အထူးသဖြင့်အွန်လိုင်းပေါ်တွင် ယခင်က ထုတ်ဝေ၊ ဖော်ပြခဲ့သည့် သတင်းဟောင်းများကို ပြန်လည်မျှဝေခြင်း၊ ဖော်ပြခြင်း ဟုတ် မဟုတ်နှင့် လက်ရှိအခြေအနေနှင့် ကိုက်ညီမှု ရှိမရှိ ကို စစ်ဆေးသင့်ပါသည်။

**(စ) သရော်စာဟုတ်မဟုတ် စစ်ဆေးပါ**

တစ်ခါတစ်ရံတွင် လက်ရှိ ဖြစ်ပျက်နေမှုများကို ဟာသအမြင်ဖြင့် သရော်စာပုံစံ ရေးသားလေ့ရှိပြီး ယင်းကို အချက်အလက် အမှန်ဟု မှတ်ယူနိုင်သည်ကို သတိပြုကာ သရော်စာ ဟုတ် မဟုတ် လေ့လာ စစ်ဆေးရမည်။ ယင်းသို့ ခွဲခြားသိရှိရန်အတွက် စာရေးသူအကြောင်းနှင့် သတင်းဌာနအကြောင်းကို လေ့လာစစ်ဆေးသင့်သည်။

**(ဆ) အစွဲကင်းပါစေ**

မိမိ၏ ယုံကြည်မှုအစွဲများက မိမိ၏ သုံးသပ်ဝေဖန်မှုများအပေါ် သက်ရောက်မှုရှိနိုင်သည့်အတွက် သတင်းများအပေါ် ဝေဖန်သုံးသပ်ရာတွင် သမာသမတ်ကျစွာ၊ အစွဲကင်းစွာ သုံးသပ်သင့်သည်။

**(ဇ) ကျွမ်းကျင်သူများအား မေးမြန်းပါ**

သက်ဆိုင်ရာကျွမ်းကျင်သူများအား သတင်းအချက်အလက်ပါ အကြောင်းအရာများ၏ မှန်ကန်မှုအခြေအနေကို မေးမြန်းဆောင်ရွက်သင့်ပါသည်။ ထို့အပြင် အင်တာနက်စာမျက်နှာများတွင်လည်း သတင်းမှန်/သတင်းမှားများကို တိုက်ဆိုင်စစ်ဆေးနိုင်သည့် ဝက်ဘ်ဆိုက်များတွင် စစ်ဆေးဆောင်ရွက်သင့်ပါသည်။

**ဖေ့စ်ဘွတ်ခ်နှင့်အမုန်းစကား**

အမုန်းစကားဟူသည် ဥပဒေနှင့် မညီညွတ်ဘဲ လူတစ်ဦး သို့မဟုတ် လူတစ်စုအပေါ် ခွဲခြားဆက်ဆံ၍ ပြောဆိုရေးသားခြင်းဖြစ်ပြီး အမုန်းတရားပြောခြင်းသည် စကားဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာအရဖြစ်စေ၊ စာအရေးအသားဖြင့် ဖြစ်စေ၊ ပုံပြသခြင်းဖြင့်ဖြစ်စေ အဖွဲ့အစည်း သို့မဟုတ် လူတစ်ဦးကို ဥပဒေပြင်ပမှ တိုက်ခိုက်ခြင်းဖြစ်သည်။

အမုန်းစကားများသည် မမှန်ကန်သော၊ ချဲ့ကားသော အချက်များပါဝင်သည့် မှားယွင်းသောအချက်အလက်များ၊ လူသားမဆန်သည့် တင်စားခိုင်းနှိုင်းမှုများ၊ နှစ်ဖက်အကြား စည်းခြားစေသည့် အသုံးအနှုန်းများ ပါဝင်သည်။

စစ်တမ်းများအရ မြန်မာနိုင်ငံတွင် ဆိုရှယ်မီဒီယာအသုံးပြုမှုသည် ၂၀၁၅ ခုနှစ်က ခုနစ်သန်းခန့်သာ ရှိသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ၂၂ သန်းအထိ ရှိလာပြီဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့် အသုံးပြုနေသော ဆိုရှယ်မီဒီယာသည် လူတိုင်း လွတ်လပ်စွာ ရေးသားလာနိုင်သည်။ မိမိလိုအင်ဆန္ဒအတိုင်း ပြောဆိုနိုင်သည့် ဟာစ်တိုင်ဖြစ်သည်။

Facebook မှ တစ်ဆင့် စက္ကန့်ပိုင်းအတွင်း ဖြန့်နိုင်သည်။ သတင်းကောင်းရော၊ သတင်းဆိုးပါ ကြိုက်ရာရေးနိုင်သည်။ သတင်းမှန်လား။ သတင်းမှားလား။ ပိုင်းခြားကြပါကုန်။ အမုန်းစကား ပြောကြသူများ၊ သတင်းအတု၊ သတင်းအမှားဖြန့်ဝေကြသူများ ဒုနှင့်ဒေးရှိနေဆဲ။ ဝေခွဲသုံးသပ်ဖို့က အများပြည်သူတို့၏တာဝန်ဖြစ်ပေသည်။ ဆန်းစစ်ပိုင်းခြားနိုင်မှ တော်ကာကျပေမည်။




**ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအဖွဲ့**

ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအဖွဲ့က ဘာသာရေး၊ လူမျိုးရေး၊ ပဋိပက္ခဖြစ်စေရန် လှုံ့ဆော်ခြင်းနှင့် အမုန်းစကားဖြန့်ဝေသည့်အကောင့်နှင့် ပေ့ချ်စုစုပေါင်း ၃၀၀၀ ကျော်ကို Facebook Team နှင့်ဆက်သွယ်၍ ဖြုတ်ချခဲ့ကြောင်း သိရသည်။ အဆိုပါ ပေ့ချ်များတွင် လူမှုကွန်ရက်ကို အသုံးပြု၍ မူးယစ်ဆေးဝါးရောင်းချမှု၊ လိင်ပိုင်းဆိုင်ရာ လှုံ့ဆော်မှု၊ လူတစ်ဦး၊ အသင်းအဖွဲ့ဂုဏ်သိက္ခာကျဆင်းစေရန်လုပ်ကြံဖန်တီးမှု၊ သတင်းအတု၊ သတင်းမှားများ ဖြန့်ဝေသည့်အကောင့် ၁၅၈၁ ခု၊ ပေ့ချ်ပေါင်း ၃၃၀၊ ချက်ဂရု ၈၃ ခု၊ ပို့စ်ပေါင်း ၁၂၈၈ ခု စုစုပေါင်း ၃၂၈၂ ခုပါဝင်သည်။

**သတင်းမီဒီယာကျင့်ဝတ်**

သတင်းမီဒီယာကျင့်ဝတ် အပိုင်း(၁)တွင် ချမှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲ၌ သတင်းနှင့် မျက်မှောက်ရေးရာ အစီရင်ခံရာတွင် ဘက်မျှအောင်ထိန်းညှိရေး၊ ဘက်မလိုက်ရေး၊ မျှတရေးနှင့် တိကျမှန်ကန်ရေးတို့ကို မီဒီယာများက တင်းကျပ်စွာစောင့်ထိန်းလေးစားရမည်။

သတင်းအချက်အလက်မှန်ကန်ပြီး မျှတ၍ ဟန်ချက်ညီသောသတင်းနှင့် မျက်မှောက်ရေးရာ ထုတ်လွှင့်ရေးသားမှုများကို အမြဲတမ်းဖော်ပြတင်ဆက်ရန် "မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲလမ်းညွှန်" စာအုပ် စာမျက်နှာ (၁၄) တွင် ဖော်ပြထားသည်။

**မမှန်သတင်းပေးခြင်း( ရာဇသတ်ကြီးပုဒ်မ ၁၇၇)**

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ထိုပြည်သူ့ဝန်ထမ်းသို့ အကြောင်းအရာတစ်ခုခုနှင့်စပ်လျဉ်း၍ ဥပဒေအရ သတင်းပေးရန် တာဝန်ရှိသူသည် ထိုအကြောင်းအရာနှင့် စပ်လျဉ်း၍ မမှန်ဟု မိမိသိသော သတင်းကိုဖြစ်စေ၊ မမှန်ဟု မိမိယုံကြည်ရန်အကြောင်းရှိသော သတင်းကိုဖြစ်စေ၊ မှန်သောသတင်း အဖြစ်ဖြင့် သတင်းပေးလျှင် ထိုသူကို ခြောက်လအထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

သို့မဟုတ် ဥပဒေအရ ပေးရန်လိုအပ်သောသတင်းသည် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်လျှင် သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန်အလို့ငှာ သော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရန်အလို့ငှာ သော်လည်းကောင်း ဖြစ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေအမှတ် ၆/၂၀၁၆)

**နိဂုံး**

(၁) သတင်းမှားကြောင့် အခင်းမများချင်ပါ။ အတုအယောင်၊ အမှားအယွင်းဟူသည် ကြာရှည်မခံပါ။

(၂) လွတ်လပ်ပွင့်လင်း၍ အမှားအယွင်းကင်းစင်ကြပါစေကြောင်း၊ စေတနာကောင်းဖြင့် အကြံပြုအပ်ပါကြောင်း . . .။ ။



# လယ်ဝေးမြို့ သာဝတ္ထိ (အင်းသာ) စစ်ဆေးရေးဂိတ်အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးညီထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၀ ရက် ညနေ ၅ နာရီက လယ်ဝေးမြို့ သာဝတ္ထိ (အင်းသာ) ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် နေပြည်တော်သို့ဖြတ်သန်းသွားလာဝင်ရောက်သည့် ယာဉ်များအား စိစစ်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က သာဝတ္ထိ (အင်းသာ) ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် နေပြည်တော်ဘက်သို့ဖြတ်သန်းသွားလာဝင်ရောက်သည့် မော်တော်ယာဉ်များ အဝင်အထွက်စိစစ်ဆောင်ရွက်ထားရှိမှုနှင့် ကုန်စည်စီးဆင်းမှု ကြန့်ကြာမှုမရှိစေရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့တို့၏နယ်စပ်၌ ပူးပေါင်းစစ်ဆေးရေးဂိတ်အသစ်ဆောက်လုပ်မည့် လျာထားမြေနေရာအား ကြည့်ရှုစစ်ဆေးကာ နေပြည်တော်ကောင်စီနယ်မြေသို့ ဝင်ရောက်မည့် မော်တော်ယာဉ်များ၊ လူ/ကုန်ပစ္စည်းများ လွှဲပြောင်းဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဥမ္မာချောင်းတံတား ချဉ်းကပ်လမ်းဆောင်ရွက်နေမှု ကြည့်ရှု

**မိုးမိတ် စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင်ရှိ တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်) လမ်းပေါ်ရှိ ဥမ္မာချောင်းတံတား ချဉ်းကပ်လမ်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ဥမ္မာချောင်းပေါ်တွင် ၅၆ ပေအရှည် သစ်သားတံတားနှင့် ၂၉ ပေအရှည် သစ်သားတံတား စုစုပေါင်းသစ်သားတံတားနှစ်စင်းရှိပြီး လမ်း၏ ဝဲ/ယာတစ်ဖက်တစ်ချက်တွင် အင်းရေပြင်ကဲ့သို့ တစ်နှစ်ပတ်လုံးရေများရှိနေ၍ မိုးရာသီမိုးရွာသွန်းမှုအလွန်များသည့်အချိန်တို့တွင် အင်းရေပြင်ထဲသို့ တောင်ကျချောင်းရေများပြားစွာ ကျဆင်းလာမှုကြောင့် သစ်သားတံတားများပေါ်နှင့် ကားလမ်းပေါ်တွင် ရေ နှစ်ပေခွဲမှ သုံးပေအထိမြင့်တက်၍ ရေကျသည်အထိ သွားလာချိန်စောင့်ဆိုင်းနေရကြောင်း၊ လမ်းပန်းဆက်သွယ်မှုမှာ အချိန်နှစ်နာရီမှ သုံးနာရီအထိ စောင့်ဆိုင်းနေရ၍ ယာဉ်များသွားလာနိုင်မှုမရှိဘဲ ရေများကျသွားမှသာ သွားလာနိုင်ကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်မှု အခက်အခဲများရှိနေသည့်အတွက် ၅၆ ပေ သစ်သားတံတားနေရာတွင် အရှည်ပေ ၆၀ R.C.C ကွန်ကရစ်တံတားအဖြစ်လည်းကောင်း၊ ၂၉ ပေအရှည် သစ်သားတံတားနေရာတွင် နှစ်ခန်းတွဲ 10x50xR.C.C BOX Culvert များအဖြစ်လည်းကောင်း တည်ဆောက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများသည် တံတားတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



# ရန်ကုန်ရေပေးဝေရေး ရေလှောင်ကန်ကြီးလေးကန် မိုးရာသီရေအဝင်နည်း၍ နွေရာသီအတွက် အရေးပေါ်အစီအမံများဆောင်ရွက်နေ

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်စည်ပင်ဧရိယာ ၃၃ မြို့နယ်သို့ အဓိကရေပေးဝေနေသော ဂျိုးဖြူ၊ လှော်ကား၊ ဖူးကြီးနှင့် ငမိုးရိပ်ရေလှောင်ကန်ကြီးလေးကန်သည် ယခုအခါတွင် ရာသီဥတုပြောင်းလဲလာမှုများကြောင့် သတ်မှတ်မိုးရေချိန် မပြည့်မီတော့သဖြင့် ယခုပုံမှန်ရေလျှံကာလတွင် ကန်မပြည့်သေးသည့် အခြေအနေများဖြစ်ပေါ်ကာ နွေရာသီ သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် အရေးပေါ်ကြိုတင်အစီအမံများ ဆောင်ရွက်နေရပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မှ သိရသည်။

"ခါတိုင်းဆို ဒီနှစ်ဒီလိုအချိန်မှာ ရေလှောင်ကန်ကြီးတွေအားလုံး ရေလျှံနေပြီ။ အခုဒီနှစ်က အခုအချိန်ထိကို ကန်တွေပြည့်တောင်မပြည့်ဘူးဖြစ်နေတာပါ။ ဒီအတွက် ကုစားတဲ့နည်းအနေနဲ့ ငမိုးရိပ်ဆည်ကလည်း ရေပြတ်လပ်မှုမရှိအောင်၊ လာမယ့်နွေရာသီမှာ စိုက်ပျိုးရေကို လျှော့ချပြီးပေးနိုင်အောင် ရေနည်းနည်းနဲ့ စိုက်ပျိုးလို့ရတဲ့ သီးနှံတွေ ပြောင်းလဲစိုက်ပျိုးဖို့ ဆည်မြောင်းဦးစီးဌာနရော စိုက်ပျိုးရေးဦးစီးဌာနနဲ့ပါ ညှိနှိုင်းဆွေးနွေးထားတာတွေရှိတယ်။ လှော်ကားရေလှောင်ကန်ကိုလည်း ရေပြတ်လပ်မှုမရှိအောင်၊ အရေးပေါ်အနေနဲ့ပေါ့၊ မှော်ဘီဘက်ကနေ လှိုင်မြစ်ရေကိုရယူနိုင်ဖို့ ရေအားပြည့်မယ့်စီမံကိန်းတစ်ခု လုပ်နေပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သွဲ့နိုင်ဦးက ပြောသည်။

လက်ရှိတွင် ရာသီဥတုပြောင်းလဲလာမှုများကြောင့် မိုးရေချိန်လက်မ လျော့နည်းလာပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ အဓိကပေးပို့နေသော ရေလှောင်ကန် လေးကန်သည် သတ်မှတ်ရေလျှံအမှတ်သို့ မရောက်ရှိဘဲ လျော့နည်းနေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ စည်ပင်ဧရိယာ ၃၃ မြို့နယ်သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီပိုင် ဂျိုးဖြူ၊ လှော်ကား၊ ဖူးကြီး ရေလှောင်ကန်များမှလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနပိုင် ငမိုးရိပ်ရေလှောင်ကန်မှလည်းကောင်း ရေများကို ရေသန့်စင်ပြီး ရေတွန်းစက်များဖြင့် ပေးပို့လျက်ရှိကြောင်း သိရသည်။ ယခုအခါတွင် ရန်ကုန်စည်ပင်ဧရိယာအတွင်း နေ့စဉ်ရေဂါလန် ၂၀၅ သန်းကို ဖြန့်ဖြူးပေးဝေလျက်ရှိပြီး ယင်းသည် ပုံမှန်ပေးရမည့် ရာခိုင်နှုန်းတွင် ၄၅ ရာခိုင်နှုန်းသာရှိကြောင်း၊ ထပ်မံ၍ ရေပေးဝေရေး စီမံကိန်းကြီးများကိုလည်း ဖော်ဆောင်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။

**မြင့်မောင်**

# မယ်စဲ့နယ်စပ်စစ်ဆေးရေးဂိတ်များသို့ ကွင်းဆင်းစစ်ဆေး

**မယ်စဲ့ စက်တင်ဘာ ၁၁**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နယ်စပ်စစ်ဆေးရေးဂိတ်များဖွင့်လှစ်၍ နေ့စဉ်ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်က ဘောလခဲခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် ခရိုင်/မြို့နယ်အဆင့်ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။

### နေ့စဉ်စစ်ဆေး

မယ်စဲ့မြို့နယ်တွင် ဘီပီ (၁၃) နယ်စပ်ဂိတ်မဟုတ်သည့် အခြားတရားမဝင် ဝင်ပေါက်/ထွက်ပေါက်များမှတစ်ဆင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ပိတ်ဆို့စစ်ဆေးနိုင်ရေးအတွက် နမ့်မန်းစစ်ဆေးရေးဂိတ်ကိုလည်းကောင်း၊ ဘီပီ(၁၄)၊ ဘီပီ(၁၅)နှင့် အခြားနယ်စပ် ဝင်ပေါက်/ထွက်ပေါက်များမှ တရားမဝင်ပြန်လည်ဝင်ရောက်လာသူများအား ပိတ်ဆို့စစ်ဆေးနိုင်ရေးအတွက် မယ်ဆည်နမ်စစ်ဆေးရေးဂိတ်ကိုလည်းကောင်း ဖွင့်လှစ်၍ နေ့စဉ်စစ်ဆေးလျက်ရှိသည်။

### အရှိန်အဟုန်မပြတ် ဆောင်ရွက်

ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ပြည်တွင်းခရီးသွားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ခရီးသွားရာဇဝင်မေးမြန်း၍ မှတ်တမ်းရေးသွင်းခြင်း၊ အခြားတိုင်းနှင့်ပြည်နယ်များမှ ဝင်ရောက်လာသူများရှိပါက ကျန်းမာရေးထောက်ခံချက်များ စိစစ်ခြင်းနှင့် ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေး၍ ကန့်သတ်စောင့်ကြည့်စခန်းသို့ ပို့ဆောင်ပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့်အဖွဲ့က လုပ်ငန်းများအဆင်ပြေချောမွေ့စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

### တင်းကျပ်စွာဆောင်ရွက်

ထို့နောက် တာဝန်ကျဝန်ထမ်းများအား နေ့စဉ်စောင့်ကြပ်စစ်ဆေးမှုလုပ်ငန်းများကို တင်းကျပ်စွာဆောင်ရွက်သွားရန်၊ ထူးခြားမှုများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သီပေါမြို့အဝင် တိုးဂိတ်အနီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်

**သီပေါ စက်တင်ဘာ ၁၁**

မန္တလေး- လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မန္တလေးဘက်မှလာသော သီပေါမြို့အဝင် အိုရီယာမ်တယ်တိုးဂိတ်အနီး၌ စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် တစ်ဦးချင်း ကိုယ်အပူချိန်တိုင်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့များ၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး နေ့စဉ်အလှည့်ကျ တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီပေါကိုလတ်**

■

# ညောင်တုန်းမြို့၌ နှာခေါင်းစည်းများ အခမဲ့ဝေငှ

**ညောင်တုန်း စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၈)ရပ်ကွက် ဈေးဗန်းပရဟိတလူငယ်အဖွဲ့သည် နှာခေါင်းစည်းများ အခမဲ့ဝေငှခြင်းကို ယမန်နေ့နံနက်နှင့် ညနေပိုင်းတို့တွင် ဆောင်ရွက်ခဲ့ကြသည်။

### အသိပညာပေး

ဦးမင်းဇော်ဦး ဦးဆောင်သော ဈေးဗန်းလူငယ်အဖွဲ့သည် တစ်အိမ်လျှင် နှာခေါင်းစည်းသုံးခုနှုန်း အခမဲ့လိုက်လံဝေငှခြင်း၊ နေအိမ်ပြင်ပထွက်တိုင်း နှာခေါင်းစည်းများဝတ်ဆင်သွားလာကြရန် အသိပညာပေးခြင်းများအား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမြင့်ကျော်၊ ထွန်းကျော် (ညောင်တုန်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးချစ်ထွေး

### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်း၊ တိုက်(၇၄/၇၆)၊ အခန်း(၄၀)နေ (ဦးရှိန်-ဒေါ်တိုး)တို့၏သား၊ (ဒေါ်ကြင်ပု)၏ ခင်ပွန်း၊ (ဒေါ်တင်တင်မော်)-ပါမောက္ခ ဒေါက်တာကိုကိုသန့် (မျက်စိအထူးကုဆရာဝန်ကြီး)၊ ဒေါ်အမာကြည်၊ ဒေါ်တင်တင်ထွေး-ဦးညွန့်ဝေ၊ (ဦးခင်မောင်ထွေး)၊ ဦးတင်မောင်ထွေး-ဒေါ်သန္တာဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဝင့်ရှင်းသန့်ဦး၊ မောင်မြတ်မင်းညာဏ်၊ မောင်တင်ကိုထူးတို့၏ အဘိုး ဦးချစ်ထွေးသည် ၁၀-၉-၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဟသ်ာတအသင်း

သံဃဒါနပင်မအလှူရှင်

## ဒေါ်ကြည်ကြည်ငြိမ်း

### အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ အောင်ဆုပန်လမ်းနေ MIFIDA Co.,Ltd မန်နေဂျင်းဒါရိုက်တာဦးမြင့်ဆွေ၏ဇနီး၊ ဦးအောင်ဆွေမင်း၏မိခင် ဟသ်ာတအသင်း ရာသက်ပန်အသင်းဝင်ဒေါ်ကြည်ကြည်ငြိမ်း အသက် (၇၈) နှစ်သည် ၁၀-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉:၅၀ နာရီတွင် ရန်ကုန်မြို့ ပင်လုံဆေးရုံကြီး၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသား များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့
ဟသ်ာတအသင်း

---

## မသန္တာထွန်း (Ting Ting)

International Travel Asia Travel & Tours

### အသက် (၃၁) နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ (၂)ရပ်ကွက်၊ စိတ္တသုခလမ်း၊ နမ(၉)ကျေးရွာအုပ်စု၊ အမှတ်(၃၇၀/၈)နေ (ဦးခင်မောင်မြင့်)-ဒေါ်ခင်သိန်းတို့၏သမီး၊ ကိုကျော်ဇေလတ်၊ မနီနီထွန်းတို့၏ညီမ၊ ကိုအောင်ကျော်ကျော်၏အစ်မ မသန္တာထွန်း(International Travel Asia Travel & Tours)သည် ၁၁-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး

## ဒေါ်စိန်တင့် (မော်လမြိုင်)

### အသက် (၉၃) နှစ်

မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း (ဗဟို) အကြီးတန်းဒုဥက္ကဋ္ဌ(၁) ဦးခင်အောင်ထွန်း၏ မိခင်ဖြစ်သူ ဒေါ်စိန်တင့်သည် ၉-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၅၉ နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ဗဟို)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး

## ဒေါ်စိန်တင့် (မော်လမြိုင်)

### အသက် (၉၃) နှစ်

မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ဗဟို) အကြီးတန်းဒုဥက္ကဋ္ဌ(၁) ဦးခင်အောင်ထွန်း၏ မိခင်ဖြစ်သူ ဒေါ်စိန်တင့်သည် ၉-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၅၉ နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ဗဟို)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သီသီအေး (ခ) Marjorie (ခ) နီနီ

B.A(Law), LL.B, (7th batch)

### အသက် (၆၈) နှစ်

၁၀-၉-၂၀၂၀ ရက်နေ့ နံနက် ၁:၃၅ နာရီတွင် သူငယ်ချင်းဖြစ်သူ ဒေါ်သီသီအေးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၉-၁၉၇၄ ခုနှစ် ပညာသင်နှစ် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်**
**B.A(Law), LL.B(7th batch) သူငယ်ချင်းများ**

---

ရဟန်း ဒါယိကာမကြီး

## ဒေါ်တင်အေး (ဒေးဒရဲ)

### အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇေယျာလမ်း၊ အမှတ်(၅၃၂)နေ၊ (ဦးမောင်မောင်သန်း မန်နေဂျာ(ငြိမ်း)ကုန်းလမ်းပို့ဆောင်ရေး)၏ ဇနီး၊ ဗိုလ်မှူးအောင်ဖြိုးသန်း(ငြိမ်း)(Master Mariner-C/O MTM Shipping)၊ ဒေါ်ဖြူဖြူသန့်၊ ဦးမြင့်ဦး-ဒေါ်အိအိသန်း၊ ဦးတင်မောင်-ဒေါ်အေးဇင်သန့်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဝင်းထွဋ်အောင်(နောက်ဆုံးနှစ်-သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မောင်မိုးထွဋ်အောင်(ဒုတိယနှစ်-သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မောင်အောင်ချစ်မင်း၊ မောင်သူရအောင်တို့၏ချစ်လှစွာသော ဘွားဘွားကြီး၊ ဒေါ်တင်အေး (ဦးစီးအရာရှိ-ငြိမ်း-ကုန်းလမ်းပို့ဆောင်ရေး)သည် ၁၀-၉-၂၀၂၀ ရက်နေ့ နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည်ကြည်ငြိမ်း

လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

### အသက် (၇၈) နှစ်

မန္တလေးမြို့နေ (ဦးချမ်းငြိမ်း-ဒေါ်စောရင်)တို့၏သမီး၊ ရန်ကုန်မြို့နေ ဒေါက်တာဦးလွန်းဝေ-(ဒေါက်တာဒေါ်ခင်မာမာ)၊ မန္တလေးမြို့နေ ဒေါက်တာဦးချစ်မောင်-(ဒေါ်မြင့်မြင့်ချစ်)၊ ဦးထွန်းထွန်း-(ဒေါ်စန်းစန်း)၊ ရန်ကုန်မြို့နေ (ဒေါက်တာဦးခင်မောင်ဝင်း) - ဒေါ်ခင်သန်းနွဲ့တို့၏ ညီမ၊ ရန်ကုန်မြို့နေ (ဦးကြင်မောင်-ဒေါ်ခင်တင်)တို့၏သမီးချွေးမ၊ ဦးမြင့်ဆွေ(MD-Microfinance Delta International Co.,Ltd)၏ချစ်လှစွာသောဇနီး၊ ဦးအာသဝ(မဟာဗောဓိရိပ်သာကျောင်းတိုက်၊ ရွှေပြည်သာ)၊ ဦးအောင်ဆွေမင်း(GM-Microfinance Delta International Co.,Ltd)၊ ဦးအောင်ဆွေဝင်း(DGM-Thitsar Thukha San Microfinance Co.,Ltd)-ဒေါ်ဇင်မင်းပိုင်(AM-LOLC Microfinance Co.,Ltd)တို့၏ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်မိခင်ကြီး၊ မခင်ငြိမ်းငြိမ်းချစ်၊ မောင်အဂ္ဂမာန်၊ မောင်ရဲဘုန်းအောင်၊ မောင်အောင်ခန့်ပိုင်၊ မောင်ကောင်းသစ်တို့၏ ချစ်လှစွာသောအဘွား တောင်ဒဂုံမြို့နယ်နေ ဒေါ်ကြည်ကြည်ငြိမ်းသည် ၁၀-၉-၂၀၂၀ ရက် နံနက် ၉:၅၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ညွန့် (နမ့်ခမ်း)

### အသက် (၇၅) နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နေ (ဆရာဦးမြ-ဒေါ်နန်းရွှေမြ)တို့၏သမီး၊ ကျိုင်းတုံမြို့နေ ဦးစိုင်းနွတ်၏ဇနီး၊ ဦးစိုင်းထွန်းခင်-ဒေါ်နန်းခင်စမ်းအေး၊ ဦးစိုင်းလှမောင်-ဒေါ်နန်းစန်းစန်းမြင့်၊ (ဦးစိုင်းယဉ်ထွန်း)-ဒေါ်မိုးသီတာအေး၊ ဦးမျိုးညွန့်-ဒေါ်နန်းတင်တင်ထွေး၊ ဦးစိုင်းသက်ထွန်း-ဒေါ်ခင်မာသင်၊ စိုင်းမျိုးထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်တို့၏အဘွား ဒေါ်ခင်ညွန့်သည် ၁၀-၉-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅:၃၀ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်ရတနာ(၁)လမ်း၊ အမှတ်(၅၅၁)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဒေါ်နီလာမြင့်

အသက်(၆၂)နှစ်

B.E (Civil) 82 Batch

ယခင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ယခင် ယုဇနဆောက်လုပ်ရေး

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ၀နရပ်ကွက်၊ ခြံအမှတ် ၁၉ နေ ဦးမောင်မောင်လတ် (Sr E/E SINGAPORE)၏ ဇနီး၊ တစ်ဦးတည်းသော သမီးလေး မဆုလတ်မြင့် BA (TOURISM)ဘွဲ့ KOREA YEUNGNAM UNIVERSITY ၏ ချစ်လှစွာသော မိခင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်းနေ ဦးမြတ်သူ - ဒေါ်မာလာမြင့်၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆ လမ်းနေ ဦးဇာနီမြင့်-ဒေါ်မိစမ်းမာလာ၊ ဦးကျော်ကျော်မြင့်တို့၏ ကျေးဇူးရှင် ချစ်လှစွာသော အစ်မ၊ မယွန်းပွင့်မာလာ၊ မောင်စည်သူတို့ချစ်လှစွာသော တီတီကြီး ဒေါ်နီလာမြင့်သည် ၁၁-၉-၂၀၂၀ (သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးအထူးတင်ရှိခြင်း

၄-၉-၂၀၂၀ ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသောဖခင်ကြီး ဦးခင်မောင်လွင် အသက် (၈၇) နှစ် (A.G.T.I) (E.P) အင်းစိန် မန္တလေး ကန်တော့ခံကျောင်းဆရာကြီး၏ နောက်ဆုံးခရီးအား တကူးတကလိုက်ပါပို့ဆောင်ပေးကြသော တပည့်၊ ဆွေမျိုး၊ မိတ်ဆွေများ၊ ဖခင်ကြီးအတွက် ရည်စူးပြုလုပ်သောရက်လည်ဆွမ်းကျွေးသို့ လှူဖွယ်ပစ္စည်းများ၊ အချိုပွဲများပေးပို့သူများအားလုံး၊ နာရေးကိစ္စအဝဝ၊ ရက်လည်အစမှ အဆုံးထိ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ကူညီပေးပါသော အင်းစိန် A.G.T.I (EP) ကျောင်းသားဟောင်းကြီးများနှင့် လှူဒါန်းငွေ ထည့်ဝင်ကြသော တပည့်များအားလုံးကို ကျေးဇူးအထူး တင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## မှူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးကုဏ္ဍလ(ခ) ဦးအောင်ဇံ

မြေစာရင်း (ငြိမ်း)

### သိက္ခာတော်(၃) ဝါ၊ သက်တော် (၆၈) နှစ်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ခြေတော်ရာကျေးရွာနေ (ဦးရန်ထွန်းအောင်)-ဒေါ်ခိုင်စိန်ဦးတို့၏ သားကြီး၊ ပုဏ္ဏားကျွန်းမြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးဖိုးလူ-ဒေါ်လှရုံဦး)တို့၏သားသမက်၊ မောင်တောမြို့၊ အောင်မြေဗောဓိရပ်နေ ဒေါ်လုံးချေ၏ ခင်ပွန်း၊ ဦးမောင်သန်းရွှေ၊ ဦးရွှေလှခိုင်၊ ဒေါ်မချေ၊ ဦးလှဇံတို့၏ အစ်ကိုကြီး၊ ဦးသန်းထွန်း-ဒေါ်ခင်နွယ်ဦး၊ ဦးရန်မင်းသိမ်း-ဒေါ်မော်မော်ဆွေ၊ ဦးရန်မင်းစိုး-ဒေါ်ဦးဝင်းခိုင်၊ ဦးကျော်စိုးထွန်း-ဒေါ်ခိုင်ခင်ကျော့တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးရှင်သည် ၁၀-၉-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် ရန်ကုန်မြို့စံပြဆေးရုံကြီး၌ ၉၆ ပါးသော ရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃-၉-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဆွေ

တိုင်းဥပဒေအရာရှိ (ငြိမ်း)

### အသက် (၇၄) နှစ်

ပုတီးကုန်းမြို့နေ (ဦးထွန်းမင်း-ဒေါ်စောရင်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၅၁၉/ခ)နေ ဒေါ်ခင်တင့်(အထပြ-ငြိမ်း)၏ ခင်ပွန်း၊ ဦးကျော်သာဆွေ၊ ဦးပြည့်စုံဆွေ (PTTEPI)-ဒေါ်ဖြူဖြူအောင်၊ ဒေါ်မြတ်လေးဆွေ-ဦးဖြိုးဝေကျော်၊ ဗိုလ်မှူးကျော်ဇေယျာဆွေ-ဒေါ်သင်းသင်းနွယ်တို့၏ဖခင်၊ မောင်Abelအံ့ထူးအောင်၏ ချစ်လှစွာသောအဘိုး ဦးကျော်ဆွေ အသက် (၇၄) နှစ်သည် ၁၁-၉-၂၀၂၀ ရက် နံနက် ၆ နာရီတွင် အမှတ်(၂/၅၀၀) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ လမ်း၊ တံတားဒါယကာကြီး

## ဦးအောင်မြတ်စိုး (ခ) ကိုဖိုးအော်

ဖွေးဖွေးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

### အသက် (၄၅) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၆၄)နေ (ဦးသောင်း-ဒေါ်စိန်ရီ)တို့၏သား၊ ဦးသောင်းရွှေ-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဦးတင်ထွန်းဦး-ဒေါ်ခင်မိုးကြည်၊ ဦးတင်အောင်မိုး-ဒေါ်အေးအေးခိုင်၊ (ဦးဇော်မိုးထွန်း)-ဒေါ်သူဇာခိုင်၊ ဦးအောင်ကျော်စိုး (ခ) ကိုဖိုးကျော်၊ ဒေါ်ခင်စုရည် (ခ) မခင်လေးတို့၏ညီ/မောင်၊ မငြိမ်းဆုသွယ်(ခ) ဖွေးဖွေး(တတိယနှစ်-စီးပွားရေးတက္ကသိုလ်)၊ မောင်မြတ်ဗိုလ်ဦး(ခ) ဖိုးလပြည့်(ISM)တို့၏ဖခင်၊ ဒေါ်ဝင့်ဝင့်နွယ်(ခ) မနွယ်လေး (ဖွေးဖွေးဆောက်လုပ်ရေး)၏ ချစ်လှစွာသော ခင်ပွန်း ဦးအောင်မြတ်စိုး (ခ) ကိုဖိုးအော်သည် ၁၀-၉-၂၀၂၀ ရက် နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ ရတနာ့ဗိမာန်ဓမ္မာရုံ၌ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသောင်းအေး

### အသက် (၈၉) နှစ်

ဆေးတက္ကသိုလ်(တောင်ကြီး)၊ ခန္ဓာဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခ Drဇော်ဇော်လတ်-ဒေါ်ဖြူဖြူတို့၏ ဖခင် ဦးသောင်းအေးသည် ၈-၉-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာသီတာသန်းနှင့် ဆရာမများ**
**ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(မကွေး)**

---

## ဝမ်းနည်းကြေကွဲခြင်း

## မသန္တာထွန်း (Ting Ting)

International Travel Asia Travel & Tours

### အသက် (၃၁) နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ (၂)ရပ်ကွက်၊ စိတ္တသုခလမ်း၊ နမ(၉)ကျေးရွာအုပ်စု၊ အမှတ်(၃၇၀/၈)နေ (ဦးခင်မောင်မြင့်)-ဒေါ်ခင်သိန်းတို့၏ သမီး၊ ကိုကျော်ဇေလတ်၊ မနီနီထွန်းတို့၏ညီမ၊ ကိုအောင်ကျော်ကျော်၏အစ်မ မသန္တာထွန်း(International Travel Asia Travel & Tours)သည် ၁၁-၉-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Asia World Group of Companies**

# ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၅၇ ဦး တွေ့ရှိရပြီး စုစုပေါင်း ရောဂါပိုးရှိသူ ၂၄၂၂ ဦးရှိပြီ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၁-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၀၂၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၁၈)ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၆၄)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၅၅)ခုနှင့်
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၇၁၈)ခု
- စုစုပေါင်း (၂၄၇၅)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅၇)ဦး တွေ့ရှိရပါသည်။

၂။ (၁၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၄၂၂) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case)များအနက် စုစုပေါင်း (၆၂၅) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၄)ဦး ရှိပါသည်။

၅။ (၁၀-၉-၂၀၂၀)ရက်နေ့၊ နေ့လယ်(၁၂:၀၀)နာရီမှ (၁၁-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၈၆)ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှု အခြေအနေထုတ်ပြန်ချက်
(၁၁-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၂၀) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁၈) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၄) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၅) ခု |
| (၁၁-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၁၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၅၇) ဦး |

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✻

# ကျောက်ဖြူခရိုင်ဆေးရုံကြီးမှ ရောဂါပျောက်ကင်းသူ ၃၂ ဦး ဆေးရုံဆင်းခွင့်ရရှိ

**ကျောက်ဖြူ စက်တင်ဘာ ၁၁**
ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ကုသနေပြီး ရောဂါသက်သာပျောက်ကင်းသူ ၃၂ ဦးအား ယနေ့နံနက်ပိုင်းက ဆေးရုံမှဆင်းခွင့်ပေးခဲ့ကြောင်း သိရသည်။

"စက်တင်ဘာ ၈ ရက်မှ ယနေ့အထိ ဆေးရုံဆင်းခွင့်ရသူ ၃၇ ဦးအထိ ရှိပြီဖြစ်ပါတယ်။ သူတို့ဟာ ပိုးမတွေ့နှစ်ကြိမ်ထွက်ထားသူတွေ ဖြစ်ပါတယ်။ သူတို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်များအတိုင်း မိမိနေအိမ်မှာ အသွားအလာ ကန့်သတ်နေထိုင်ရမှာ ဖြစ်တယ်။ နေအိမ်မှာ နေထိုင်စဉ် နှာခေါင်းစည်းကို အမြဲဝတ်ဆင်ထားရပါမယ်။ ကန့်သတ်ရက်ပြည့်ရင် ဆေးရုံကို နောက်တစ်ကြိမ်လာရောက် ဆေးစစ်မှုခံယူရပါမယ်" ဟု ခရိုင်ဆရာဝန်ကြီး ဒေါက်တာရဲလွင်မောင်က ပြောသည်။



အဆိုပါ ဆေးရုံမှဆင်းသူများအား သမားတော်နှင့် သူနာပြုဆရာမများက ဆေးရုံဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့ကာ ၎င်းတို့အား မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက နေအိမ်သို့ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဖြူမြို့တွင် ယနေ့အထိ ပိုးတွေ့လူနာ ၉၄ ဦးရှိရာ ဆေးရုံမှဆင်းခွင့်ရရှိသူ ၃၇ ဦး၊ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသူ ၅၇ ဦးရှိပြီး ရမ်းဗြဲမြို့နယ်တွင် ပိုးတွေ့လူနာ တစ်ဦးနှင့် အမ်းမြို့နယ်တွင် ပိုးတွေ့လူနာ သုံးဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

# MNL ပွဲစဉ် (၁၅) ပထမနေ့ ဟံသာဝတီအသင်း၊ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ နိုင်ပွဲများရရှိ

ရန်ကုန် စက်တင်ဘာ ၁၁

**၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ပထမနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဇယားထိပ်ဆုံးမှ ဟံသာဝတီအသင်း နိုင်ပွဲပြန်ရပြီး ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း အမှတ်ပြည့်ရယူနိုင်ခဲ့သည်။**



ဟံသာဝတီအသင်း တိုက်စစ်မှူး အီမီကာ စစ်ကိုင်းအသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းစဉ်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက စစ်ကိုင်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲအစ ၈ မိနစ်တွင် ဟိန်းထက်အောင်၏ ဖြတ်တင်ဘောကို မျိုးဇော်ဦးက ခေါင်းတိုက်ပြီး အဖွင့်ဂိုးသွင်းယူခဲ့သောကြောင့် ဟံသာဝတီအသင်း ပွဲကိုစိတ်ကြိုက်ကစားနိုင်ခဲ့သည်။ ဟံသာဝတီအသင်းက အချိန်အများစု ဖိကစားနိုင်ခဲ့ပြီး ၃၂ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒိုနယ်နှင့် ၃၄ မိနစ်တွင် အီမီကာတို့က နှစ်ဂိုးဆက် သွင်းယူခဲ့သည်။

**အနိုင်ဂိုးသွင်းယူ**

ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ပွဲကို ထိန်းကစားခဲ့ပြီး စတုတ္ထအနိုင်ဂိုးကို ၆၁ မိနစ်တွင် မျိုးဇော်ဦးက သွင်းယူခဲ့သည်။ စစ်ကိုင်းအသင်းသည် ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ရရှိသည့် အခွင့်အရေးအချို့ကို အသုံးမချနိုင်၍ ချေပဂိုးပင် မရဘဲ အရေးနိမ့်ခဲ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ○

## ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

**ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ** နှင့် **ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ တို့တွင် ဖော်ပြထားပါသည်။

## ညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ နှင့် ဝံသာနုဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၁

**ညီညွတ်သော ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ** နှင့် **ဝံသာနုဒီမိုကရက်တစ်ပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၂ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၃ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar** သတင်းစာ တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များအား လိုက်နာခြင်းမရှိသော ညမထွက်ရအချိန် ကျော်လွန်သွားလာနေမှုများ၊ ကေတီဗွီ၊ ဘား၊ တရားမဝင် အနှိပ်ခန်းများကို ဆက်လက်ဖော်ထုတ်အရေးယူ**

စာမျက်နှာ » ၁၄